ပုဗ္ဗေစ ကတပုညတာ စေတံ မင်္ဂလ မုတ္တမံ၊ ရှေးကောင်းမှုကံရှိခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်၊ ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီ ၁၁ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၀၃)

တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မော်ကွန်းကမ္ပည်းကျောက်စာ စက်ခလုတ်နှိပ်ဖွင့်လှစ်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်တိုင်း ခရမ်းမြို့နယ် ကွမ်းမိုးဒိန်းစံပြကျေးရွာရှိ ဇီဝပါလဆေးခန်းမော်ကွန်းကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ကကျေးလက်နေပြည်သူများ ပညာရေး၊ ကျန်းမာရေး တိုးတက်မြင့်မားရန် စီမံပေးနေ ရန်ကုန်မြို့တော်ပတ်လည်မိုင်၃၀အမြဲတမ်းစိမ်းလန်းရန်ရေရရှိရေးနည်းမျိုးစုံဖြင့်ဆောင်ရွက် မြို့နယ်များဖွံ့ဖြိုးတိုးတက်မှပြည်နယ်နှင့်တိုင်းများဖွံ့ဖြိုးပြီးနိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လာမည်

ရန်ကုန် ဇန်နဝါရီ ၁၀

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယတိုင်းမှူး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ရန်ကုန်မြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာကြရာ နံနက် ၈ နာရီခွဲတွင် ရန်ကုန်တိုင်း ခရမ်းမြို့နယ် ကွမ်းမိုးဒိန်း စံပြကျေးရွာသို့ ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွမြို့နယ်များမှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများက ကြိုဆိုကြသည်။

ရန်ကုန်တိုင်း ခရမ်းမြို့နယ် ကွမ်းမိုးဒိန်း စံပြကျေးရွာ ဇီဝပါလဆေးခန်း၊ ဓမ္မပါလစာကြည့်တိုက်ဖွင့်ပွဲနှင့် သက်ဆိုင်ရာဌာနများသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာနေရာအသီးသီး၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်သည်။

စာမျက်နှာ ၇ ကော်လံ ၃ ▼

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

(၅၉)နှစ်မြောက်တပ်မတော်နေ့(ကြည်း၊ရေ၊လေ)စစ်တီးဝိုင်းပြိုင်ပွဲဖွင့်ပွဲကျင်းပ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းအမှာစကားပြောကြား

ရန်ကုန် ဇန်နဝါရီ ၁၀

၂၀၀၄ ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် (၁၃)ကြိမ်မြောက် တပ်မတော် (ကြည်း၊ရေ၊လေ)စစ်တီးဝိုင်းပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်၌ ကျင်းပရာ (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းတက်ရောက်၍ အမှာစကားပြောကြားသည်။

စာမျက်နှာ ၁၃ ကော်လံ ၁ ❐

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်)

မြန်မာစာပေယဉ်ကျေးမှုများ နိုင်ငံတကာသို့ထိုးဖောက်နိုင်ရေးဆောင်ရွက် စာပေမျိုးဆက်သစ်များ စဉ်ဆက်မပြတ် ပွားများထွန်းကားရေးကြိုးပမ်း

စာပေအနုပညာသည် စာဖတ်ပရိသတ်တို့ကို အသိပညာ၊ အတတ်ပညာနှင့် ဗဟုသုတတိုးပွားရရှိစေသည်။ ထို့အပြင် အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းနိုင်ပြီး စာဖတ်သူတို့အတွက် အတွေးအခေါ်၊ အယူအဆ၊ အမူအရာ၊ အပြောအဆိုများကို အကျိုးပြုနိုင်သည်။ ထို့ကြောင့် အနာဂတ်တွင် စာပေတာဝန်ယူကြမည့် မျိုးဆက်သစ်များ စဉ်ဆက်မပြတ် ပွားများထွန်းကားလာစေရန် ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်သည်။

မြန်မာနိုင်ငံ စာပေထုတ်ဝေရေးလုပ်ငန်းတွင် ကမ္ဘာနှင့်ယှဉ်၍ ထုံးမီစံမှီ ရှင်သန်ထွန်းကားရေးအတွက် နိုင်ငံတကာတွင် လက်ရှိကျင့်သုံးနေသော ဉာဏအားနှင့်ဖန်တီးသည့် စာပေလက်ရာများမူပိုင်ခွင့်ကို တလေးတစား အသိအမှတ်ပြုပြီး လိုက်နာကျင့်သုံးကြရန် အထူးပင်လိုအပ်ပေသည်။

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စာပေထုတ်ဝေရေးနှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီလ၉ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် စာပေဗိမာန်အဆောက်အအုံရှိ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အဖွင့်အမှာစကားပြောကြားရာတွင် –

"မြန်မာစာပေသည် အတွေးအခေါ်နှင့် အဖွဲ့အနွဲ့များမှာပါ အဆင့်အတန်းရှိကြောင်းကို ပြည်ပအထိ ထိုးဖောက်ပျံ့နှံ့သိရှိအောင် စာပေလောကသားများက ဝိုင်းဝန်းကြိုးပမ်းကြရန်လိုအပ်ကြောင်း၊ ရေးသားထုတ်ဝေသည့် စာကောင်းပေမွန်များကို နိုင်ငံတကာသုံး ဘာသာစကားများနှင့်ပါ ဘာသာပြန်ဆိုထုတ်ဝေနိုင်ရေး ကြိုးပမ်းကြစေလိုကြောင်း"

ပြောကြားသွားသည်။

စာပေဖွံ့ဖြိုးရေးအတွက် စာတမ်းဖတ်ပွဲများနှင့် စာပေနှီးနှောဖလှယ်ပွဲများကို ၁၉၆၅ ခုနှစ်ကစပြီး ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပခဲ့ရာ ၂၅ကြိမ်တိုင်ပြီ ဖြစ်သည်။ ယင်းနှီးနှောဖလှယ်ပွဲသည် ပြုစုသူ၊ ပြင်ဆင်သူ၊ ပုံနှိပ်သူနှင့် ထုတ်ဝေသူအားလုံး စုစည်းညီညွတ်စွာ အတွေးအမြင်ဖော်ထုတ်သည့် စာပေဖွံ့ဖြိုးရေး နှီးနှောဖလှယ်ပွဲကြီးဖြစ်သည်။

မြန်မာစာပေသမိုင်းတစ်လျှောက်တွင် စာပေပညာရှင်များ၊ ထုတ်ဝေသူများ၏ အားထုတ်ကြိုးပမ်းမှုကြောင့် အရည်အသွေးရှိသည့်၊ ပြည်သူကိုအလင်းရောင်ပေးသည့် စာအုပ်များထွက်ပေါ်ခဲ့ပြီး အမျိုးသားရေးလက္ခဏာ ခံညားထည်ဝါစွာဖြင့် ရပ်တည်နိုင်ခဲ့သည်။ မြန်မာစာပေတွင် ဂုဏ်ယူဝင့်ကြွားရသည့် စာပေလက်ရာများ သမိုင်းအစဉ်အဆက်က ကြွယ်ဝစွာတည်ဆောက်ခဲ့ပြီးဖြစ်၍ မြန်မာစာပေသမိုင်းကြောင်းကို အစဉ်အလာမပျက် ဆက်လက်ထွန်းပြောင်စေရန်အတွက် ခေတ်မီပုံနှိပ်နည်းပညာများကို အသုံးပြုဆောင်ရွက်သွားကြရန် လိုအပ်သည်။

ပုံနှိပ်သူ၊ သရုပ်ဖော်သူ၊ ဒီဇိုင်းထုတ်လုပ်သူများကလည်း ခေတ်မီနည်းပညာများသုံးပြီး ပူးပေါင်းဆောင်ရွက်ပါက အဆင့်အတန်းမီ၊ အရည်အသွေးကောင်း၊ လက်ရာမြောက်စာကောင်းပေမွန်များ ပေါ်ထွက်လာမည်ဖြစ်သည်။ မြန်မာစာပေထုတ်ဝေရေးလောက စနစ်တကျပိုမိုဖွံ့ဖြိုးရန် အာရှဒေသနှင့် နိုင်ငံတကာတွင် ပြုလုပ်သည့် နှီးနှောဖလှယ်ပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ စာအုပ်ဈေးပွဲတော်များသို့ တက်ရောက်၍ အကြံသစ်ဉာဏ်သစ်များ၊ လုပ်ငန်းမိတ်သစ်များရယူကာ စာပေလုပ်ငန်းနယ်ပယ်ကို ခေတ်မီအောင် ချဲ့ထွင်သွားကြရမည် ဖြစ်သည်။

စာပေထုတ်ဝေရေးတွင် စာရေးသူတို့က အသိပညာနှင့် စေတနာထည့်သွင်းနိုင်မှု၊ တည်းဖြတ်သူတို့၏ စာပေအရာတွင် ကျွမ်းကျင်ပိုင်နိုင်မှု၊ သရုပ်ဖော်သူ ပညာရှင်တို့၏ လက်ရာပြောင်မြောက်မှု၊ ပုံနှိပ်ကျွမ်းကျင်သူတို့က စက်ပစ္စည်းနှင့် နည်းပညာပေါင်းစပ်လျက် စာအုပ်အပြင်အဆင် သပ်ရပ်လှပစွာ ပုံနှိပ်ချုပ်လုပ်ပေးမှု၊ ထုတ်ဝေသူတို့က အရင်းအနှီးနှင့် စိတ်ကူးစေတနာပေါင်းစပ်ကာ ကြီးကြပ်စီစဉ်ထုတ်ဝေမှု၊ ရောင်းချသူတို့၏ အကျိုးအမြတ်မျှတစွာ ထောက်ချင့်၍ ကွန်ရက်ဖြန့်ကြက် ထိရောက်စွာဖြန့်ဝေနိုင်မှုနှင့် စာကြည့်တိုက်မှူးတို့၏ ပညာဘဏ်တိုက် တံခါးသော့ချက်ကို ပိုင်နိုင်စွာထိန်းသိမ်းနိုင်မှုတို့ကို တက်ညီလက်ညီ ဖြစ်စေရန် လိုအပ်ပေသည်။

သို့ဖြစ်ရာ စာပေလောကသားများအနေဖြင့် မြန်မာစာပေယဉ်ကျေးမှုများ နိုင်ငံတကာသို့တိုင် ထိုးဖောက်ဝင်ရောက်ကာ ဆက်လက်ဖွံ့ဖြိုးရှင်သန်နိုင်ရေး ဆောင်ရွက်ရင်း စာပေမျိုးဆက်သစ်များ စဉ်ဆက်မပြတ် ပွားများထွန်းကားရေး အစဉ်တစိုက်ကြိုးပမ်းစွမ်းဆောင်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူကျင့်သုံးလိုက်နာသွားမည်။

(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မမှိတ်မသုန် အကောင်အထည်ဖော်သွားမည်။

(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။

(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။

(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။

(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

၂၀၀၄ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဝတ္ထုရှည်၊ ဝတ္ထုတိုနှင့် ဆောင်းပါးပြိုင်ပွဲများ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၀

၂၀၀၄ခုနှစ် မတ်လ ၂၇ ရက်တွင် ကျရောက်မည့် (၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီက ဝတ္ထုရှည်၊ ဝတ္ထုတိုနှင့် ဆောင်းပါးပြိုင်ပွဲများကို ကျင်းပပေးမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားပြီးဖြစ်သည်။

ဝတ္ထုရှည်နှင့်ဝတ္ထုတို ပြိုင်ပွဲဝင်သူများသည် တပ်မတော်၏ အစဉ်အလာ(၁၂)ရပ်နှင့် ဘောင်ဝင်အောင် ရသမြောက်စွာ ရေးဖွဲ့၍ ဝင်ရောက်ယှဉ်ပြိုင်ကြရမည်ဖြစ်ပြီး ခေါင်းစဉ် သတ်မှတ်ပေးထားခြင်းမရှိဘဲ မိမိနှစ်သက်ရာခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲဝင် ဝတ္ထုရှည်ကို စာလုံးရေ ၅၀၀၀၀ မှ ၇၀၀၀၀ အတွင်း ရေးသားကြရမည်။ ပြိုင်ပွဲဝင် ဝတ္ထုတိုကို စာလုံးရေ ၄၀၀၀မှ ၁၀၀၀၀အတွင်း ရေးသားကြရမည်။

ပြိုင်ပွဲဝင် ဆောင်းပါးကို စာလုံးရေ ၃၀၀၀ မှ ၅၀၀၀ အတွင်းရေးသားရမည်ဖြစ်ပြီး ဆောင်းပါးအတွက် သတ်မှတ်ပေးထားသော ခေါင်းစဉ်မှာ "နိုင်ငံအကျိုးကို သက်စွန့်ကြိုးပမ်း သယ်ပိုးနေသော တပ်မတော်"ဟူ၍ ဖြစ်သည်။

ထိုက်ထိုက်တန်တန် ဆုချီးမြှင့်မည်

ပြိုင်ပွဲဝင်သူများသည် စာမူနှစ်စောင်နှင့်အတူ မိမိကိုယ်တိုင်ရေးသားထားသော စာမူဖြစ်ကြောင်း၊ အခြားပြိုင်ပွဲများတွင် ဆုရရှိထားသည့် စာမူ၊ ပုံနှိပ်ဖော်ပြဖူးသည့် စာမူမဟုတ်ကြောင်း ကတိဝန်ခံချက်၊ စာရေးသူ၏ ကိုယ်ရေး အတ္ထုပ္ပတ္တိအကျဉ်းချုပ်နှင့် ရောင်စုံဓာတ်ပုံပတ်စ်ပို့အရွယ်(၂လက်မခွဲ X ၂လက်မ) ဓာတ်ပုံနှစ်ပုံတို့ကိုပူးတွဲပေးပို့ရမည်ဖြစ်သည်။ ဝတ္ထုရှည်၊ ဝတ္ထုတိုနှင့် ဆောင်းပါးပြိုင်ပွဲများသို့ စာပေဝါသနာရှင်တိုင်း ကဏ္ဍတစ်မျိုးတွင် တစ်ပုဒ်ကျစီ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။ ပြိုင်ပွဲအားလုံးတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် အထူးဆုများကို ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။

ရက်တိုးမြှင့် သတ်မှတ်

ပြိုင်ပွဲဝင်စာမူများကို ဇန်နဝါရီ ၁၅ရက် နောက်ဆုံးထား၍ ဦးကိုကိုထွေး အတွင်းရေးမှူး၊ တပ်မတော်နေ့စာပေနှင့်ဓာတ်ပုံပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ပြည်လမ်း၊ ရန်ကုန်မြို့ သို့ ပေးပို့ကြရန် ဖြစ်သော်လည်း ပြိုင်ပွဲဝင်များ ပိုမိုအချိန်ရရှိစေရန်အတွက် နောက်ဆုံးထားပေးပို့ရမည့်ရက်ကို ဇန်နဝါရီ ၃၁ ရက်အထိ ရက်တိုးမြှင့်သတ်မှတ်လိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မင်္ဂလာဒုံမြို့နယ် အထက (၂) (အောင်ဆန်းသူရိယလှသောင်းကျောင်း)၏ ၁၉၇၂မှ၂၀၀၃ ခုနှစ်အထိ ကျောင်းသား ကျောင်းသူများ၏ တတိယအကြိမ် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲအခမ်းအနားကို ဇန်နဝါရီ၄ရက်က ကျင်းပရာ ကျောင်းသား ကျောင်းသူဟောင်းများက (အောင်ဆန်းသူရိယလှသောင်းကျောင်းဘက်စုံဖွံ့ဖြိုးတိုးတက်မှုအတွက်) လှူဒါန်းငွေကျပ် ၃၀၀၀၀ကို ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးစိုးမြင့်အောင်နှင့် ဗိုလ်မှူးမျိုးဝင်းရှိန်တို့က ကျောင်းအုပ်ချုပ်မှုတာဝန်ခံ ဗိုလ်မှူးစောသိန်းထံ ပေးအပ်စဉ်။ (၃၆၃)

ဇန်နဝါရီလထုတ် အနုပညာကြေးမုံမဂ္ဂဇင်းဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၁၀

၂၀၀၂ခုနှစ် အကယ်ဒမီ မြင်ကွင်းအား ဓာတ်ပုံများဖြင့် ဝေဝေဆာဆာ ဖော်ပြထားသည့်အပြင် ဇေယျာတု၏ ကွန်ပျူတာဂိမ်းများ၊G.S.Mဖုန်းများ၊ နောက်ဆုံးပေါ် ကားများအကြောင်းနှင့် ကိုရီးယားမင်းသား၊ မင်းသမီးတို့၏အကြောင်းများကိုပါ ထည့်သွင်းဖော်ပြထားသည့် ဇန်နဝါရီလထုတ် အနုပညာကြေးမုံ (The Art Mirror) မဂ္ဂဇင်းကို အမှတ်၈၈/၉၀ အနော်ရထာလမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့က ဖြန့်ချိကြောင်း သိရသည်။

(အပေါ်ဝဲပုံ) (က-ပ)

နှစ်ကျိပ်ရှစ်ဆူကျောင်း ကျောင်းသစ်ဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၁၀

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် နှစ်ကျိပ်ရှစ်ဆူသုံးထပ်တိုက်သစ်စာချကျောင်းသစ်ဖွင့်ပွဲမင်္ဂလာနှင့် နာယက ဆရာတော် ဘဒ္ဒန္တ ဣန္ဒာစရိယ (အဂ္ဂမဟာ ပဏ္ဍိတ) (အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ)၏ သက်တော်(၆၄)နှစ်ပြည့် (၆၅)နှစ်ရောက် ဝိဇာတမွေးနေ့မင်္ဂလာကို ဇန်နဝါရီ ၁၈ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကျင်းပမည် ဖြစ်ရာ အကြောင်းကြားစာမရသေးသည့်အလှူရှင်များသည် နှစ်ကျိပ်ရှစ်ဆူကျောင်းသို့ ကြွရောက်ကြပါရန် နှိုးဆော်ထားကြောင်း သိရသည်။

(က-ပ)

လွတ်လပ်ရေးနေ့နံနက်ခင်း သာသနာအလင်းကမ္ဘာချင်း

ရတနာစည်ဆရာတော်
(လှိုင်လင်)

(က)

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့။

အသက်သွေးချွေး ရဲရဲပေးနိုင်ခြင်းကြောင့်သာပြန်လည်ဆုပ်ကိုင် ပိုင်ဆိုင်ရရှိလာသည့် နိုင်ငံတော် အချုပ်အခြာအာဏာအောင်ပွဲ။ အောင်ပွဲ၏ ပထမနှစ် ရက်စွဲမှာ ၄–၁–၁၉၄၈ (ကောဇာ ၁၃၀၉ခုနှစ် ပြာသိုလပြည့်ကျော် ၉ရက်) တနင်္ဂနွေနေ့ဖြစ်ကာ ယင်းရက်စွဲက သမိုင်းစကားနှစ်ခွန်းကို ပြောနေလေ၏။

ပထမတစ်ခွန်း–မြန်မာနိုင်ငံသည် တစ်ချိန်တုန်းက ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းနှင့် ခမ်းခမ်းနားနား မြင့်မားသောနိုင်ငံ ဖြစ်ခဲ့ခြင်း။

နောက်ထပ်တစ်ခွန်း– တစ်ချိန်၌ ထီးကျိုးစည်ပေါက် သူ့လက်အောက် သပေါက်ဘဝရောက်ခဲ့ခြင်း။

ထိုစကားနှစ်ခွန်းအနက် ဒုတိယစကားရပ်ကို ထင်ဟပ်သော နယ်ချဲ့ခေတ်ကာလဝိပတ္တိဖြစ်စဉ်များနှင့် စပ်လျဉ်း၍ ဆီးဘန်းနီဆရာတော်ဘုရားကြီးက ညည်းတွားကာရန် ချန်ထားခဲ့ပုံမှာ ဤသို့ဖြစ်၏။

(က) ထီးသုဉ်းနန်းသုဉ်း၊ မြို့သုဉ်းသုည၊ သုဉ်းသုံးဝဖြင့် သုဉ်းရပြန်လစ်၊ သုညခေတ်ဝယ်၊ ဖြစ်လာရပေ၊ တို့တစ်တွေသည်၊ သေသော်မှတည့် သြော်… ကောင်း၏။

(ခ) လောကခံအဌ၊ သဘာဝကြောင့်၊ ဂေါတမဘုန်းခေါင်၊ သာသနာရောင်လည်း၊ မပြောင်မရွှန်း၊ အမှောင်စွန်းခဲ့။

(ခ)

သာသနာရောင် မပြောင်မရွှန်း အမှောင်စွန်းသဖြင့် မထွန်းမတင့် ဖြစ်ခဲ့ရပုံ ပြယုဂ်တစ်ခုမှာ မြန်မာဘုရင်များခေတ် ကောဇာ ၁၀၀၀ပြည့်နှစ် သာလွန်မင်းတရားလက်ထက်မှ စတင်ကျင်းပခဲ့သော ပရိယတ္တိသာသနာ အကျိုးပြု ပထမပြန်စာမေးပွဲကြီး လုံးဝရပ်ဆိုင်းသွားခြင်းဖြစ်၏။ ထိုမှ ပြယုဂ်ပေါင်းများစွာ ထွက်ပေါ်လာသည်တို့တွင် သာသနာအကျိုးကို ထူးခြားစွာ ဆောင်ရွက်တော်မူသော ဆရာတော်များအား မြန်မာဘုရင်များက ဆက်ကပ်လှူဒါန်းသော ဘွဲ့တံဆိပ်တော်အစဉ်အလာများ လုံးဝနီးပါး သုဉ်းသွားခြင်း၊ သာသနာပိုင် ဒုတိယသာသနာပိုင်၊ ဂိုဏ်းအုပ် ဂိုဏ်းချုပ်၊ ဂိုဏ်းထောက်စသော အရာအထူးတို့ဖြင့် ဓမ္မစက်၊ အာဏာစက် စက်နှစ်စက်ဖြင့် စနစ်တကျကွပ်ကဲခဲ့သော သာသနာရေးအုပ်ချုပ်မှုများ ပျက်ပြားသုဉ်းသွားခြင်း စသည်ဖြစ်၏။

သာသနာနေဝန်း မွန်းတည့်ချိန်တွင် နေဝင်ခဲ့ရသော နယ်ချဲ့ခေတ် မိစ္ဆာမှောင်လွှမ်း ကာလများဖြစ်ခဲ့ရပါသည်။

(ဂ)

မြတ်ဗုဒ္ဓ ကိုယ်တော်တိုင်က သာသနာတော်ထွန်းကားရေးအတွက် ထူးထူးခြားခြားဆောင်ရွက်နိုင်ကြသည့် တပည့်သာဝကလေးမျိုး (အမျိုးသားရဟန်း၊ အမျိုးသမီးရဟန်း၊ အမျိုးသား ဒါယကာ၊ အမျိုးသမီး ဒါယိကာမ)တို့အား ထိုက်ထိုက်တန်တန် ချီးမြှောက်သောအနေဖြင့် ဘွဲ့ထူးဂုဏ်ထူးတို့ကို ချီးမြှင့်ခဲ့ပုံ အင်္ဂုတ္တရပါဠိတော်၌ မှတ်တမ်းအထင်အရှား ရှိခဲ့၏။ နောင်အခါ နှောင်းကာလများတွင် သာသနာပြုမင်းကောင်းမင်းမြတ်များက ထိုမှတ်တမ်းကို မြစ်ဖျားခံကာ အခြေအနေ၊ အချိန်အခါအလျောက်ဘွဲ့တံဆိပ် ချီးမြှောက်ခြင်း ရေစီးအဟုန် မြှင့်တင်ခဲ့ကြသည်မှာ ဤသို့ဖြစ်ပါ၏။

သီဟိုဠ်သာသနာဝင်

၁။ သံဃရာဇာဘွဲ့တံဆိပ်တော်
၂။ သံဃဂုရုဘွဲ့တံဆိပ်တော်
၃။ ကဝိစက္ကဝတ္တိဘွဲ့တံဆိပ်တော်

မြန်မာသာသနာဝင်

၁။ မဟာဓမ္မရာဇာဓိရာဇဂုရု
၂။ မဟာဓမ္မရာဇဂုရု
၃။ ဓမ္မသေနာပတိ
၄။ အဂ္ဂမဟာပဏ္ဍိတ
၅။ အဂ္ဂပဏ္ဍိတ
၆။ ဒိသာပါမောက္ခ
၇။ သိရိမဟာစတုရင်္ဂဗလ
၈။ သုဓမ္မမဟာသာမိ
၉။ အဂ္ဂဓမ္မာလင်္ကာရ
၁၀။ ရာဇဂုရု
၁၁။ သိရိသဒ္ဓမ္မ
၁၂။ ကဝိဓဇ

နယ်ချဲ့ခေတ်နှစ်တစ်ရာ

သာသနာ့ဦးသျှောင် ဆရာတော်ကြီးများ၊ သာသနာ့အကျိုး စွမ်းစွမ်းတမံ ရွက်ဆောင်ကြသော ရဟန်းတော်များအား သာသနာ့ဒါယကာ မြန်မာဘုရင်မင်းမြတ်များက ဒသမကျော်ကျော်ဘွဲ့တံဆိပ်တော်တို့ကို ဆက်ကပ်လှူဒါန်းကာ ချီးမြှောက်ခဲ့သည့်အစဉ်အလာကို နယ်ချဲ့အုပ်ချုပ်သူများက ပြောင်ပြောင်တင်းတင်း ရိုက်ချိုးလိုက်ပြီးသော် နယ်ချဲ့ခေတ်နှစ်တစ်ရာအတွင်း တစ်ခုတည်းသောဘွဲ့တံဆိပ်တော်ကိုသာ ကျိန်တွယ်ပြောလွတ်ရုံ ချီးမြှင့်ခဲ့ကြောင်း လေ့လာတွေ့ရှိရ၏။

တစ်ခုတည်းသော ဘွဲ့တံဆိပ်တော်ဖြစ်သည့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ၁၉၁၂ခုနှစ် (ကောဇာ ၁၂၇၃ခုနှစ်)တွင် လယ်တီဆရာတော် ဘုရားကြီးအားလည်းကောင်း၊ ၁၉၁၇ခုနှစ်(ကောဇာ၁၂၇၈ခုနှစ်)တွင် မာန်လည်ဆရာတော်ဘုရားကြီးအားလည်းကောင်းဆက်ကပ်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

လွတ်လပ်ရေးခေတ်

ထိုမှ လွတ်လပ်ရေးရရှိပြီး သည်မှာဘက်ကာလများဝယ် အစိုးရအဆက်ဆက်တို့က သာသနာ့ဦးသျှောင်ဆရာတော်ကြီးများအား ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခဲ့ကြရာတွင် နယ်ချဲ့ခေတ်အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်၏ အထက်၌ အဘိဓဇမဟာရဋ္ဌဂုရု ဟူသော ဘွဲ့တံဆိပ်တော်တစ်ခုတိုးကာ နှစ်မျိုးသော ဘွဲ့တံဆိပ်တော်တို့ကိုသာ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

အမှန်အားဖြင့် လွတ်လပ်ခေတ်တစ်လျှောက် ထိုထိုအစိုးရအဆက်ဆက်တို့သည် အစဉ်အလာမပျက်ရုံတစ်မည်မျှ သဘောထားကာ သာသနာတော်ကို စောင့်ရှောက်ခဲ့ကြသည်ဟူ၍ နှောင်းသုတေသီများက ပြောနေကြပါပြီ။ ထိုထိုအစိုးရများလက်ထက်က ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခံခဲ့ရသော ဆရာတော်ကြီးများမှာ ယေဘုယျအားဖြင့် သက်တော်ရွယ်တော်အိုမင်းမစွမ်းရှိတော်မူချိန် ရောက်နေသောကြောင့် ဆက်လက်၍ သာသနာအကျိုးကို အားကြိုးမာန်တက် ဆောင်ရွက်နိုင်ခြင်းမရှိကြတော့ဘဲ ပျံလွန်တော်မူသောအခါရောက်မှသာ ထိုဘွဲ့တံဆိပ်တော်ကို အခေါင်းတော်အနီး ချထားရုံမျှ ဖြစ်ခဲ့သည်မှာ အမှန်မှအမှန် ဖြစ်ခဲ့ရပါသည်။ နားဆင်ကြည့်ပါ။ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးတစ်ပါးမိန့်ကြားပုံ။ "အင်း… အဂ္ဂရပြီးရင်တော့ အဂ္ဂိစျာပနရဖို့ပဲ ကျန်တော့တယ်" ဟူလို။ မှန်လေစွ၊ သက်တော် ၇၀ကျော် ၈၀နားရောက်မှ ထိုအဂ္ဂဘွဲ့(အဂ္ဂမဟာပဏ္ဍိတဘွဲ့)ရရှိခြင်းဖြစ်ရာ ထိုအဂ္ဂဘွဲ့၏ အခြားမဲ့၌ အဂ္ဂိစျာပနဘွဲ့ အလိုလိုရရှိရုံမှတစ်ပါး အခြားမရှိတော့ပြီ မဟုတ်ပါလော။

ထူးထူးခြားခြား ရှားရှားပါးပါး သက်တော်ငယ်ရွယ်စဉ်၌ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် အလှူခံရရှိတော်မူသည့် ဆရာတော်တစ်ပါးမှာ အမရပူရ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ (ထိုစဉ် သက်တော်၅၂နှစ်) ဖြစ်ပါသည်။ ၁၉၅၁ ခုနှစ် (ကောဇာ ၁၃၁၂ ခုနှစ်)၌ ရရှိတော်မူခြင်း ဖြစ်ပါသည်။

ထိုဆရာတော်နှင့် ပတ်သက်၍ ပြောသင့်သည်မှာ ထိုဆရာတော်သည် အမျိုးဘာသာ သာသနာအမြင် အလွန်ကြည်လင်တော်မူသဖြင့် သာသနာကိုရော တိုင်းပြည်မြို့ရွာကိုပါ အရာရာအဘက်ဘက် ဘက်စုံပြုပြင်တည်ဆောက်လိုသော စေတနာဓာတ်ထက်သန်ရကား လွတ်လပ်ရေးရတော့မည် ဆိုကတည်းက "ပြည်ထောင်စုကို အသက်ပေးလို့ ဒို့ကာကွယ်မလေ… ဆိုပါကလားဟရို့။ ဘာနဲ့ကာကွယ်ကြမှာတုံး။ ကြည်းတပ်၊ ရေတပ်၊ လေတပ်တွေနဲ့ ကာကွယ်ကြရမှာ မဟုတ်လား" စသည် နိုင်ငံတော်၌ တပ်မတော်နှင့် သာသနာတော် တော်နှစ်တော် အားနှစ်အားဖွံ့ထွား ရှင်သန်ဖို့လိုအပ်ပုံ ထင်ထင်ထင်းထင်း ရှင်းလင်းစွာမြင်တော်မူသည်နှင့်အညီ တိုင်းပြည်တိုးတက်ဖို့၊ သာသနာထွန်းကားဖို့ တစိုက်မတ်မတ် အဆက်မပြတ်ကြိုးပမ်းတော်မူလျက်ရှိခြင်းကြောင့် နိုင်ငံတော်အစိုးရက အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ဖြင့် ထပ်ဆင့်ပူဇော်သင့်ပါလျက် ထိုအဆင့်သို့ မရောက်ခဲ့သော ဟာကွက်ပင်ဖြစ်ပါသည်။

(ဃ)

ယနေ့ တပ်မတော်အစိုးရ တက်ရောက်လာပြီးသောအခါတွင်မူကား သာသနာရေးရာအဝဝ၌ စနစ်တကျဘက်စုံထောင့်စုံ ဖြည့်ဆည်းလျက်ရှိသည့် အတိုင်း ၂၄–၁၀–၁၉၉၁ရက်စွဲဖြင့် ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ အမှတ် (၄၂/၉၁) နှင့်အညီ ဘွဲ့တံဆိပ်တော်အမျိုးအစား၂၀ တိတိ အသစ်တီထွင်ပြဋ္ဌာန်းကာ သာဝကလေးမျိုး (ရဟန်း၊ သီလရှင်၊ ဒါယကာ၊ ဒါယိကာမ)တို့အား လွတ်လပ်ရေးနေ့ နံနက်ခင်းတွင် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို လှူဒါန်းချီးမြှင့်လျက် ရှိနေလေပြီ။

ယင်းအသစ်တီထွင် ပြဋ္ဌာန်းအပ်သော သာသနာတော်ဆိုင်ရာ အမျိုး၂၀ တို့တွင် (က)ပရိယတ္တိဆိုင်ရာ ဘွဲ့တံဆိပ်တော်သုံးမျိုး၊ (ခ) ပဋိပတ္တိဆိုင်ရာ ဘွဲ့တံဆိပ်တော်သုံးမျိုးနှင့် သာသနာပြုဆိုင်ရာ ဘွဲ့တံဆိပ်တော် လေးမျိုးတို့ကို ဆရာတော်များ၊ သီလရှင်ဆရာကြီးများနှင့် ထူးခြားစွာ သာသနာအကျိုးကို ဝတ်ကြောင်ဘဝဖြင့် သယ်ပိုးနေကြသည့် လူပုဂ္ဂိုလ်များအား ဆက်ကပ်လှူဒါန်းချီးမြှင့်၍ သာသနာတော်အတွက် သဒ္ဓါထက်မြက်စွာ လှူဒါန်းထောက်ပံ့ကြသော ဥပါသကာဒါယကာများအား ဘွဲ့တံဆိပ်တော်လေးမျိုး၊ဥပါသိကာဒါယိကာမများအားဘွဲ့တံဆိပ်တော် လေးမျိုး ချီးမြှင့်လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ယနေ့ တပ်မတော်အစိုးရသည် ယခင်ရှိပြီးဖြစ်သော ဘွဲ့တံဆိပ်တော်နှစ်မျိုးနှင့်ပေါင်းလျှင် အမျိုးအစားပေါင်း ၂၂မျိုးတို့ကို လွတ်လပ်ရေးနေ့ နံနက်ခင်းဝယ် သာသနာအလင်း ကမ္ဘာသို့ထုတ်ချင်းထွင်းအောင် အမိန့်ကြော်ငြာစာဖြင့် မြန်မာ့ရုပ်မြင်သံကြားနှင့် သတင်းစာများမှတစ်ဆင့် ကြေညာကာ စေတနာသဒ္ဓါ ဝေဖြာစွာ အစဉ်အလာ အဟုန်မြှင့်လျက် ရှိနေလေပြီ။

ဤတွင် သာသနာရေး၌ အလေးဂရုပြုကြသည့် သုတကာမီ သုတေသီတို့အတွက် တိတိကျကျ မိမိရရ မှတ်သားလေ့လာသိရှိနိုင်စေဖို့ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်အသီးသီးကို ပါဠိ၊ မြန်မာ နှစ်ဘာသာတို့ဖြင့် အနက်ကျဉ်း ဖွင့်ဆိုအပ်ပါသည်။ အထူးမှတ်သားရန် အချက်မှာ အသစ်တီထွင် ပြဋ္ဌာန်းအပ်သော ဘွဲ့တံဆိပ်တော်အမျိုးအစား ၂၀တို့တွင် သာသနာပြုဆိုင်ရာ ဘွဲ့တံဆိပ်တော်လေးမျိုးထဲမှ တစ်မျိုးကို အမြင့်ဆုံးအဆင့်သတ်မှတ်ထားခြင်းနှင့် ယင်းကို ယခင်ဘွဲ့တံဆိပ်ရ ဆရာတော်ကြီးများအားလည်း ထပ်ဆင့် ဆက်ကပ်လှူဒါန်းခြင်း ဖြစ်ပါသည်။

ယခင်ဘွဲ့တံဆိပ်တော်နှစ်မျိုး

၁။ အဘိဓဇ+ မဟာရဋ္ဌ+ ဂုရု= အောင်လံထူးသဖွယ်+ နိုင်ငံတော်၏+ဆရာမြတ်။
၂။ အဂ္ဂ+မဟာ+ပဏ္ဍိတ= မြင့်မြတ်+ကြီးမားသော+ ပညာရှိ။

ယခုဘွဲ့တံဆိပ်တော် အမျိုး(၂၀)

အမြင့်ဆုံးသာသနာပြုဘွဲ့တံဆိပ်တော်

အဘိဓဇ+အဂ္ဂ+မဟာ+သဒ္ဓမ္မ+ဇောတိက= အောင်လံထူးသဖွယ်+မြင့်မြတ်+ကြီးမားပြီး+သာသနာတော်ကို+ တောက်ပစေသောပုဂ္ဂိုလ်။

ပရိယတ္တိဆိုင်ရာဘွဲ့တံဆိပ်တော်များ

၁။ အဂ္ဂ+မဟာ+ဂန္ထဝါစက+ပဏ္ဍိတ=မြင့်မြတ်+ ကြီးမားပြီး+ ကျမ်းဂန်ပို့ချသော+ပညာရှိ။
၂။ မဟာ+ဂန္ထဝါစက+ပဏ္ဍိတ (သိသာထင်ရှားပြီ)
၃။ ဂန္ထဝါစက+ပဏ္ဍိတ

ပဋိပတ္တိဆိုင်ရာဘွဲ့တံဆိပ်တော်များ

၁။ အဂ္ဂ+မဟာ+ကမ္မဋ္ဌာနာစရိယ=မြင့်မြတ်+ကြီးမားသော+ ကမ္မဋ္ဌာန်းဆရာ။
၂။ မဟာ+ကမ္မဋ္ဌာနာစရိယ
၃။ ကမ္မဋ္ဌာနာစရိယ

သာသနာပြုဆိုင်ရာဘွဲ့တံဆိပ်တော်များ

၁။ အဂ္ဂ+မဟာ+သဒ္ဓမ္မ+ဇောတိက+ဓဇ=မြင့်မြတ်+ ကြီးမားပြီး +သာသနာတော်ကို+တောက်ပစေသော+ အောင်လံတော်။
၂။ မဟာ+သဒ္ဓမ္မ+ဇောတိက+ဓဇ
၃။ သဒ္ဓမ္မ+ဇောတိက+ဓဇ

ဓမ္မဒေသကဆိုင်ရာဘွဲ့တံဆိပ်တော်များ

၁။ မဟာ+ဓမ္မကထိက+ဗဟုဇန+ဟိတ+ဓရ= ကြီးမားပြီး+တရားဟောပြော၍+လူအများတို့၏+ အကျိုး+ ရွက်ဆောင်သောပုဂ္ဂိုလ်။
၂။ ဓမ္မကထိက+ဗဟုဇန+ဟိတ+ဓရ

ဥပါသကာဆိုင်ရာဘွဲ့တံဆိပ်တော်များ

၁။ အဂ္ဂ+မဟာ+သိရိ+သုဓမ္မ+မဏိဇောတ+ဓရ= မြင့်မြတ်+ ကြီးမားပြီး+အသရေတင့်သည့်+သူတော်ကောင်းတရားဟူသော+ပတ္တမြားရတနာကို+ဆောင်ထားသူ။
၂။ သိရိ+သုဓမ္မ+မဏိဇောတ+ဓရ
၃။ သီဟ+သုဓမ္မ+မဏိဇောတ+ဓရ
၄။ သုဓမ္မ+မဏိဇောတ+ဓရ

(**မှတ်ချက်**။ ။ သီဟသဒ္ဒါသည် သူ့တစ်ပုဒ်တည်းဖြစ်လျှင် ခြင်္သေ့ဟောဖြစ်၍ ဆက်စပ်ပုဒ် (သမာသ်ပုဒ်) ဖြစ်လျှင် အမြတ်ဟော(သေဋ္ဌတ္ထ)ဖြစ်သောကြောင့် "သီဟသုဓမ္မမဏိဇောတဓရ" "မြတ်သည့် သူတော်ကောင်းတရားဟူသော ပတ္တမြားရတနာဆောင်ထားသူ" ဟုအနက်ကျဉ်းဖွင့်ရပါမည်။)

ဥပါသိကာဆိုင်ရာ ဘွဲ့တံဆိပ်တော်များ

၁။ အဂ္ဂ+မဟာ+သိရိ+သုဓမ္မ+သိင်္ဂီ=မြင့်မြတ်+ ကြီးမားပြီး+အသရေတင့်သည့်+သူတော်ကောင်းတရားတည်းဟူသော+ ရွှေရတနာ။
၂။ သိရိ+သုဓမ္မ+သိင်္ဂီ
၃။ သီဟ+သုဓမ္မ+သိင်္ဂီ
၄။ သုဓမ္မ+သိင်္ဂီ

(င)

ဗုဒ္ဓသာသနာတော်ကို ကြည်ညိုလေးမြတ်သော သဒ္ဓါမျက်လုံးဖြင့် သာသနာရေး ရှုရပ်၌ တည့်မတ်စွာ ရပ်ရင်း ရှေ့နောက်ဝဲယာ ရှုခင်းများကို ကြည့်လျှင် မြင်ရပုံများအဖြစ် လွတ်လပ်ရေးနေ့နှင့်စပ်၍ အမြွက်မျှရေးသားအပ်ပါပြီ။

ဆက်လက်၍ အထူးပြုဖော်ပြလိုသော ကောက်နုတ်ချက်တစ်ခုမှာ နယ်ချဲ့ခေတ်၌ ထုတ်ဝေဖြန့်ချိခဲ့သော ဘုရားဖြူဆရာတော် အရှင်ရာဇိန္ဒမဟာထေရ်ရေးသားတော်မူသည့် သာသနဗဟုဿုတ ပကာသနီကျမ်းလာ ဂါထာနှစ်ပုဒ် ဖြစ်ပါ၏။ ထိုကျမ်းစာပေါ်ထွက်လာသောအချိန်ကို ဒုတိယအကြိမ်ရိုက် ကျမ်းဦးမှတ်ဖွယ်၌ "အင်္ဂလိပ်အစိုးရကဖိနှိပ်ချုပ်ချယ်လွန်း၍ ရဟန်းရှင်လူပြည်သူများ သက်စွန့်ဆံဖျား လှုပ်ရှားနေရသော နိုင်ငံ့တာဝန်၊ သာသနာ့တာဝန်နှစ်ရပ်ကို အမြဲမပြတ်သတိချပ်နေရသောအချိန်" ဟုဖော်ပြထားပုံ ဦးစွာထုတ်ပြရင်း ထိုကျမ်းစာပါ ဂါထာနှစ်ပုဒ်ကောက်နုတ်ချက်ကို ပညာမျက်စိဖြင့် ရှုကြည့်နိုင်ပါရန် ထုတ်နုတ်အပ်ပါသည်။

သာသနံ နာမ	=	သာသနာမည်သည်
ရာဇာနံ နိဿာယ	=	မင်းကောင်းမင်းမြတ်တို့ကို အမှီပြု၍
တိဋ္ဌတေ	=	တည်တံ့ခိုင်မြဲလေ၏။
မိစ္ဆာဒိဋ္ဌိက ရာဇာနော	=	မိစ္ဆာမင်းတို့သည်
သာသနံ ဒူသေန္တိ	=	သာသနာတော်ကို ဖျက်ဆီးလေ့ ရှိကုန်၏။
သမ္မာဒိဋ္ဌိစ ရာဇာနော	=	သမ္မာမင်းတို့ကသာ
ပဂ္ဂဏှန္တေဝ သာသနံ	=	သာသနာတော်ကိုချီးမြှောက်နိုင်ကြကုန်၏။

(စ)

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ နံနက်ခင်းသည် လင်းချင်းဝင်းပလျက်ရှိ၏။

မြန်မာ့ရုပ်မြင်သံကြားမှ ကြည်လင်စွာနှင့် ပီပြင်စွာ ထုတ်လွှင့်လျက်ရှိသော သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များအသံသည် နဘဲဖောက်ထွင်း ကမ္ဘာချင်းလျက်ရှိ၏။

ယနေ့ တပ်မတော်အစိုးရ၏ သာသနာနုဂ္ဂသဒ္ဓါ အလင်းအလျှင်ကား တစ်စက္ကန့်လျှင် ကုဋေတစ်သိန်းနှုန်းဖြင့် သုံးဆယ့်တစ်ဘုံလုံးသို့ ရိုက်ချုန်းဖြန့်သန်း နေတော့သတည်း။ ။

မြဝတီရုပ်မြင်သံကြား

၁၁–၁–၂၀၀၄
(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုမြဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **"အစွန်းနှစ်ဖက်သို့ မကပ်ပါမှ"**
၉:၁၀ ၁၀။ အပိတ်နှုတ်ဆက်စကား
၉:၁၁ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
၄:၃၀ ၅။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်
(က)ပထမနှစ်(ဒဿနိကဗေဒ)
(ခ)ပထမနှစ်
(အရှေ့တိုင်းပညာ)
၅:၀၀ ၆။ အမေးကမ္ဘာတွေးစရာ
၆:၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၈။ နိုင်ငံတကာသတင်း
၆:၂၀ ၉။ မိုးလေဝသသတင်း
၆:၂၅ ၁၀။ မြန်မာ့ရှုခင်း
၆:၄၀ ၁၁။ လျှပ်တစ်ပြက်
၇:၀၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ညီအစ်မလေးဖော်"** (အပိုင်း–၁၅)
၈:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၅။ လျှပ်တစ်ပြက်
၁၆။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လှိုပုနှင့်သောင်းချမ်"** (အပိုင်း–၂၀)

ဘဂ္ဂဒက်မြို့ရှိ ဘိုအယ်လ်ဟာယက်ဟိုတယ် ခုခံရေးသမားတို့က ဒုံးကျည်နှစ်စင်း ဖြင့် ပစ်ခတ်တိုက်ခိုက်

ဘဂ္ဂဒက် ဇန်နဝါရီ ၉

အနောက်အုပ်စု ကုမ္ပဏီများဖြင့် ထင်ရှားသော ဘဂ္ဂဒက်ဟိုတယ်တစ်ခုကို အီရတ် ခုခံတိုက်ခိုက်ရေးသမားများက ဒုံးကျည်နှစ်စင်းဖြင့် သောကြာနေ့အစောပိုင်းက ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

ဘဂ္ဂဒက်မြို့လယ်ရှိ ဘိုအယ်လ်ဟာယက်ဟိုတယ်ကို သောကြာနေ့အစောပိုင်း၌ ဒုံးကျည်နှစ်စင်း ထိမှန်ခံရသော်လည်း ထိခိုက်သေဆုံးမှု မရှိကြောင်း ဟိုတယ်ရှိ နိုင်ငံခြားကုမ္ပဏီများ၌ လုံခြုံရေးအစောင့်လုပ်နေသူများက ပြောဆိုကြသည်။

ထိမှန်

အီရတ်ခုခံ တိုက်ခိုက်ရေးသမားများပစ်ခတ်သည့် ဒုံးကျည်နှစ်စင်းသည် ဟိုတယ်၏ ပထမနှင့် စတုတ္ထထပ်ကို ထိမှန်သော်လည်း ဒဏ်ရာရသူမရှိကြောင်း ကုမ္ပဏီများ၏ အစောင့်တစ်ဦးက ပြောကြားသည်။

ကားအတွင်းမှ

အစောင့်တစ်ဦးက လူလေးဦး ကားတစ်စီးအတွင်းမှ ထွက်လာပြီး ဒုံးပစ်လောင်ချာနှစ်ခုဖြင့် ပစ်ခတ်ခဲ့ခြင်း ဖြစ်ကြောင်း ပြောကြားသည်။

ပေါက်ကွဲ

စက်သေနတ် ပစ်ခတ်မှုများ၏ နောက်ပိုင်းတွင် ကျယ်လောင်သော ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့ပြီးနောက် ဒုတိယ ပေါက်ကွဲမှုဖြစ်ခဲ့ကြောင်း၊ ခုခံ တိုက်ခိုက်ရေးသမားများသည် မျက်နှာဖုံးများ စွပ်ထားကြောင်း မျက်မြင်တစ်ဦးက ပြောကြားသည်။

ပစ်ခတ်

အဆိုပါ ဟိုတယ်သည် ဒီဇင်ဘာ ၂၅ရက် ခရစ္စမတ်နေ့ နံနက်ပိုင်း၌လည်း ဒုံးပစ်လောင်ချာဖြင့် ပစ်ခတ်ခြင်းခံခဲ့ရသေးသည့်ပြင် ဒီဇင်ဘာ ၁၈ရက်ကလည်း စက်သေနတ်များဖြင့်ပစ်ခတ်ခံခဲ့ရကြောင်း အစောင့်များက ပြောကြားသည်။

(အင်တာနက်)

အီရတ်၌ သေဆုံးသော ကန်တပ်ဖွဲ့ဝင် ၄၉၄ဦး ရှိပြီ

ဝါရှင်တန် ဇန်နဝါရီ ၁၀

အီရတ်တွင် စစ်ပွဲစတင်ဖြစ်ပွားခဲ့သည်မှ ဇန်နဝါရီ ၉ရက် သောကြာနေ့ရောက်သည့်အချိန်ထိ အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၄၉၄ဦးရှိကြောင်း သိရသည်။

သေဆုံး

ယင်းအနက် ၃၄၂ဦးမှာ တိုက်ပွဲ၌သေဆုံးပြီး ၁၅၂ဦးမှာ တိုက်ပွဲ၌မဟုတ်ဘဲ သေဆုံးခြင်းဖြစ်သည်ဟု ဆိုသည်။

မေ၁ရက်၌ အီရတ်တွင် စစ်ပွဲပြီးကြောင်း သမ္မတဘုရှ်က ကြေညာခဲ့ချိန်မှစပြီး သေဆုံးခဲ့သည့် အမေရိကန် တပ်ဖွဲ့ဝင်မှာ ၃၅၆ဦးဖြစ်သည်။ ယင်းအနက် ၂၂၇ဦးမှာ တိုက်ပွဲ၌ သေဆုံးပြီး ၁၂၉ ဦးမှာ တိုက်ပွဲ၌မဟုတ်ဘဲ သေဆုံးခဲ့သည်ဟု သိရသည်။

ဒဏ်ရာရ

အီရတ်စစ်ဆင်ရေးစတင်ခဲ့သည့် အချိန်မှစပြီး ဒဏ်ရာ ရခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင် ၂၄၆၁ဦးဖြစ်ပြီး ၃၈၈ဦး မှာ တိုက်ပွဲ၌ မဟုတ်ဘဲ ဒဏ်ရာရခဲ့သူများဖြစ်သည်ဟု ဆိုသည်။

ထို့ပြင် အီရတ်၌ ဗြိတိသျှတပ်ဖွဲ့ဝင်၅၅ဦး၊ အီတလီ ၁၇ဦး၊ စပိန်ရှစ်ဦး၊ ဘူဂေးရီးယားငါးဦး၊ အခြားတပ်ဖွဲ့ဝင် နှစ်ဦး၊ ဒိန်းမတ်၊ ယူကရိန်းနှင့် ပိုလန် တစ်ဦးစီသေဆုံးသည်ဟု ဆိုသည်။

(အင်တာနက်)

ရှာဖွေဖမ်းဆီး

ဇန်နဝါရီ ၉ရက်က တီကရစ်မြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များက နေအိမ်များအတွင်း စီးနင်းရှာဖွေမှု တစ်ရပ်ပြုလုပ်စဉ် သံသယရှိသော အီရတ်တို့ကို အမေရိကန်တပ်ဖွဲ့ဝင်များက ဖမ်းဆီးနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘာကူဘာရှိအဆောက်အအုံတစ်ခုအပြင်ဘက်၌ပေါက်ကွဲမှုဖြစ် လူငါးဦးသေဆုံးပြီး ၃၇ဦးဒဏ်ရာရကြောင်း တာဝန်ရှိသူများပြောကြား

ဘာကူဘာ ဇန်နဝါရီ ၁၀

အီရတ်နိုင်ငံ ဘာကူဘာမြို့ရှိ အဆောက်အအုံတစ်ခု အပြင်ဘက်တွင် သောကြာနေ့က ပေါက်ကွဲမှုတစ်ခုကြောင့် လူငါးဦးသေဆုံးပြီး ဒါဇင်များစွာ ဒဏ်ရာရရှိသွားခဲ့သည်။ ထို့ပြင် ယင်းအဆောက်အအုံအနီးအပြင်ဘက်၌ ကားဗုံးတစ်လုံးကို ရဲက စနက်တံဖြုတ်ပေးခဲ့ရသည်ဟု ဆိုသည်။

ဖမ်းဆီး

သောကြာနေ့အစောပိုင်း၌ တီကရစ်မြို့နေရာအနှံ့တွင် အမေရိကန်တပ်ဖွဲ့ဝင်များက အိမ်တံခါးများကို အတင်းကန်ကျောက်ဖွင့်ပြီး လူများကို ဒရွတ်တိုက်ဆွဲခေါ်သွားခဲ့ကြသည်။ ထိုနေ့ကလူ၃၀ကို ဖမ်းဆီးထိန်းသိမ်းခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင်များကို တိုက်ခိုက်မှုသို့မဟုတ် ငွေကြေးထောက်ပံ့မှုလုပ်ဆောင်သည်ဟု သင်္ကာမကင်းသူ ၁၄ဦး ပါဝင်ခဲ့သည်။

ဘဂ္ဂဒက်ရှိ အမေရိကန်စစ်အခြေစိုက်စခန်းသို့သွားရာလမ်းတစ်လမ်း၌ လက်လုပ်ဗုံးတစ်လုံးပေါက်ကွဲသဖြင့် အီရတ် အရပ်သားတစ်ဦးနှင့် ကလေးတစ်ဦး ဒဏ်ရာရခဲ့သည်ဟုဆိုသည်။

ပေါက်ကွဲ

ဘာကူဘာ၌ ပေါက်ကွဲမှုသည် ဓာတ်ငွေ့အိုး ပေါက်ကွဲခြင်းဖြစ်ပြီး ဖောက်ခွဲသူအပါအဝင် လူငါးဦးသေဆုံးကာ ၃၇ဦးဒဏ်ရာရကြောင်း ဆေးရုံအရာရှိများနှင့် ဘာကူဘာမြို့ လုံခြုံရေးကိုတာဝန်ယူသော အမှတ်(၄) ခြေမြန်တပ်မတို့က ပြောကြားသည်။ **(အင်တာနက်)**

ဇန်နဝါရီ ၉ ရက်က ဘာကူဘာမြို့တွင် ပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားရာ မီးလောင်ပျက်စီးသွားသောကားတစ်စီးအနီး အမေရိကန်တပ်ဖွဲ့ဝင်များ လုံခြုံရေးဆောင်ရွက်နေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

လက်နက်ရှာသည့်ကန်တပ်ဖွဲ့ဝင်များ ရှာဖွေမတွေ့၍ အီရတ်မှရုပ်သိမ်း

ဝါရှင်တန် ဇန်နဝါရီ ၉

အီရတ်တွင် တရားမဝင်လက်နက်များရှာဖွေသော လူအင်အား ၄၀၀ ရှိသည့် အမေရိကန်စစ်ဘက်အဖွဲ့သည် တစ်စုံတစ်ရာရှာဖွေမတွေ့ရှိပြီးနောက် အီရတ်နိုင်ငံမှ ရုပ်သိမ်းလာခဲ့သည်။ ထိုအချိန်တွင် အဖျက်စွမ်းအားကြီးသော လက်နက်များကိုရှာဖွေနေသည့် သီးခြားအုပ်စုသည် အီရတ်နိုင်ငံ၌ ကျန်ရှိနေဆဲဖြစ်သည်။ အင်အား၄၀၀ရှိသောစစ်ဘက်ရှာဖွေရေးအဖွဲ့ကို ရုပ်သိမ်းလိုက်ခြင်းသည် အီရတ်နိုင်ငံ၌ ဓာတု သို့မဟုတ် ဇီဝလက်နက်များ ရှာဖွေတွေ့ရှိရန် အမေရိကန်အစိုးရက မမျှော်လင့်တော့သည့်လက္ခဏာဖြစ်ကြောင်း နယူးယောက်တိုင်းမ်က ရေးသားသည်။

အီရတ်တွင်ရှိသော ဓာတု သို့မဟုတ်၊ ဇီဝလက်နက် ရှင်းလင်းရေး တာဝန်ယူထားသည့် သီးခြား အမေရိကန်စစ်ဘက်အဖွဲ့သည် အဖျက်စွမ်းအားကြီးသော လက်နက်များ ရှာဖွေသည့် အဖွဲ့ဝင် ၁၄၀၀ ရှိသော အီရတ်စူးစမ်းလေ့လာရေးအုပ်စု၏ အစိတ်အပိုင်းအဖြစ် ကျန်ရစ်သည်။

(အင်တာနက်)



၂၀၀၄ခုနှစ်၌ တရုတ်တွင် ဖုန်းအသစ်အသုံးပြုသူ ၉၂သန်းရှိဖွယ်

ဘေဂျင်း ဇန်နဝါရီ ၉

တရုတ်ပြည်တွင် ယခုနှစ်အတွင်း လိုင်းဖုန်းတပ်ဆင်အသုံးပြုသူ သန်း ၄၀နှင့် မိုဘိုင်းလ်ဖုန်းအသုံးပြုသူ ၅၂ သန်းမျှ ရှိဖွယ်ရှိကြောင်း ဘေဂျင်း၌ ဗုဒ္ဓဟူးနေ့က ကျင်းပသည့် အမျိုးသား ပြန်ကြားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာညီလာခံ၌ ပြောကြားချက်အရ သိရသည်။

ဆက်သွယ်ရေးလုပ်ငန်း၏ ဝင်ငွေကို ၂၀၀၄ခုနှစ်အတွက် ယွမ် ၅၇၅ဘီလီယံ(ဒေါ်လာ ၆၉ဒသမ ၃ ဘီလီယံ) လျာထားသတ်မှတ်ထားရာ ယင်းအနက် ၅၁၉ဘီလီယံကို ကြေးနန်းဆက်သွယ်ရေးကိစ္စမှရမည်ဖြစ်သည်ဟု ပြန်ကြားရေးလုပ်ငန်းဝန်ကြီး ဝမ်ဆုတုန်က ပြောကြားသည်။

နိုင်ငံ၏ စီးပွားရေးတိုးတက်မှုကို မြှင့်တင်ရန်အတွက် ပြန်ကြားရေး လုပ်ငန်းသည် ကွန်ယက်လုပ်ငန်း၊စီးပွားရေးလုပ်ငန်းနှင့် ဝန်ဆောင်မှု အရည်အသွေးတို့တွင် ညှိနှိုင်းလုပ်ဆောင်သင့်ကြောင်း ဝန်ကြီးက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

တရားရုံး၌ ဆက်ဒမ်ဟူစိန်အစစ်ခံသည့်အခါ အာရပ်ရှေ့နေများက ကာကွယ်လျှောက်လဲပေးမည်

ဘဂ္ဂဒက် ဇန်နဝါရီ ၉

အီရတ်သမ္မတဟောင်း ဆက်ဒမ်ဟူစိန် ငင်းကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများကို တရားရုံး၌အစစ်ဆေးခံသည့်အခါ အာရပ်ရှေ့နေများ အုပ်စုတစ်ခုက ဆက်ဒမ်ဟူစိန်ဘက်က ရှေ့နေလိုက်ပြီး ကာကွယ်လျှောက်လဲပေးရန် စီစဉ်လျက်ရှိသည်။

ကာကွယ်ရေးကော်မတီ ဖွဲ့စည်းရေး ဆွေးနွေးရန်အတွက် ဇန်နဝါရီ ၄ရက်တွင် အီဂျစ်၊ လက်ဘနွန်နှင့် ဂျော်ဒန်မှ ဥပဒေကျွမ်းကျင်သူများကို ကိုင်ရိုသို့ အာရပ်ရှေ့နေများသမဂ္ဂက ဖိတ်ခေါ်ခဲ့သည်။

အစည်းအဝေးအပြီး၌ ဆက်ဒမ်ကို စစ်သုံ့ပန်းအဖြစ် ဆက်ဆံသင့်ကြောင်း အာရပ်ရှေ့နေများက ကောက်ချက်ချခဲ့ကြပြီး ဆက်ဒမ်ရှိသည့်နေရာကို ဖော်ထုတ်ပေးရမည်ဟု ပြောဆိုခဲ့ကြသည်။

အမေရိကန်ပြည်ထောင်စုသည် အီရတ်ကိုသိမ်းပိုက်ခြင်း၊ နိုင်ငံတကာဆိုင်ရာအဖွဲ့အစည်းမှ ဝရမ်းမပါဘဲ အီရတ်နိုင်ငံသားများကို ဖမ်းဆီးခြင်းများလုပ်ခြင်းဖြင့် နိုင်ငံတကာဆိုင်ရာဥပဒေကို ချိုးဖောက်ကြောင်းလည်း ရှေ့နေများက စွပ်စွဲလိုက်သည်။

ထို့ပြင် ရှေ့နေများက ဆက်ဒမ်ဟူစိန်သည် အီရတ်နိုင်ငံ၏ ဖွဲ့စည်းပုံဆိုင်ရာ သမ္မတအဖြစ်ရှိနေဆဲဖြစ်ပြီး အမေရိကန်ပြည်ထောင်စုက သူ့အား တရားဥပဒေအရ အကျဉ်းမချထားနိုင်ကြောင်း သဘောတူကြသည်။

(အင်တာနက်)

လျှောင်လှုပ်ပြီး ၁၃ ရက်အကြာ အသက်ရှင်သူတစ်ဦးကိုတွေ့ရှိ

တီဟီရန် ဇန်နဝါရီ ၉

အီရန်နိုင်ငံ အနောက်တောင်ဘက်ရှိ ဘမ်းမြို့တွင် မြေငလျင်ဒဏ်၏ အပျက်အစီးများကြားမှအသက်(၅၆) နှစ်အရွယ်ရှိ လူတစ်ဦးကို ငလျင်လှုပ်ပြီး ၁၃ရက်အကြာ အသက်ရှင်လျက် ကယ်ဆယ်နိုင်ခဲ့ကြောင်းသိရသည်။ ထိုသူသည် ယခုအခါ ယူကရိန်းမှ တည်ဆောက်ထားသော ဆေးရုံတွင် သတိမေ့မြောလျက်ရှိပြီး ၎င်းကို အီရန် ကယ်ဆယ်ရှာဖွေရေးအဖွဲ့က ဗုဒ္ဓဟူးနေ့ညတွင် ရှာဖွေတွေ့ရှိခဲ့ခြင်း ဖြစ်သည်။ ထိုသူသည် ပရိဘောဂ အပျက်အစီးများအောက်တွင် ပိတ်မိနေပြီး ထိုအပျက်အစီးများက လေများရရှိအောင် ထိန်းသိမ်းထားနိုင်ခြင်းကြောင့် ထိုသူ အသက်ရှူနိုင်ပြီး အသက်ရှင်ခြင်း ဖြစ်ဖွယ်ရှိကြောင်း သိရသည်။

(စီအက်ဖ်အိုင်)

ဝဲပုံမှာ အမေရိကန်တပ်ဖွဲ့ဝင်များ အဖျက်စွမ်းအားကြီးလက်နက်များကို ရှာဖွေရန် ဓာတုလက်နက်ကာကွယ်ရေးဝတ်စုံအပြည့် ဝတ်ဆင်ထားသည်ကို တွေ့ရစဉ်။

(ဂျော့ဒဗလျူဘုရှ်၏ အစိုးရက အီရတ်နိုင်ငံ၏ အဖျက်စွမ်းအားကြီးလက်နက်များကိစ္စများနှင့် ပတ်သက်ပြီး လွဲမှားစေရန် စနစ်တကျ လိမ်ညာ တင်ပြခဲ့သည်ဟု ဝါရှင်တန်ရှိ ပညာရှင်အဖွဲ့တစ်ဖွဲ့က ပြောဆိုသည်။)

(ဓာတ်ပုံ-အင်တာနက်)

ဇန်နဝါရီ ၉ ရက်က တီကရစ်မြို့တွင် ညအချိန်၌ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး လုံခြုံရေးစောင့်ကြပ်နေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘုရှ်အစိုးရ အီရတ်၏အဖျက်စွမ်းအားကြီးလက်နက်ကိစ္စ စနစ်တကျလိမ်ညာခဲ့ဟုဆို ဘလက်ဟော့ခ်ရဟတ်ယာဉ်ပစ်ချခံရ၍ အမေရိကန်တပ်ဖွဲ့ဝင်ကိုးဦးသေဆုံး

ဇန်နဝါရီ ၇ ရက်က မြို့တော်ဘဂ္ဂဒက်၌ ကင်းလှည့်ပျံသန်းနေသော အမေရိကန် ဘလက်ဟော့ခ်ရဟတ်ယာဉ်တစ်စီးကို တွေ့ရစဉ်။

(ဇန်နဝါရီ ၈ ရက်က ဘလက်ဟော့ခ် ရဟတ်ယာဉ်တစ်စင်းမှာ အီရတ်၌ ပစ်ချခံရ၍ အမေရိကန်တပ်ဖွဲ့ဝင်ကိုးဦး သေဆုံးသွားသည်။ စီ-၅ ပို့ဆောင်ရေး လေယာဉ်ကြီးမှာလည်း မြေပြင်မှပစ်ခတ်သဖြင့် ထိမှန်ပြီးနောက် လူတစ်ဒါဇင်ခန့် အသက်ဘေးမှ သီသီလေးလွတ်သွားကြောင်း အင်တာနက်သတင်းတစ်ရပ်အရ သိရသည်။)

(ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း

အီရတ်မြင်ကွင်း

ဇန်နဝါရီ ၉ ရက်က တီကရစ်မြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်းတိုက်ခိုက်ရာ၌ အီရတ်လူမျိုးများအား မတရားဖမ်းဆီးထားစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဇန်နဝါရီ ၈ ရက်က ဖော်လူဂျာမြို့အနီး ဘလက်ဟော့ခ်ရဟတ်ယာဉ် ပစ်ချခံပြီးနောက် အမေရိကန်ကင်းထောက်ရဟတ်ယာဉ်တစ်စင်းက နေရာအနှံ့ လိုက်လံရှာဖွေနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်တို့အား အုပ်ချုပ်ရေးအမြန်လွှဲပြောင်းပေးရန် ပြင်သစ်သမ္မတ ရှီရက် ထပ်လောင်းပြောကြား

ပါရီ ဇန်နဝါရီ ၉

အီရတ်တို့ကို မြန်မြန်ထက်ထက် အုပ်ချုပ်ရေးလွှဲပြောင်းပေးရန် လိုအပ်ကြောင်း ပြင်သစ်သမ္မတ ဂျက်ရှီရက်က ကြာသပတေးနေ့တွင် ထပ်လောင်းပြောကြားလိုက်ပြီး အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့များကိုလည်း သိမ်းပိုက်ခြင်း၏ခံစားချက်ကို သတိပေးလိုက်သည်။

အီရတ်ပြန်လည်တည်ဆောက်ရေးအတွက် ကုလသမဂ္ဂမှတစ်ဆင့် နိုင်ငံတကာအသိုင်းအဝိုင်း၏ အခိုင်အမာရှိမှုသည် မရှိမဖြစ်လိုအပ်သည်ဟုလည်း ပြင်သစ်သံတမန်တပ်ဖွဲ့သို့ နှစ်သစ်ကူးသဝဏ်လွှာပေးပို့ရာတွင် သမ္မတရှီရက်က ထပ်မံပြောကြားလိုက်သည်။

အနာဂတ်ကိုကြည့်လျှင် မိမိတို့၏ဘုံရည်မှန်းချက်မှာ အိမ်နီးချင်းများနှင့် ငြိမ်းချမ်းမှုရှိသော အချုပ်အခြာအာဏာပိုင်သည့် တည်ငြိမ်သည့်အလားအလာရှိပြီး ဒီမိုကရေစီကျသည့် အီရတ်နိုင်ငံထူထောင်ခြင်းပင်ဖြစ်ကြောင်း သမ္မတရှီရက်က ပြောဆိုသည်။

အီရတ်တို့ကို အချုပ်အခြာပိုင်မှု အမြန်ဆုံးလွှဲပေးခြင်းမရှိဘဲ အီရတ်၌ ဖြေရှင်းချက်တစ်ရပ်ရှိမည် မဟုတ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် သိမ်းပိုက်ခြင်း၏ခံစားချက်သည် အချိန်မရွေး၊ နေရာမရွေး၌ တူညီသောတုံ့ပြန်မှုများ နိုးကြွလာခြင်းကြောင့် ဖြစ်ကြောင်း ရှီရက်က ပြောဆိုသည်။

ဥပဒေနှင့်အညီ

အီရတ်၏ နိုင်ငံရေးနှင့် စီးပွားရေးကို ပြန်လည်တည်ဆောက်ရာတွင် ကုလသမဂ္ဂသည်သာ ဥပဒေနှင့်အညီဖြစ်သည်ဟုလည်း ရှီရက်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

ရေနံအရင်းအမြစ်ထိန်းချုပ်ရန် အီရတ်ကို အမေရိကန်စစ်ဆင်နွှဲခဲ့

ဝါရှင်တန် ဇန်နဝါရီ ၉

အီရတ်နိုင်ငံ ရေနံလုပ်ငန်း ကြီးကြပ်ဆောင်ရွက်ရန် အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့မှ အာဏာပိုင်များ၊ အီရတ် ကြားဖြတ်အုပ်ချုပ်မှုကောင်စီမှ တာဝန်ရှိသူများ ပါဝင်မည့် နိုင်ငံပိုင်ကုမ္ပဏီတစ်ခုဖွဲ့စည်းရန် စီစဉ်နေကြောင်း သိရသည်။ အီရတ်နိုင်ငံ၏ ကြွယ်ဝသော ရေနံအရင်းအမြစ်ကို ထိန်းချုပ်လိုသည့်အတွက် အီရတ်နိုင်ငံအပေါ် အမေရိကန်တို့ စစ်ပွဲဆင်နွှဲခဲ့ခြင်းဖြစ်ကြောင်း ဝေဖန်မှုများ ထွက်ပေါ်လာခဲ့သည်။ ယင်းအချက်ကြောင့် ကုမ္ပဏီဖွဲ့စည်းရေးမှာ ကာလကြာမြင့်ဖွယ်ရှိပြီး နိုင်ငံတကာရေနံကုမ္ပဏီကြီးများကလည်း လက်ဝါးကြီးအုပ်ချုပ်ခွင့်မရသည့်အတွက် စိတ်ပျက်သွားဖွယ်ရှိသည်။ နိုင်ငံတကာဆိုင်ရာ ရေနံကွန်ဖရင့်တစ်ရပ်ကို လာမည့်လတွင် ဘဂ္ဂဒက်၌ ကျင်းပရန်ရှိရာ အဆိုပါအစည်းအဝေး၌ အသေးစိတ်ညှိနှိုင်းကြဖွယ်ရှိကြောင်း သိရသည်။ **(စီအင်န်အင်န်)**

၂၀၀၃ ခုနှစ် ဒီဇင်ဘာ၌ ဒဏ်ရာရသော ကန်တပ်ဖွဲ့ဝင် ၅၃၀ ရှိ တိုက်ပွဲကာလ ဒဏ်ရာရခဲ့သည့်ဦးရေထက်အနည်းငယ်သာလျော့

ဝါရှင်တန် ဇန်နဝါရီ ၉

အီရတ်နိုင်ငံတွင် ဒီဇင်ဘာလထဲ၌ ထိခိုက်ဒဏ်ရာရရှိခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၅၃၀ ရှိရာ လွန်ခဲ့သည့် နွေဦးရာသီက တိုက်ပွဲဖြစ်ပွားစဉ်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခဲ့သော တပ်ဖွဲ့ဝင်ဦးရေ ၅၅၀ ထက် အနည်းငယ်သာလျော့ကြောင်း ကာကွယ်ရေးဌာနက ထုတ်ပြန်သည့် ကိန်းဂဏန်းများအရ သိရသည်။

ဒီဇင်ဘာလမတိုင်မီက တစ်လချင်းအလိုက် ဒဏ်ရာရသည့်ကိန်းဂဏန်းများကို စာရင်းကောက်ယူရန်မှာ မဖြစ်ခဲ့ကြောင်း၊ အဘယ်ကြောင့်ဆိုသော် နိုဝင်ဘာလကုန်ပိုင်း၌သာ နေ့စဉ် သေဆုံးသူများ၏စာရင်းကို ပင်တဂွန်ကထုတ်ပေးသောကြောင့်ဖြစ်ကြောင်း ကာကွယ်ရေးဌာနမှ စာရင်းဇယားပြုစုသော ပိုက်ခ်အုပ်၏ ကမ္ဘာ့လုံခြုံရေးအဖွဲ့ ညွှန်ကြားရေးမှူး ဂျွန်ပိုက်ခ်က ပြောကြားသည်။

ဒဏ်ရာရ

သို့ရာတွင် ဂျွန်ပိုက်ခ်က ပင်တဂွန်က ယခင်ထုတ်ပေးသော သတင်းအစီရင်ခံစာအရ မေလမှ ဩဂုတ်အထိ တိုက်ပွဲ၌ဒဏ်ရာရသူ အမေရိကန်တပ်ဖွဲ့ဝင် ၅၇၀ ရှိပြီး စက်တင်ဘာမှ နိုဝင်ဘာထိ ဒဏ်ရာရသူ တပ်ဖွဲ့ဝင် ၁၀၅၂ ဦးရှိကြောင်း ပြောဆိုသည်။

သေဆုံး

အမေရိကန်တပ်ဖွဲ့များကို အထူးသဖြင့် ရဟတ်ယာဉ်များဖြင့် တိုက်ခိုက်ရာ၌ နိုဝင်ဘာလသည် ခြွင်းချက်ဖြစ်ခဲ့သည်။ ထိုလတွင် သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၈၁ ဦးမျှ ရှိခဲ့သည်။ **(အင်တာနက်)**

ဇန်နဝါရီ ၉ ရက်က တီကရစ်မြို့တွင် နေအိမ်များအတွင်း စီးနင်းရှာဖွေနေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

လေယာဉ်ပျက်မှ သေတ္တာနက်၏သတင်းပို့ချက်လက်ခံရရှိ စက်ရုပ်လက်တံအသုံးပြုပြီး သေတ္တာနက်ကိုဆယ်ယူမည်

ကိုင်ရို ဇန်နဝါရီ ၉

အီဂျစ်နိုင်ငံ ရှမ်အယ်လ်ရှိတ်မြို့မှ ပျံတက်စဉ် ပင်လယ်နီထဲသို့ ပျက်ကျသွားသော လေယာဉ်မှ ခရီးစဉ်မှတ်တမ်းသေတ္တာနက်များမှ အချက်ပြမှုကို ရှာဖွေရေးအဖွဲ့များက လက်ခံရရှိခဲ့သည်။ အဆိုပါ သေတ္တာနက်များသည် ပင်လယ်အောက် မီတာ ၈၀၀ မှ ၁၀၀၀ အထိ အနက်၌ တည်ရှိနေခြင်းကြောင့် လက်ရှိရှာဖွေဆယ်ယူရေးစက်ရုပ်များအနေဖြင့် လက်လှမ်းမမီဘဲ ရှိနေသည်။ ထို့ကြောင့် ဆူပါအက်ချီလီစက်ရုပ်ကို သယ်ဆောင်သွားသော သင်္ဘောတစ်စင်းသည် ပြင်သစ်မှထွက်ခွာသွားပြီဖြစ်ကာ ခရီးစဉ်မှာ ခုနစ်ရက်ကြာမြင့်မည်ဖြစ်သည်။

အဆိုပါစက်ရုပ်ကို သံမဏိလှောင်အိမ်ဖြင့် လေယာဉ်ပျက်ရှိရာသို့ ချပေးပြီး သေတ္တာနက်ကို စက်ရုပ်လက်တံအသုံးပြုကာ ဆွဲယူမည်ဖြစ်သည်။ ရေအောက်၌ ဖြစ်ပေါ်နေသော အခြေအနေပေါ်မူတည်ပြီး ရေငုပ်ကာ ရယူရန် သို့မဟုတ် ကြိုးဖြင့်ဆွဲယူရန် ဆောင်ရွက်မည်ဖြစ်သည်။ သမုဒ္ဒရာရေစီးအား မပြင်းထန်သေးသရွေ့ သေတ္တာနက်များကို ဆယ်ယူရရှိနိုင်ကြောင်း သိရသည်။ **(စီအက်ဖ်အိုင်)**



ဆပ်ကပ်

ဇန်နဝါရီ ၈ ရက်က လန်ဒန်မြို့ ရွိုင်ရယ်အယ်လ်ဘတ်ခန်းမ၌ ပြုလုပ်သည့် ဆာဂျူဆိုလေးလ်ဆပ်ကပ်အဖွဲ့၏ ဒွါလီရွန်ပြကွက်သစ်ကို အစမ်းလေ့ကျင့်နေသည့်ဆပ်ကပ်အဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက် အခြားဒေသဆိုင်ရာပဋိပက္ခများ၌ သေဆုံးသူ အမေရိကန် တပ်ဖွဲ့ဝင်များထက် ပိုမိုများပြား

ဘဂ္ဂဒက် ဇန်နဝါရီ ၉

အီရတ်နိုင်ငံတွင် လွန်ခဲ့သည့် မတ်လမှစပြီး သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေသည် ၅၀၀ နီးပါးရှိသွားပြီဖြစ်ရာ လွန်ခဲ့သည့် ဆယ်စုနှစ်အနည်းငယ်အတွင်း ဖြစ်ပွားခဲ့သော ဒေသဆိုင်ရာ ပဋိပက္ခမှုအများအပြားတွင် သေဆုံးခဲ့ရသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေထက် ပိုသွားပြီဖြစ်သည်။

လွန်ခဲ့သည့် ဆယ်စုနှစ်အနည်းငယ်အတွင်းဖြစ်ပွားခဲ့သော ဒေသဆိုင်ရာ ပဋိပက္ခမှုများမှာ ပင်လယ်ကွေ့စစ်ပွဲ၊ လက်ဘနွန်၊ ဆိုမာလီ၊ ပနားမား၊ ဂရင်နာဒါ၊ ကိုဆိုဗိုနှင့် အာဖဂန်နစ္စတန်ဒေသဆိုင်ရာ ပဋိပက္ခမှုများ ဖြစ်သည်။

ဖော်လူဂျာအနီး၌ ပစ်ချခံရသည်ဟု ယုံကြည်ရသော ဘလက်ဟော့ခ် ရဟတ်ယာဉ် ကြာသပတေးနေ့က ပျက်ကျမှု၌ သေဆုံးသွားသော အမေရိကန်တပ်ဖွဲ့ဝင်ကိုးဦး အပါအဝင် ယခုအခါ အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၄၉၄ ဦးရှိသွားပြီ ဖြစ်သည်။

အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေသည် ၁၉၉၁ ခုနှစ်က ဖြစ်ပွားခဲ့သော ပထမပင်လယ်ကွေ့စစ်ပွဲ၌ စုစုပေါင်းသေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်အရေအတွက်ထက် ကျော်လွန်သွားပြီဖြစ်သည်။ ၁၉၉၁ခုနှစ် ပထမပင်လယ်ကွေ့စစ်ပွဲ၌ သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၃၁၅ ဦးဖြစ်သည်။ **(အင်တာနက်)**

ကမ္ဘာကြီး ယခုထက် အနည်းငယ်ပိုပူနွေးလာလျှင် မျိုးစိတ်သုံးပုံတစ်ပုံ မျိုးသုဉ်းပျောက်ကွယ်သွားနိုင်

လန်ဒန် ဇန်နဝါရီ ၉

ဟင်းသီးဟင်းရွက်နှင့် တိရစ္ဆာန်မျိုးစိတ်ပေါင်း တစ်သန်းခန့်သည် ကမ္ဘာကြီးပူနွေးလာမှုကြောင့် ၂၀၅၀ ပြည့်နှစ်မတိုင်မီ မျိုးသုဉ်းပျောက်ကွယ်သွားနိုင်ကြောင်း လေ့လာသုတေသနပြုချက်တစ်ရပ် နေးချားမဂ္ဂဇင်းတွင် ဖော်ပြပါရှိသည်။

ဆင်များ၊ ပင်ဒါနီများ၊ ဖျံများသည် လာမည့်ရာစုနှစ်အတွင်းမှာ ပျောက်ကွယ်သွားနိုင်ကြောင်း၊ ကမ္ဘာကြီးပူနွေးလာမှုသည် အပင်များနှင့် သတ္တဝါများကို ထိခိုက်ပျက်စီးစေကြောင်း သုတေသီများက ရှာဖွေတွေ့ရှိခဲ့ပြီး မျိုးသုဉ်းပျောက်ကွယ်လုနီးပါးဖြစ်နေသည့် မျိုးစိတ်များသည် ပျောက်ကွယ်သွားမည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာကြီးပူနွေးလာမှု အနည်းငယ်သာမြင့်တက်လာပါက မျိုးစိတ်များ၏ သုံးပုံတစ်ပုံသည် လာမည့်ရာစုနှစ်အတွင်းမှာ မျိုးသုဉ်းသွားနိုင်ပြီး ကမ္ဘာကြီးပူနွေးမှု ပိုမိုမြင့်တက်လာပါက မျိုးစိတ် ထက်ဝက်ခန့် မျိုးသုဉ်းပျောက်ကွယ်သွားနိုင်ကြောင်း သိရသည်။ **(စီအင်န်အင်န်)**

(၅၆)နှစ်မြောက်လွတ်လပ်ရေးနေ့

ကမ္ဘာ့နိုင်ငံများမှ နိုင်ငံအကြီးအကဲများ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

ရန်ကုန် ဇန်နဝါရီ ၁၀

ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စု မြန်မာ နိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့လည်းကောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံသို့လည်းကောင်း ကမ္ဘာ့နိုင်ငံများမှ နိုင်ငံအကြီးအကဲများနှင့် ဝန်ကြီးချုပ်များက လွတ်လပ်ရေးနေ့သဝဏ်လွှာများ အသီးသီး ဆက်လက်ပေးပို့လျက်ရှိသည်။

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ

၂၀၀၄ခုနှစ် ဇန်နဝါရီလ ၄ ရက် တွင်ကျရောက်သော ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံသမ္မတ မစ္စတာ ထရန်ဒတ်လွန်ထံမှ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင်အဆွေတော်နှင့် အဆွေတော်မှတစ်ဆင့် မြန်မာပြည်သူများထံ မိမိလိုက်လှဲနွေးထွေးစွာ ဝမ်းမြောက်ကြောင်း နှုတ်ခွန်းဆက်သဝဏ်လွှာ ပေးပို့ပါကြောင်း၊ မြန်မာနိုင်ငံကို ကြီးပွားတိုးတက်သော နိုင်ငံအဖြစ်သို့ တည်ဆောက်ရာတွင် အောင်မြင်မှုများ မြန်မာပြည်သူတို့ ဆက်လက်၍ ဖြစ်ထွန်းရရှိမည်ကို မိမိတို့ဆန္ဒပြုပါကြောင်းနှင့်မြန်မာပြည်သူများ ပျော်ရွှင်ချမ်းမြေ့စေရန် ဆုမွန်ကောင်းများပို့သပါကြောင်း၊ အဆွေတော် ကျန်းမာပျော်ရွှင်စေရန်လည်း ဆုမွန်ကောင်းများပို့သပါကြောင်း၊ မကြာသေးသော နှစ်များအတွင်း၌ မိမိတို့၏ အစဉ်အလာချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ ဖြစ်ထွန်းအောင်မြင်မှုသစ်များရရှိခဲ့သည်ကို မိမိတို့သတိပြုမိပါကြောင်းဖော်ပြပါရှိသည်။

အလားတူ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံသို့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဖန်ဗန်ခိုင်ထံမှလည်း လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့သည်။

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ

၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၄ ရက်၌ ကျရောက်သော ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာခမ်တေးဆီဖန်ဒုံထံမှ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အစိုးရနှင့် လာအိုပြည်သူများကိုယ်စားနှင့် မိမိကိုယ်တိုင်အဆွေတော်နှင့် ချစ်ကြည်ရင်းနှီးသော မြန်မာပြည်သူများထံ လွတ်လပ်ရေးနေ့သဝဏ်လွှာကို ဝမ်းမြောက်ဂုဏ်ယူစွာ ပေးပို့ပါကြောင်း ဖော်ပြပါရှိသည်။

အလားတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံသို့ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဘွန်ညံဗိုရာချစ်ထံမှလည်း လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့သည်။

အိန္ဒိယသမ္မတနိုင်ငံ

၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၄ ရက်၌ကျရောက်သော ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံသို့ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်အာတားလ်ဘီဟာရီဗာဂျ်ပါယီထံမှ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်ထံ မိမိလှိုက်လှဲနွေးထွေးစွာ သဝဏ်လွှာပို့သပါကြောင်း၊ မြန်မာနိုင်ငံနှင့်ရင်းနှီးစွာ ဆက်ဆံရေးအလွန်ကြီးမှုကို အိန္ဒိယနိုင်ငံက အလေးထားပါကြောင်း၊ အဆွေတော်ချမ်းသာသုခနှင့် ပြည့်စုံစေရန်နှင့် မြန်မာပြည်သူများဆက်လက်၍ ကြီးပွားတိုးတက်စေရန်အတွက် မိမိဆုမွန်ကောင်းများ ပို့သပါကြောင်း ဖော်ပြပါရှိသည်။

(ဆက်လက်ဖော်ပြပါမည်)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဇန်နဝါရီ ၁၀

နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သူရ ဦးအောင်ထက်သည် နိုင်ငံခြားရေး ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးဇော်ဝွန်း၊ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်နှင့် ဦးထွန်းသိန်းတို့နှင့်အတူ ဥက္ကလာဂေါက်ကွင်းတွင် ယနေ့ ဂေါက်ရိုက်စဉ် ကျင်းအမှတ် ၁၂ ၌ ဒန်းလော့ပ်ဂွတ်ဆဲဗင်းဖြင့် Top Point No (3) ဘောလုံးကို ၁၂၆ ကိုက်အကွာအဝေးမှ ရိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။

(သတင်းစဉ်)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်တိုင်း ခရမ်းမြို့နယ် ကွမ်းမိုးဒိန်းစံပြကျေးရွာ ဇီဝပါလဆေးခန်းနှင့် ဓမ္မပါလ စာကြည့်တိုက် ဆောက်လုပ် လှူဒါန်းခြင်း ရေစက်ချမင်္ဂလာ အခမ်းအနား တွင် ဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းဆက်ကပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

▼ **ရှေ့ဖုံးမှ**

အဆိုပါအခမ်းအနားသို့ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယတိုင်းမှူး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ခရိုင်နှင့်မြို့နယ်၊ ရပ်ကွက်၊ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း ခရမ်းမြို့နယ် ကွမ်းမိုးဒိန်းစံပြကျေးရွာ ဇီဝပါလ ဆေးခန်းနှင့် ဓမ္မပါလ စာကြည့်တိုက် ဆောက်လုပ်လှူဒါန်းခြင်း ရေစက်ချ မင်္ဂလာအခမ်းအနားကို နံနက် ၈ နာရီ ၄၅ မိနစ်တွင် ကွမ်းမိုးဒိန်းစံပြကျေးရွာ သာသနဇောတိကဓမ္မာရုံ၌ ကျင်းပရာ မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ရာဇဓမ္မာဘိဝံသ အမှူးပြုသော ဆရာ တော် သံဃာတော်များ ကြွရောက်တော်မူကြသည်။

ဆက်ကပ်လှူဒါန်း

အစီအစဉ်အရ ရေစက်ချ မင်္ဂလာအခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်လိုက်သည်။

ထို့နောက် ခရမ်းမြို့နယ် ညောင်ပင်ကွင်းမြောက် ကျောင်းဆရာတော် ဘဒ္ဒန္တဝိဇယထံမှ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်အရှင်သူမြတ်တို့က ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ အလှူရှင်များက ဆရာတော် သံဃာတော်တို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ရာဇဓမ္မာဘိဝံသက အနုမောဒနာတရား ဟောကြားတော်မူပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ၊ အလှူရှင်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ရေစက်ချမင်္ဂလာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ဖွင့်လှစ်

ယင်းနောက် ခရမ်းမြို့နယ် ကွမ်းမိုးဒိန်း စံပြကျေးရွာရှိ ဇီဝပါလဆေးခန်း ဖွင့်ပွဲအစီအစဉ်ကို အဆိုပါ ဆေးခန်းရှေ့၌ ကျင်းပသည်။

အစီအစဉ်အရ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာမြဦး၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးဝေလွင်နှင့် အလှူရှင်များကိုယ်စား မန္တလေးတိုင်း မတ္တရာမြို့မှ အလှူရှင် ဦးရဲထွန်းတို့က ဇီဝပါလဆေးခန်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်တိုင်း ခရမ်းမြို့နယ် ကွမ်းမိုးဒိန်းစံပြကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ခန်းမ၌ ကွမ်းမိုးဒိန်း စံပြကျေးရွာ ဇီဝပါလဆေးခန်းနှင့် ဓမ္မပါလစာကြည့်တိုက်များကို သက်ဆိုင်ရာဌာနများသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားတွင် ခရမ်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတို့ကို ကျောင်းအုပ်ကြီးအားပေးအပ်စဉ်။
(သတင်းစဉ်)

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဇီဝပါလ ဆေးခန်း မော်ကွန်းကမ္ပည်းကျောက်စာ ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် ဇီဝပါလဆေးခန်းအတွင်း ကြည့်ရှုကြသည်။

ဆက်လက်၍ ခရမ်းမြို့နယ် ကွမ်းမိုးဒိန်းစံပြကျေးရွာရှိ ဓမ္မပါလ စာကြည့်တိုက်ဖွင့်ပွဲ အစီအစဉ်ကို အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

အစီအစဉ်အရ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းဦးနှင့် အလှူရှင်များကိုယ်စား မန္တလေးမြို့မှ

စာမျက်နှာ ၈ ကော်လံ ၁ သို့

ရန်ကုန်တိုင်း ခရမ်းမြို့နယ် ကွမ်းမိုးဒိန်းစံပြကျေးရွာ ဇီဝပါလ ဆေးခန်းကို တွေ့ရစဉ်။
(သတင်းစဉ်)

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

ဖူးမြော်ကြည်ညို

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ ရန်ကုန်တိုင်း ခရမ်းမြို့နယ် သကျမာရဇိန်သွန်းဘုရားကြီးအား ဖူးမြော်ကြည်ညိုစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၇ မှ

အလှူရှင် ဦးဝင်းနိုင်တို့က ဓမ္မပါလ စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် ဓမ္မပါလစာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ခရမ်းမြို့နယ် ကွမ်းမိုးဒိန်း စံပြကျေးရွာ ဇီဝပါလဆေးခန်းနှင့် ဓမ္မပါလစာကြည့်တိုက်များကို သက်ဆိုင်ရာဌာနများသို့ လွှဲပြောင်းပေးအပ်ပွဲအစီအစဉ်ကို ကွမ်းမိုးဒိန်းစံပြကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ခန်းမ၌ကျင်းပသည်။

အစီအစဉ်အရ မန္တလေးမြို့ မစိုးရိမ်တိုက်သစ် နာယကဆရာတော် ဘဒ္ဒန္တကောသလ္လာဘိဝံသ၏ဆေးခန်း၊စာကြည့်တိုက်နှင့်ပတ်သက်သည့် ရှင်းလင်းမိန့်ကြားလွှာကို ခရမ်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူးဦးမြင့်ဦးက ဖတ်ကြားသည်။

သင်ထောက်ကူပစ္စည်းပေးအပ်

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ခရမ်းမြို့အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတို့ကိုလည်းကောင်း၊ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတို့ကိုလည်းကောင်း၊ ကွမ်းမိုးဒိန်း စံပြကျေးရွာ အခြေခံပညာ အလယ်တန်း ကျောင်း(ခွဲ)အတွက် ကွန်ပျူတာနှင့်သင်ထောက်ကူပစ္စည်းများကိုလည်းကောင်း သက်ဆိုင်ရာကျောင်းအုပ်ကြီးများအားပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကွမ်းမိုးဒိန်း စံပြကျေးရွာ ဇီဝပါလဆေးခန်းအတွက် ဆေးပစ္စည်းနှင့် ငွေပဒေသာပင်အလှူငွေများကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအားပေးအပ်သည်။

စာအုပ်များပေးအပ်

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက ကွမ်းမိုးဒိန်း စံပြကျေးရွာ ဓမ္မပါလ စာကြည့်တိုက်အတွက် စာအုပ်များကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအားပေးအပ်သည်။

ထို့နောက် ဇီဝပါလဆေးခန်းနှင့် ဓမ္မပါလစာကြည့်တိုက်အတွက် မိဘများကို အမှူးထား၍ ဦးရဲထွန်း (မတ္တရာမြို့)က အလှူငွေ ကျပ် ၉၃၃၃၀၀၊ ဦးခင်မောင်ဆွေ - ဒေါ်မြင့်မြင့်ဒွေး မိသားစု (မတ္တရာမြို့)က အလှူငွေကျပ် ၈၈၃၃၀၀၊ ဦးခင်မောင်စိုး-ဒေါ်ဝင်းစန္ဒာမိသားစု(မတ္တရာမြို့)က အလှူငွေကျပ် ၈၈၃၃၀၀၊ဦးဝင်းနိုင်-ဒေါ်တင်တင်ဝင်း မိသားစု (မန္တလေးမြို့)က အလှူငွေကျပ် ၇၀၀၀၀၀၊ဦးကျော်ဝင်း-ဒေါ်သိန်းသိန်းမိသားစု (မန္တလေးမြို့)က အလှူငွေကျပ် ၅၅၀၀၀၀၊ဦးဇော်မိုး-နန်းရွှေယုမိသားစု (မန္တလေးမြို့)က အလှူငွေကျပ် ၅၀၀၀၀၀၊ဦးမောင်ကို-ဒေါ်ရွှေဥ မိသားစု (မန္တလေးမြို့)က အလှူငွေကျပ် ၅၀၀၀၀၀၊ ဦးအောင်နိုင်ဦး-ဒေါ်ကြည်ကြည်မြ မိသားစု (မန္တလေးမြို့) က အလှူငွေကျပ် ၄၀၀၀၀၀၊ (မန္တလေးမြို့)အလှူရှင်အဖွဲ့ကိုယ်စား ဦးအေးရွှေက အလှူငွေကျပ် ၁၀၅၀၀၀၀၊ ဦးခင်မောင်-ဒေါ်သောင်းခင်မိသားစု (မန္တလေးမြို့)က အလှူငွေကျပ် ၂၀၀၀၀၀၊ ဦးအောင်ဘာလေ-ဒေါ်လှကြည်မိသားစု (ခရမ်းမြို့)က အလှူငွေကျပ် ၂၀၀၀၀၀၊ ဦးခင်မောင်ဆွေ-ဒေါ်မြင့်မြင့်အေး မိသားစု (မန္တလေးမြို့)က အလှူငွေကျပ် ၂၀၀၀၀၀၊ ဦးလှမင်း- ဒေါ်သန်းသန်းဒွေးမိသားစု (မန္တလေးမြို့)က အလှူငွေကျပ် ၂၀၀၀၀၀၊ ဦးထွေး-ဒေါ်ကျင်ဆွေမိသားစု(ခရမ်းမြို့)က အလှူငွေကျပ် ၂၀၀၀၀၀၊ ဦးမောင်မောင်လေး (ခ) ဦးဇော်ဝင်း - ဒေါ်နွယ်နွယ်ဦး မိသားစု (မန္တလေးမြို့)က အလှူငွေကျပ် ၂၀၀၀၀၀၊ ဦးသန်းဝင်း- ဒေါ်ခင်ထွေးမိသားစု (မန္တလေးမြို့)က အလှူငွေကျပ် ၂၀၀၀၀၀၊ ဦးထွန်းသန်း-ဒေါ်ဝင်းဝင်းနိုင်မိသားစု(မန္တလေးမြို့)က အလှူငွေကျပ် ၂၀၀၀၀၀၊ ဦးမြင့်ဝေ-ဒေါ်မြင့်မြင့်ဒွေးမိသားစု (မန္တလေးမြို့)က အလှူငွေကျပ်၂၀၀၀၀၀၊ ဦးဒွေးအောင်-ဒေါ်လှလှမိသားစု (မန္တလေးမြို့)က အလှူငွေကျပ်၂၀၀၀၀၀၊ ဦးဟန်ဒွေးမိသားစု (မန္တလေးမြို့)က အလှူငွေကျပ်၂၀၀၀၀၀နှင့်ဆေးခန်းနှင့်စာကြည့်တိုက် ဖြစ်မြောက်ရေး ကော်မတီဝင် ဦးလှမြင့်က ကွမ်းမိုးဒိန်း စံပြကျေးရွာ အလှူရှင်များနှင့် အခြားသော အလှူရှင်များ၏ စုပေါင်း လှူဒါန်းငွေကျပ် ၃၉၄၀၈၀၀ အပါအဝင် အလှူရှင်များကငွေကျပ်၁၂၅၄၀၇၀၀ကိုပေးအပ်လှူဒါန်းကြရာလူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ မွေး မြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့က လက်ခံကြသည်။

အထိမ်းအမှတ်အလံပေး

ယင်းနောက် ဆေးခန်း၊ စာကြည့်တိုက်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးအေးက ဇီဝပါလဆေးခန်းနှင့် ပတ်သက်သော စာရွက်စာတမ်းများကိုလည်းကောင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင်နွယ်ကြည်က အထိမ်းအမှတ်အလံကိုလည်းကောင်း ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်အား ပေးအပ်သည်။

ဆက်လက်၍ ဆေးခန်း၊ စာကြည့်တိုက် ဖြစ်မြောက်ရေးကော်မတီအတွင်းရေးမှူး ဦးမြင့်ဆွေက ဓမ္မပါလ စာကြည့်တိုက်နှင့် ပတ်သက်သော စာရွက်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးတင်မောင်အေးအားလည်းကောင်း၊ ခရိုင်ဦးစီးအရာရှိ ဦးတင်မောင်အေးက အထိမ်းအမှတ်အလံကို ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းအားလည်းကောင်း ပေးအပ်ကြသည်။

ဆက်လက်၍ ဆေးခန်းနှင့်စာကြည့်တိုက် ဖြစ်မြောက်ရေးကော်မတီဝင် ဦးမြင့်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် ယနေ့ခရမ်းမြို့နယ် ကွမ်းမိုးဒိန်း စံပြကျေးရွာအတွက် ဆေးပေးခန်းနှင့် စာကြည့်တိုက်တို့ကို အသစ်တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့သဖြင့် မင်္ဂလာရှိသည့်နေ့တစ်နေ့ဖြစ်ပါကြောင်း။

ယနေ့အချိန်အခါတွင် နိုင်ငံတော်အကြီးအကဲအနေဖြင့်အခြေခံကျေးလက်နှင့် နယ်စပ်ဒေသများအထိ အရောက်သွားပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ဒေသနေပြည်သူများ လူနေမှုဘဝနှင့် စီးပွားတိုးတက်မြင့်မားရေးတို့အတွက် လိုအပ်ချက်များ၊ ဆောင်ရွက်ပေးဖွယ်ရာများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက ရန်ကုန်တိုင်း ခရမ်း မြို့နယ် ကွမ်းမိုးဒိန်း စံပြကျေးရွာ ဓမ္မပါလ စာကြည့်တိုက် အတွက် စာအုပ်များကို မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌသို့ ပေးအပ်စဉ်။ (သတင်းစဉ်)

လူသားစွမ်းရည်

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်သည့် လူသားစွမ်းရည်အရင်းအမြစ်များကိုလည်း ပြုစုပျိုးထောင်ပေးလျက် ရှိနေကြောင်း၊ အချို့သောနိုင်ငံများတွင် သယံဇာတမကြွယ်ဝသော်လည်း လူသားစွမ်းရည်အရင်းအမြစ်များဖွံ့ဖြိုးတိုးတက်မှုများကြောင့် ကမ္ဘာ့အလယ်တွင် တင့်တင့်တယ်တယ်ဖြစ်ထွန်းနေသည်ကို တွေ့ရှိရကြောင်း။

စနစ်တကျအသုံးချ

နိုင်ငံတော် အကြီးအကဲအနေဖြင့် မိမိနိုင်ငံတော်ကိုတည်ဆောက်ပေးမည့် လူသားစွမ်းရည်အရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ရေးကို ဘက်ပေါင်းစုံကပြုစုပျိုးထောင်လျက်ရှိနေသည့်အချိန်အခါဖြစ်ကြောင်း။

ရပ်မိ ရပ်ဖများ၊ ကျောင်းသားလူငယ်များအနေဖြင့် မိမိတို့လက်ထက်တွင် ရရှိလာသည့် အခွင့်အလမ်းကောင်းများကို အကျိုးရှိရှိအသုံးပြုပြီး မိမိတို့လူနေမှုဘဝနှင့် ပညာရေး၊ ကျန်းမာရေးတိုးတက်မြင့်မားလာရအောင် စနစ်တကျအသုံးချသွားကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့သည် ခရမ်းမြို့သို့ရောက်ရှိကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ခရမ်းမြို့ ဗြဟ္မစိုရ်ခန်းမ၌ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ခရမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းဦးက မြို့နယ်အတွင်း မိုးစပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုးနိုင်မှု အခြေအနေ၊ ကြက်နှင့်ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်းများ အခြေအနေ၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းတံတားလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေသော လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဒေသဖွံ့ဖြိုးရေး

ထို့နောက် သုံးခွမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်အေးက သုံးခွမြို့နယ်၏ မိုးစပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ စိုက်ပျိုးထားမှု အခြေအနေ၊ ယမန်နှစ်ကထက် ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်မှု၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းတံတားလုပ်ငန်း၊ ဆက်သွယ်ရေး၊ ကျေးလက်သောက်သုံးရေရရှိရေး အပါအဝင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သန်လျင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဇော်ဝင်းက မြို့နယ်၏ မိုးစပါး၊ နွေစပါး၊ ဆောင်းသီးနှံ၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ ရာသီသီးနှံ၊ ဥယျာဉ်သီးနှံများ စိုက်ပျိုး

ရန်ကုန်တိုင်း ခရမ်းမြို့နယ် ကွမ်းမိုးဒိန်းစံပြကျေးရွာရှိ ဓမ္မပါလ စာကြည့်တိုက်ကို တွေ့ရစဉ်။ (သတင်းစဉ်)

ဝဲပုံမှာ အမေရိကန်တပ်ဖွဲ့ဝင်များ အဖျက်စွမ်းအားကြီး လက်နက်များကို ရှာဖွေရန် ဓာတုလက်နက်ကာကွယ်ရေး ဝတ်စုံအပြည့် ဝတ်ဆင်ထားသည်ကို တွေ့ရစဉ်။

(ဂျော့ဒဗလျူဘုရှ်၏ အစိုးရက အီရတ်နိုင်ငံ၏ အဖျက်စွမ်းအားကြီးလက်နက်များကိစ္စများနှင့် ပတ်သက်ပြီး လွဲမှားစေရန် စနစ်တကျ လိမ်ညာ တင်ပြခဲ့သည်ဟု ဝါရှင်တန်ရှိ ပညာရှင်အဖွဲ့တစ်ဖွဲ့က ပြောဆိုသည်။)

(ဓာတ်ပုံ-အင်တာနက်)

ဇန်နဝါရီ ၉ ရက်က တီကရစ်မြို့တွင် ညအချိန်၌ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး လုံခြုံရေးစောင့်ကြပ်နေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘုရှ်အစိုးရ အီရတ်၏အဖျက်စွမ်းအားကြီးလက်နက်ကိစ္စ စနစ်တကျလိမ်ညာခဲ့ဟုဆို ဘလက်ဟော့ခ်ရဟတ်ယာဉ်ပစ်ချခံရ၍ အမေရိကန်တပ်ဖွဲ့ဝင်ကိုးဦးသေဆုံး

ဇန်နဝါရီ ၇ ရက်က မြို့တော်ဘဂ္ဂဒက်၌ ကင်းလှည့်ပျံသန်းနေသော အမေရိကန် ဘလက်ဟော့ခ် ရဟတ်ယာဉ်တစ်စီးကို တွေ့ရစဉ်။

(ဇန်နဝါရီ ၈ ရက်က ဘလက်ဟော့ခ် ရဟတ်ယာဉ်တစ်စင်းမှာ အီရတ်၌ ပစ်ချခံရ၍ အမေရိကန် တပ်ဖွဲ့ဝင်ကိုးဦး သေဆုံးသွားသည်။ စီ-၅ ပို့ဆောင်ရေး လေယာဉ်ကြီးမှာလည်း မြေပြင်မှပစ်ခတ်သဖြင့် ထိမှန်ပြီးနောက် လူတစ်ဒါဇင်ခန့် အသက်ဘေးမှ သီသီလေးလွတ်သွားကြောင်း အင်တာနက်သတင်း တစ်ရပ်အရ သိရသည်။)

(ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း

ဇန်နဝါရီ ၉ ရက်က တီကရစ်မြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်းတိုက်ခိုက်ရာ၌ အီရတ်လူမျိုးများအား မတရားဖမ်းဆီးထားစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဇန်နဝါရီ ၈ ရက်က ဖော်လူဂျာမြို့အနီး ဘလက်ဟော့ခ်ရဟတ်ယာဉ် ပစ်ချခဲ့ပြီးနောက် အမေရိကန်ကင်းထောက်ရဟတ်ယာဉ်တစ်စင်းက နေရာအနှံ့ လိုက်လံရှာဖွေနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်တို့အား အုပ်ချုပ်ရေးအမြန်လွှဲပြောင်းပေးရန် ပြင်သစ်သမ္မတ ရှီရက် ထပ်လောင်းပြောကြား

ပါရီ ဇန်နဝါရီ ၉

အီရတ်တို့ကို မြန်မြန်ထက်ထက် အုပ်ချုပ်ရေးလွှဲပြောင်းပေးရန် လိုအပ်ကြောင်း ပြင်သစ်သမ္မတ ဂျက်ရှီရက်က ကြာသပတေးနေ့တွင် ထပ်လောင်းပြောကြားလိုက်ပြီး အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့များကိုလည်း သိမ်းပိုက်ခြင်း၏ခံစားချက်ကို သတိပေးလိုက်သည်။

အီရတ်ပြန်လည်တည်ဆောက်ရေးအတွက် ကုလသမဂ္ဂမှတစ်ဆင့် နိုင်ငံတကာအသိုင်းအဝိုင်း၏ အခိုင်အမာရှိမှုသည် မရှိမဖြစ်လိုအပ်သည်ဟုလည်း ပြင်သစ်သံတမန်တပ်ဖွဲ့သို့ နှစ်သစ်ကူးသဝဏ်လွှာပေးပို့ရာတွင် သမ္မတရှီရက်က ထပ်မံပြောကြားလိုက်သည်။

အနာဂတ်ကိုကြည့်လျှင် မိမိတို့၏ဘုံရည်မှန်းချက်မှာ အိမ်နီးချင်းများနှင့် ငြိမ်းချမ်းမှုရှိသော အချုပ်အခြာအာဏာပိုင်သည့် တည်ငြိမ်သည့်အလားအလာရှိပြီး ဒီမိုကရေစီကျသည့် အီရတ်နိုင်ငံထူထောင်ခြင်းပင်ဖြစ်ကြောင်း သမ္မတရှီရက်က ပြောဆိုသည်။

အီရတ်တို့ကို အချုပ်အခြာပိုင်မှု အမြန်ဆုံးလွှဲပေးခြင်းမရှိဘဲ အီရတ်၌ ဖြေရှင်းချက်တစ်ရပ်ရှိမည် မဟုတ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် သိမ်းပိုက်ခြင်း၏ခံစားချက်သည် အချိန်မရွေး၊ နေရာမရွေး၌ တူညီသောတုံ့ပြန်မှုများ နိုးကြွလာခြင်းကြောင့် ဖြစ်ကြောင်း ရှီရက်က ပြောဆိုသည်။

ဥပဒေနှင့်အညီ

အီရတ်၏ နိုင်ငံရေးနှင့် စီးပွားရေးကို ပြန်လည်တည်ဆောက်ရာတွင် ကုလသမဂ္ဂသည်သာ ဥပဒေနှင့်အညီဖြစ်သည်ဟုလည်း ရှီရက်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

၂၀၀၃ ခုနှစ် ဒီဇင်ဘာ၌ ဒဏ်ရာရသော ကန်တပ်ဖွဲ့ဝင် ၅၃၀ ရှိ တိုက်ပွဲကာလ ဒဏ်ရာရခဲ့သည့်ဦးရေထက်အနည်းငယ်သာလျော့

ဝါရှင်တန် ဇန်နဝါရီ ၉

အီရတ်နိုင်ငံတွင် ဒီဇင်ဘာလထဲ၌ ထိခိုက်ဒဏ်ရာရရှိခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၅၃၀ ရှိရာ လွန်ခဲ့သည့် နွေဦးရာသီက တိုက်ပွဲဖြစ်ပွားစဉ်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခဲ့သော တပ်ဖွဲ့ဝင်ဦးရေ ၅၅၀ ထက် အနည်းငယ်သာလျော့ကြောင်း ကာကွယ်ရေးဌာနက ထုတ်ပြန်သည့် ကိန်းဂဏန်းများအရ သိရသည်။

ဒီဇင်ဘာလမတိုင်မီက တစ်လချင်းအလိုက် ဒဏ်ရာရသည့်ကိန်းဂဏန်းများကို စာရင်းကောက်ယူရန်မှာ မဖြစ်ခဲ့ကြောင်း၊ အဘယ်ကြောင့်ဆိုသော် နိုဝင်ဘာလကုန်ပိုင်း၌သာ နေ့စဉ် သေဆုံးသူများ၏စာရင်းကို ပင်တဂွန်က ထုတ်ပေးသောကြောင့်ဖြစ်ကြောင်း ကာကွယ်ရေးဌာနမှ စာရင်းဇယားပြုစုသော ပိုက်ခ်အုပ်၏ ကမ္ဘာ့လုံခြုံရေးအဖွဲ့ ညွှန်ကြားရေးမှူး ဂျွန်ပိုက်ခ်က ပြောကြားသည်။

ဒဏ်ရာရ

သို့ရာတွင် ဂျွန်ပိုက်ခ်က ပင်တဂွန်က ယခင်ထုတ်ပေးသော သတင်းအစီရင်ခံစာအရ မေလမှ ဩဂုတ်အထိ တိုက်ပွဲ၌ဒဏ်ရာရသူ အမေရိကန်တပ်ဖွဲ့ဝင် ၅၇၀ ရှိပြီး စက်တင်ဘာမှ နိုဝင်ဘာထိ ဒဏ်ရာရသူ တပ်ဖွဲ့ဝင် ၁၀၅၂ ဦးရှိကြောင်း ပြောဆိုသည်။

သေဆုံး

အမေရိကန်တပ်ဖွဲ့များကို အထူးသဖြင့် ရဟတ်ယာဉ်များဖြင့် တိုက်ခိုက်ရာ၌ နိုဝင်ဘာလသည် ခွင်းချက်ဖြစ်ခဲ့သည်။ ထိုလတွင် သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၈၁ ဦးမျှ ရှိခဲ့သည်။ **(အင်တာနက်)**

ရေနံအရင်းအမြစ်ထိန်းချုပ်ရန် အီရတ်ကို အမေရိကန်စစ်ဆင်နွှဲခဲ့

ဝါရှင်တန် ဇန်နဝါရီ ၉

အီရတ်နိုင်ငံ ရေနံလုပ်ငန်း ကြီးကြပ်ဆောင်ရွက်ရန် အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့မှ အာဏာပိုင်များ၊ အီရတ် ကြားဖြတ်အုပ်ချုပ်မှုကောင်စီမှ တာဝန်ရှိသူများ ပါဝင်မည့် နိုင်ငံပိုင်ကုမ္ပဏီတစ်ခုဖွဲ့စည်းရန် စီစဉ်နေကြောင်း သိရသည်။ အီရတ်နိုင်ငံ၏ ကြွယ်ဝသော ရေနံအရင်းအမြစ်ကို ထိန်းချုပ်လိုသည့်အတွက် အီရတ်နိုင်ငံအပေါ် အမေရိကန်တို့ စစ်ပွဲဆင်နွှဲခဲ့ခြင်းဖြစ်ကြောင်း ဝေဖန်မှုများ ထွက်ပေါ်လာခဲ့သည်။ ယင်းအချက်ကြောင့် ကုမ္ပဏီဖွဲ့စည်းရေးမှာ ကာလကြာမြင့်ဖွယ်ရှိပြီး နိုင်ငံတကာရေနံကုမ္ပဏီကြီးများကလည်း လက်ဝါးကြီးအုပ်ချုပ်ခွင့်မရသည့်အတွက် စိတ်ပျက်သွားဖွယ်ရှိသည်။ နိုင်ငံတကာဆိုင်ရာ ရေနံကွန်ဖရင့်တစ်ရပ်ကို လာမည့်လတွင် ဘဂ္ဂဒက်၌ ကျင်းပရန်ရှိရာ အဆိုပါအစည်းအဝေး၌ အသေးစိတ်ညှိနှိုင်းကြဖွယ်ရှိကြောင်း သိရသည်။ **(စီအင်န်အင်န်)**

ဇန်နဝါရီ ၉ ရက်က တီကရစ်မြို့တွင် နေအိမ်များအတွင်း စီးနင်းရှာဖွေနေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

လေယာဉ်ပျက်မှ သေတ္တာနက်၏သတင်းပို့ချက်လက်ခံရရှိ စက်ရုပ်လက်တံအသုံးပြုပြီး သေတ္တာနက်ကိုဆယ်ယူမည်

ကိုင်ရို ဇန်နဝါရီ ၉

အီဂျစ်နိုင်ငံ ရှမ်အယ်လ်ရှိတ်မြို့မှ ပျံတက်စဉ် ပင်လယ်နီထဲသို့ ပျက်ကျသွားသော လေယာဉ်မှ ခရီးစဉ်မှတ်တမ်းသေတ္တာနက်များမှ အချက်ပြမှုကို ရှာဖွေရေးအဖွဲ့များက လက်ခံရရှိခဲ့သည်။ အဆိုပါ သေတ္တာနက်များသည် ပင်လယ်အောက် မီတာ ၈၀၀ မှ ၁၀၀၀ အထိ အနက်၌ တည်ရှိနေခြင်းကြောင့် လက်ရှိရှာဖွေဆယ်ယူရေးစက်ရုပ်များအနေဖြင့် လက်လှမ်းမမီဘဲ ရှိနေသည်။ ထို့ကြောင့် ဆူပါအက်ချီလီစက်ရုပ်ကို သယ်ဆောင်သွားသော သင်္ဘောတစ်စင်းသည် ပြင်သစ်မှထွက်ခွာသွားပြီဖြစ်ကာ ခရီးစဉ်မှာ ခုနစ်ရက်ကြာမြင့်မည်ဖြစ်သည်။

အဆိုပါစက်ရုပ်ကို သံမဏိလှောင်အိမ်ဖြင့် လေယာဉ်ပျက်ရှိရာသို့ ချပေးပြီး သေတ္တာနက်ကို စက်ရုပ်လက်တံအသုံးပြုကာ ဆွဲယူမည်ဖြစ်သည်။ ရေအောက်၌ဖြစ်ပေါ်နေသော အခြေအနေပေါ်မူတည်ပြီး ရေငုပ်ကာ ရယူရန် သို့မဟုတ် ကြိုးဖြင့်ဆွဲယူရန် ဆောင်ရွက်မည်ဖြစ်သည်။ သမုဒ္ဒရာရေစီးအား မပြင်းထန်သေးသရွေ့ သေတ္တာနက်များကို ဆယ်ယူရရှိနိုင်ကြောင်း သိရသည်။**(စီအက်ဖ်အိုင်)**

အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက် အခြားဒေသဆိုင်ရာပဋိပက္ခများ၌ သေဆုံးသူ အမေရိကန် တပ်ဖွဲ့ဝင်များထက် ပိုမိုများပြား

ဘဂ္ဂဒက် ဇန်နဝါရီ ၉

အီရတ်နိုင်ငံတွင် လွန်ခဲ့သည့် မတ်လမှစပြီး သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေသည် ၅၀၀ နီးပါးရှိသွားပြီဖြစ်ရာ လွန်ခဲ့သည့် ဆယ်စုနှစ်အနည်းငယ်အတွင်း ဖြစ်ပွားခဲ့သော ဒေသဆိုင်ရာ ပဋိပက္ခမှုအများအပြားတွင် သေဆုံးခဲ့ရသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေထက် ပိုသွားပြီဖြစ်သည်။

လွန်ခဲ့သည့် ဆယ်စုနှစ်အနည်းငယ်အတွင်းဖြစ်ပွားခဲ့သော ဒေသဆိုင်ရာ ပဋိပက္ခမှုများမှာ ပင်လယ်ကွေ့စစ်ပွဲ၊ လက်ဘနွန်၊ ဆိုမာလီ၊ ပနားမား၊ ဂရင်နာဒါ၊ ကိုဆိုဗိုနှင့် အာဖဂန်နစ္စတန်ဒေသဆိုင်ရာ ပဋိပက္ခမှုများ ဖြစ်သည်။

ဖော်လူဂျာအနီး၌ ပစ်ချခံရသည်ဟု ယုံကြည်ရသော ဘလက်ဟော့ခ်ရဟတ်ယာဉ် ကြာသပတေးနေ့က ပျက်ကျမှု၌ သေဆုံးသွားသော အမေရိကန်တပ်ဖွဲ့ဝင်ကိုးဦး အပါအဝင် ယခုအခါ အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၄၉၄ ဦးရှိသွားပြီ ဖြစ်သည်။

အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေသည် ၁၉၉၁ ခုနှစ်က ဖြစ်ပွားခဲ့သော ပထမပင်လယ်ကွေ့စစ်ပွဲ၌ စုစုပေါင်းသေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်အရေအတွက်ထက် ကျော်လွန်သွားပြီဖြစ်သည်။ ၁၉၉၁ခုနှစ် ပထမပင်လယ်ကွေ့စစ်ပွဲ၌ သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၃၁၅ဦး ဖြစ်သည်။ **(အင်တာနက်)**



ဆပ်ကပ်

ဇန်နဝါရီ ၈ ရက်က လန်ဒန်မြို့ ရွိုင်ရယ် အယ်လ်ဘတ်ခန်းမ၌ ပြုလုပ်သည့် ဆာဂျူဆိုလေးလ်ဆပ်ကပ်အဖွဲ့၏ ဒွါလီရွန်ပြကွက်သစ်ကို အစမ်းလေ့ကျင့်နေသည့်ဆပ်ကပ်အဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ကမ္ဘာကြီး ယခုထက် အနည်းငယ်ပိုပူနွေးလာလျှင် မျိုးစိတ်သုံးပုံတစ်ပုံ မျိုးသုဉ်းပျောက်ကွယ်သွားနိုင်

လန်ဒန် ဇန်နဝါရီ ၉

ဟင်းသီးဟင်းရွက်နှင့် တိရစ္ဆာန်မျိုးစိတ်ပေါင်း တစ်သန်းခန့်သည် ကမ္ဘာကြီးပူနွေးလာမှုကြောင့် ၂၀၅၀ ပြည့်နှစ်မတိုင်မီ မျိုးသုဉ်းပျောက်ကွယ်သွားနိုင်ကြောင်း လေ့လာသုတေသနပြုချက်တစ်ရပ် နေးချားမဂ္ဂဇင်းတွင် ဖော်ပြပါရှိသည်။

ဆင်များ၊ ပင်ဒါနီများ၊ ဖျံများသည် လာမည့်ရာစုနှစ်အတွင်းမှာ ပျောက်ကွယ်သွားနိုင်ကြောင်း၊ ကမ္ဘာကြီးပူနွေးလာမှုသည် အပင်များနှင့် သတ္တဝါများကို ထိခိုက်ပျက်စီးစေကြောင်း သုတေသီများက ရှာဖွေတွေ့ရှိခဲ့ပြီး မျိုးသုဉ်းပျောက်ကွယ်လုနီးပါးဖြစ်နေသည့် မျိုးစိတ်များသည် ပျောက်ကွယ်သွားမည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာကြီးပူနွေးလာမှု အနည်းငယ်သာမြင့်တက်လာပါက မျိုးစိတ်များ၏ သုံးပုံတစ်ပုံသည် လာမည့်ရာစုနှစ်အတွင်းမှာ မျိုးသုဉ်းသွားနိုင်ပြီး ကမ္ဘာကြီးပူနွေးမှု ပိုမိုမြင့်တက်လာပါက မျိုးစိတ် ထက်ဝက်ခန့် မျိုးသုဉ်းပျောက်ကွယ်သွားနိုင်ကြောင်း သိရသည်။ **(စီအင်န်အင်န်)**

(၅၆)နှစ်မြောက်လွတ်လပ်ရေးနေ့
ကမ္ဘာ့နိုင်ငံများမှ နိုင်ငံ့အကြီးအကဲများ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

ရန်ကုန် ဇန်နဝါရီ ၁၀

ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စု မြန်မာ နိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့လည်းကောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံသို့လည်းကောင်း ကမ္ဘာ့နိုင်ငံများမှ နိုင်ငံ့အကြီးအကဲများနှင့် ဝန်ကြီးချုပ်များက လွတ်လပ်ရေးနေ့သဝဏ်လွှာများ အသီးသီး ဆက်လက်ပေးပို့လျက်ရှိသည်။

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ

၂၀၀၄ခုနှစ် ဇန်နဝါရီလ ၄ ရက် တွင်ကျရောက်သော ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံသမ္မတ မစ္စတာ ထရန်ဒတ်လွန်ထံမှ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင်အဆွေတော်နှင့် အဆွေတော်မှတစ်ဆင့် မြန်မာပြည်သူများထံ မိမိလှိုက်လှဲနွေးထွေးစွာ ဝမ်းမြောက်ကြောင်း နှုတ်ခွန်းဆက်သဝဏ်လွှာ ပေးပို့ပါကြောင်း၊ မြန်မာနိုင်ငံကို ကြီးပွားတိုးတက်သော နိုင်ငံအဖြစ်သို့ တည်ဆောက်ရာတွင် အောင်မြင်မှုများ မြန်မာပြည်သူတို့ ဆက်လက်၍ ဖြစ်ထွန်းရရှိမည်ကို မိမိတို့ဆန္ဒပြုပါကြောင်းနှင့်မြန်မာပြည်သူများ ပျော်ရွှင်ချမ်းမြေ့စေရန် ဆုမွန်ကောင်းများပို့သပါကြောင်း၊ အဆွေတော် ကျန်းမာပျော်ရွှင်စေရန်လည်း ဆုမွန်ကောင်းများပို့သပါကြောင်း၊ မကြာသေးသော နှစ်များအတွင်း၌ မိမိတို့၏ အစဉ်အလာချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ ဖြစ်ထွန်းအောင်မြင်မှုသစ်များရရှိခဲ့သည်ကို မိမိတို့သတိပြုမိပါကြောင်းဖော်ပြပါရှိသည်။

အလားတူ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံသို့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဖန်ဗန်ခိုင်ထံမှလည်း လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့သည်။

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ

၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၄ ရက်၌ ကျရောက်သော ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာခမ်တေးဆီဖန်ဒုံထံမှ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အစိုးရနှင့် လာအိုပြည်သူများကိုယ်စားနှင့် မိမိကိုယ်တိုင်အဆွေတော်နှင့် ချစ်ကြည်ရင်းနှီးသော မြန်မာပြည်သူများထံ လွတ်လပ်ရေးနေ့သဝဏ်လွှာကို ဝမ်းမြောက်ဂုဏ်ယူစွာ ပေးပို့ပါကြောင်း ဖော်ပြပါရှိသည်။

အလားတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံသို့ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဘွန်ညံဗိုရာချစ်ထံမှလည်း လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့သည်။

အိန္ဒိယသမ္မတနိုင်ငံ

၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၄ ရက်၌ကျရောက်သော ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံသို့ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်အာတားလ်ဘီဟာရီဗာ့ဂျ်ပါယီထံမှ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်ထံ မိမိလှိုက်လှဲနွေးထွေးစွာ သဝဏ်လွှာပို့သပါကြောင်း၊ မြန်မာနိုင်ငံနှင့်ရင်းနှီးစွာ ဆက်ဆံရေးအလွန်ကြီးမှုကို အိန္ဒိယနိုင်ငံက အလေးထားပါကြောင်း၊ အဆွေတော်ချမ်းသာသုခနှင့် ပြည့်စုံစေရန်နှင့် မြန်မာပြည်သူများဆက်လက်၍ ကြီးပွားတိုးတက်စေရန်အတွက် မိမိဆုမွန်ကောင်းများ ပို့သပါကြောင်း ဖော်ပြပါရှိသည်။

(ဆက်လက်ဖော်ပြပါမည်)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဇန်နဝါရီ ၁၀

နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရ ဦးအောင်ထက်သည် နိုင်ငံခြားရေး ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးဇော်ဝွန်း၊ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်နှင့် ဦးထွန်းသိန်းတို့နှင့် အတူ ဥက္ကလာဂေါက်ကွင်းတွင် ယနေ့ ဂေါက်ရိုက်စဉ် ကျင်းအမှတ် ၁၂ ၌ ဒန်းလော့ဂွတ်ဆဲဗင်းဖြင့် Top Point No (3) ဘောလုံးကို ၁၂၆ ကိုက် အကွာအဝေးမှ ရိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။

(သတင်းစဉ်)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်တိုင်း ခရမ်းမြို့နယ် ကွမ်းမိုးဒိန်းစံပြကျေးရွာ ဇီဝပါလဆေးခန်းနှင့် ဓမ္မပါလ စာကြည့်တိုက် ဆောက်လုပ် လှူဒါန်းခြင်း ရေစက်ချမင်္ဂလာ အခမ်းအနားတွင် ဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

▼ ရှေ့ဖုံးမှ

အဆိုပါအခမ်းအနားသို့ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယတိုင်းမှူး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ခရိုင်နှင့်မြို့နယ်၊ ရပ်ကွက်၊ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း ခရမ်းမြို့နယ် ကွမ်းမိုးဒိန်းစံပြကျေးရွာ ဇီဝပါလ ဆေးခန်းနှင့် ဓမ္မပါလ စာကြည့်တိုက် ဆောက်လုပ်လှူဒါန်းခြင်း ရေစက်ချ မင်္ဂလာအခမ်းအနားကို နံနက် ၈ နာရီ ၄၅ မိနစ်တွင် ကွမ်းမိုးဒိန်းစံပြကျေးရွာ သာသနဇောတိကဓမ္မာရုံ၌ ကျင်းပရာ မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ရာဇဓမ္မာဘိဝံသ အမှူးပြုသော ဆရာ တော် သံဃာတော်များ ကြွရောက်တော်မူကြသည်။

ဆက်ကပ်လှူဒါန်း

အစီအစဉ်အရ ရေစက်ချ မင်္ဂလာ အခမ်းအနားကို နမောတဿ သုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်လိုက်သည်။

ထို့နောက် ခရမ်းမြို့နယ် ညောင်ပင်ကွင်းမြောက် ကျောင်းဆရာတော် ဘဒ္ဒန္တဝိဇယထံမှ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်အရှင်သူမြတ်တို့က ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ အလှူရှင်များက ဆရာတော် သံဃာတော်တို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ရာဇဓမ္မာဘိဝံသက အနုမောဒနာတရား ဟောကြားတော်မူပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ၊ အလှူရှင်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ရေစက်ချမင်္ဂလာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ဖွင့်လှစ်

ယင်းနောက် ခရမ်းမြို့နယ် ကွမ်းမိုးဒိန်း စံပြကျေးရွာရှိ ဇီဝပါလဆေးခန်း ဖွင့်ပွဲအစီအစဉ်ကို အဆိုပါ ဆေးခန်းရှေ့၌ ကျင်းပသည်။

အစီအစဉ်အရ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာမြဦး၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယ တိုင်းမှူး ဗိုလ်မှူးကြီးဝေလွင်နှင့် အလှူရှင်များကိုယ်စား မန္တလေးတိုင်း မတ္တရာမြို့မှ အလှူရှင် ဦးရဲထွန်းတို့က ဇီဝပါလဆေးခန်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဇီဝပါလ ဆေးခန်း မော်ကွန်းကမ္ပည်းကျောက်စာ ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် ဇီဝပါလဆေးခန်းအတွင်း ကြည့်ရှုကြသည်။

ဆက်လက်၍ ခရမ်းမြို့နယ် ကွမ်းမိုးဒိန်းစံပြကျေးရွာရှိ ဓမ္မပါလ စာကြည့်တိုက်ဖွင့်ပွဲ အစီအစဉ်ကို အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

အစီအစဉ်အရ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းဦးနှင့် အလှူရှင်များကိုယ်စား မန္တလေးမြို့မှ

စာမျက်နှာ ၈ ကော်လံ ၁ သို့

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်တိုင်း ခရမ်းမြို့နယ် ကွမ်းမိုးဒိန်းစံပြကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ခန်းမ၌ ကွမ်းမိုးဒိန်း စံပြကျေးရွာ ဇီဝပါလဆေးခန်းနှင့် ဓမ္မပါလစာကြည့်တိုက်များကို သက်ဆိုင်ရာဌာနများသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားတွင် ခရမ်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတို့ကို ကျောင်းအုပ်ကြီးအားပေးအပ်စဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်း ခရမ်းမြို့နယ် ကွမ်းမိုးဒိန်းစံပြကျေးရွာ ဇီဝပါလ ဆေးခန်းကို တွေ့ရစဉ်။ (သတင်းစဉ်)

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

ဖူးမြော်ကြည်ညို

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ ရန်ကုန်တိုင်း ခရမ်းမြို့နယ် သကျမာရဇိန်သွန်းဘုရားကြီးအား ဖူးမြော်ကြည်ညိုစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၇ မှ

အလှူရှင် ဦးဝင်းနိုင်တို့က ဓမ္မပါလစာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် ဓမ္မပါလစာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ခရမ်းမြို့နယ် ကွမ်းမိုးဒိန်း စံပြကျေးရွာ ဇီဝပါလဆေးခန်းနှင့် ဓမ္မပါလစာကြည့်တိုက်များကို သက်ဆိုင်ရာဌာနများသို့ လွှဲပြောင်းပေးအပ်ပွဲအစီအစဉ်ကို ကွမ်းမိုးဒိန်း စံပြကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ခန်းမ၌ကျင်းပသည်။

အစီအစဉ်အရ မန္တလေးမြို့ မစိုးရိမ်တိုက်သစ် နာယကဆရာတော် ဘဒ္ဒန္တကေသရာဘိဝံသ၏ဆေးခန်း၊စာကြည့်တိုက်နှင့်ပတ်သက်သည့် ရှင်းလင်းမိန့်ကြားလွှာကို ခရမ်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူးဦးမြင့်ဦးက ဖတ်ကြားသည်။

သင်ထောက်ကူပစ္စည်းပေးအပ်

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ခရမ်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတို့ကိုလည်းကောင်း၊ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် ကွန်ပျူတာတို့ကိုလည်းကောင်း၊ ကွမ်းမိုးဒိန်း စံပြကျေးရွာ အခြေခံပညာအလယ်တန်း ကျောင်း(ခွဲ)အတွက် ကွန်ပျူတာနှင့်သင်ထောက်ကူပစ္စည်းများကိုလည်းကောင်း သက်ဆိုင်ရာကျောင်းအုပ်ကြီးများအားပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကွမ်းမိုးဒိန်း စံပြကျေးရွာ ဇီဝပါလဆေးခန်းအတွက် ဆေးပစ္စည်းနှင့် ငွေပဒေသာပင်အလှူငွေများကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအားပေးအပ်သည်။

စာအုပ်များပေးအပ်

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက ကွမ်းမိုးဒိန်း စံပြကျေးရွာ ဓမ္မပါလစာကြည့်တိုက်အတွက် စာအုပ်များကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအားပေးအပ်သည်။

ထို့နောက် ဇီဝပါလဆေးခန်းနှင့် ဓမ္မပါလစာကြည့်တိုက်အတွက် မိဘများကို အမှူးထား၍ ဦးရဲထွန်း (မတ္တရာမြို့)က အလှူငွေ ကျပ် ၉၃၃၃၀၀၊ ဦးခင်မောင်ဆွေ - ဒေါ်မြင့်မြင့်ဌေး မိသားစု (မတ္တရာမြို့)က အလှူငွေကျပ် ၈၈၃၃၀၀၊ ဦးခင်မောင်စိုး-ဒေါ်ဝင်းစန္ဒာမိသားစု(မတ္တရာမြို့)က အလှူငွေကျပ် ၈၈၃၃၀၀၊ဦးဝင်းနိုင်-ဒေါ်တင်တင်ဝင်း မိသားစု (မန္တလေးမြို့)က အလှူငွေကျပ် ၇၀၀၀၀၀၊ဦးကျော်ဝင်း-ဒေါ်သိန်းသိန်းမိသားစု (မန္တလေးမြို့)က အလှူငွေကျပ် ၅၅၀၀၀၀၊ဦးဇော်မိုး-နန်းရွှေယုမိသားစု (မန္တလေးမြို့)က အလှူငွေကျပ် ၅၀၀၀၀၀၊ဦးမောင်ကို-ဒေါ်ရွှေဥ မိသားစု (မန္တလေးမြို့)က အလှူငွေကျပ် ၅၀၀၀၀၀၊ ဦးအောင်နိုင်ဦး-ဒေါ်ကြည်ကြည်မြ မိသားစု (မန္တလေးမြို့) က အလှူငွေကျပ် ၄၀၀၀၀၀၊ (မန္တလေးမြို့)အလှူရှင်အဖွဲ့ကိုယ်စား ဦးအေးရွှေက အလှူငွေကျပ် ၁၀၅၀၀၀၀၊ ဦးခင်မောင်-ဒေါ်သောင်းခင်မိသားစု (မန္တလေးမြို့)က အလှူငွေကျပ် ၂၀၀၀၀၀၊ ဦးအောင်ဘာလေ-ဒေါ်လှကြည်မိသားစု (ခရမ်းမြို့)က အလှူငွေကျပ် ၂၀၀၀၀၀၊ ဦးခင်မောင်ဆွေ-ဒေါ်မြင့်မြင့်အေး မိသားစု (မန္တလေးမြို့)က အလှူငွေကျပ် ၂၀၀၀၀၀၊ ဦးလှမင်း- ဒေါ်သန်းသန်းဌေးမိသားစု (မန္တလေးမြို့)က အလှူငွေကျပ် ၂၀၀၀၀၀၊ ဦးထွေး-ဒေါ်ကျင်ဆွေမိသားစု(ခရမ်းမြို့)က အလှူငွေကျပ် ၂၀၀၀၀၀၊ ဦးမောင်မောင်လေး (ခ) ဦးဇော်ဝင်း - ဒေါ်နွယ်နွယ်ဦး မိသားစု (မန္တလေးမြို့)က အလှူငွေကျပ် ၂၀၀၀၀၀၊ ဦးသန်းဝင်း- ဒေါ်ခင်ထွေးမိသားစု (မန္တလေးမြို့)က အလှူငွေကျပ် ၂၀၀၀၀၀၊ ဦးထွန်းသန်း-ဒေါ်ဝင်းဝင်းနိုင်မိသားစု(မန္တလေးမြို့)က အလှူငွေကျပ် ၂၀၀၀၀၀၊ ဦးမြင့်ဝေ-ဒေါ်မြင့်မြင့်ဌေးမိသားစု (မန္တလေးမြို့)က အလှူငွေကျပ်၂၀၀၀၀၀၊ ဦးဌေးအောင်-ဒေါ်လှလှမိသားစု (မန္တလေးမြို့)က အလှူငွေကျပ်၂၀၀၀၀၀၊ ဦးဟန်ဌေးမိသားစု (မန္တလေးမြို့)က အလှူငွေကျပ်၂၀၀၀၀၀နှင့်ဆေးခန်းနှင့်စာကြည့်တိုက် ဖြစ်မြောက်ရေး ကော်မတီဝင် ဦးလှမြင့်က ကွမ်းမိုးဒိန်း စံပြကျေးရွာ အလှူရှင်များနှင့် အခြားသော အလှူရှင်များ၏ စုပေါင်း လှူဒါန်းငွေကျပ် ၃၉၄၀၈၀၀ အပါအဝင် အလှူရှင်များကငွေကျပ်၁၂၅၄၀၇၀၀ကိုပေးအပ်လှူဒါန်းကြရာလူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ မွေး မြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့က လက်ခံကြသည်။

အထိမ်းအမှတ်အလံပေး

ယင်းနောက် ဆေးခန်း၊ စာကြည့်တိုက်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးအေးက ဇီဝပါလဆေးခန်းနှင့် ပတ်သက်သော စာရွက်စာတမ်းများကိုလည်းကောင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင်နွယ်ကြည်က အထိမ်းအမှတ်အလံကိုလည်းကောင်း ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်အားပေးအပ်သည်။

ဆက်လက်၍ ဆေးခန်း၊ စာကြည့်တိုက် ဖြစ်မြောက်ရေးကော်မတီအတွင်းရေးမှူး ဦးမြင့်ဆွေက ဓမ္မပါလစာကြည့်တိုက်နှင့် ပတ်သက်သောစာရွက်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးတင်မောင်အေးအားလည်းကောင်း၊ ခရိုင်ဦးစီးအရာရှိ ဦးတင်မောင်အေးက အထိမ်းအမှတ်အလံကို ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းအားလည်းကောင်း ပေးအပ်ကြသည်။

ဆက်လက်၍ ဆေးခန်းနှင့်စာကြည့်တိုက် ဖြစ်မြောက်ရေးကော်မတီဝင် ဦးမြင့်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် ယနေ့ ခရမ်းမြို့နယ် ကွမ်းမိုးဒိန်း စံပြကျေးရွာအတွက် ဆေးပေးခန်းနှင့် စာကြည့်တိုက်တို့ကို အသစ်တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့သဖြင့် မင်္ဂလာရှိသည့်နေ့တစ်နေ့ဖြစ်ပါကြောင်း။

ယနေ့အချိန်အခါတွင် နိုင်ငံတော်အကြီးအကဲအနေဖြင့်အခြေခံကျေးလက်နှင့် နယ်စပ်ဒေသများအထိ အရောက်သွားပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ဒေသနေပြည်သူများ လူနေမှုဘဝနှင့် စီးပွားတိုးတက်မြင့်မားရေးတို့အတွက် လိုအပ်ချက်များ၊ ဆောင်ရွက်ပေးဖွယ်ရာများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း။

လူသားစွမ်းရည်

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်သည့် လူသားစွမ်းရည်အရင်းအမြစ်များကိုလည်း ပြုစုပျိုးထောင်ပေးလျက် ရှိနေကြောင်း၊ အချို့သောနိုင်ငံများတွင် သယံဇာတမကြွယ်ဝသော်လည်း လူသားစွမ်းရည်အရင်းအမြစ်များဖွံ့ဖြိုးတိုးတက်မှုများကြောင့် ကမ္ဘာ့အလယ်တွင် တင့်တင့်တယ်တယ်ဖြစ်ထွန်းနေသည်ကို တွေ့ရှိရကြောင်း။

စနစ်တကျအသုံးချ

နိုင်ငံတော် အကြီးအကဲအနေဖြင့် မိမိနိုင်ငံတော်ကိုတည်ဆောက်ပေးမည့် လူသားစွမ်းရည်အရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ရေးကို ဘက်ပေါင်းစုံကပြုစုပျိုးထောင်လျက်ရှိနေသည့်အချိန်အခါဖြစ်ကြောင်း။

ရပ်မိ ရပ်ဖများ၊ ကျောင်းသားလူငယ်များအနေဖြင့် မိမိတို့လက်ထက်တွင် ရရှိလာသည့် အခွင့်အလမ်းကောင်းများကို အကျိုးရှိရှိအသုံးပြုပြီး မိမိတို့လူနေမှုဘဝနှင့် ပညာရေး၊ ကျန်းမာရေးတိုးတက်မြင့်မားလာရအောင် စနစ်တကျအသုံးချသွားကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့သည် ခရမ်းမြို့သို့ရောက်ရှိကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ခရမ်းမြို့ ဗြဟ္မစိုရ်ခန်းမ၌ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ခရမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းဦးက မြို့နယ်အတွင်း မိုးစပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုးနိုင်မှု အခြေအနေ၊ ကြက်နှင့်ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်းများ အခြေအနေ၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းတံတားလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေသော လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဒေသဖွံ့ဖြိုးရေး

ထို့နောက် သုံးခွမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်အေးက သုံးခွမြို့နယ်၏ မိုးစပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ စိုက်ပျိုးထားမှု အခြေအနေ၊ ယမန်နှစ်ကထက် ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်မှု၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းတံတားလုပ်ငန်း၊ ဆက်သွယ်ရေး၊ ကျေးလက်သောက်သုံးရေရရှိရေး အပါအဝင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သန်လျင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဇော်ဝင်းက မြို့နယ်၏ မိုးစပါး၊ နွေစပါး၊ ဆောင်းသီးနှံ၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ ရာသီသီးနှံ၊ ဥယျာဉ်သီးနှံများ စိုက်ပျိုး

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက ရန်ကုန်တိုင်း ခရမ်း မြို့နယ် ကွမ်းမိုးဒိန်း စံပြကျေးရွာ ဓမ္မပါလ စာကြည့်တိုက် အတွက် စာအုပ်များကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသို့ ပေးအပ်စဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်း ခရမ်းမြို့နယ် ကွမ်းမိုးဒိန်းစံပြကျေးရွာရှိ ဓမ္မပါလစာကြည့်တိုက်ကို တွေ့ရစဉ်။ (သတင်းစဉ်)

11-1 (8).p65 1 3/25/05, 10:09 PM

(၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း (၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် တပ်မတော်(ကြည်း၊ရေ၊လေ)စစ်တီးဝိုင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

❒ ရှေ့ဖုံးမှ

ဖွင့်ပွဲအခမ်းအနားသို့ (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်များဖြစ်ကြသည့် ဗိုလ်ချုပ်ဝင်းမြင့်နှင့် ဗိုလ်ချုပ်အောင်ကြည်၊ (၁၃)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များနှင့် အကဲဖြတ်အမှတ်ပေးအဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်စစ်တီးဝိုင်းအဖွဲ့များ၊ ရန်ကုန်တိုင်းအတွင်းရှိ အခြေခံပညာကျောင်းများမှ ဘင်ခရာတီးဝိုင်းအဖွဲ့ဝင်များ၊ တပ်မတော်သားများနှင့် မိသားစုဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

အလေးပြုကြ

ရှေးဦးစွာ ပြိုင်ပွဲဝင်အသင်းများသည် နံနက်ဂုနာရီခွဲတွင် စုရပ်မှ ပြည်သူ့ရင်ပြင်သို့ ချီတက်နေရာယူကြပြီး (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းအား အလေးပြုကြသည်။

ဆက်လက်၍ နိုင်ငံတော်အလံကို အလေးပြုခြင်း၊ ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုခြင်းနှင့် သစ္စာလေးချက် ရွတ်ဆိုခြင်းများကို ဆောင်ရွက်ကြသည်။

ထို့နောက် (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် စစ်တီးဝိုင်းပြိုင်ပွဲဝင်အသင်းများက (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌအား အလေးပြုကြပြီး ပြည်သူ့ရင်ပြင်မှ ပြန်လည်ထွက်ခွာကြကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အလှပြတီးမှုတ်ဖျော်ဖြေ

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ရန်ကုန်တိုင်း တာမွေမြို့နယ် အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူများ၏ ဘင်ခရာတီးဝိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူများ၏ ဘင်ခရာတီးဝိုင်း၊ မီးသတ်ဦးစီးဌာနကိုယ်စားပြု မီးသတ်တပ်ဖွဲ့တီးဝိုင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြု ရဲတပ်ဖွဲ့တီးဝိုင်းနှင့် တပ်မတော်ဂုဏ်ပြုတပ်ခွဲနှင့် စစ်တီးဝိုင်းတပ်မှ စစ်တီးဝိုင်းအဖွဲ့တို့က သရုပ်ဖော်ပြကွက်များဖြင့် အလှပြ တီးမှုတ်ဖျော်ဖြေကြသည်။

ထို့နောက် (၁၃)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲ ကျင်းပရေးကော်မတီသို့ မြန်မာ့အလင်းတူရိယာကုမ္ပဏီလီမိတက်မှ ဦးစောအောင်နိုင်မိသားစုက ငွေကျပ် ၁၀ သိန်းနှင့် အမေရိကန်ဆားဗစ် (မြန်မာ) ကုမ္ပဏီလီမိတက်မှ ဦးခင်မောင်ထူးက ငွေကျပ် ၁၀သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ (၅၉)နှစ်မြောက် တပ်မတောနေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဂုဏ်ပြုငွေချီးမြှင့်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက အလှပြတီးမှုတ်ဖျော်ဖြေကြသည့် တီးဝိုင်းအဖွဲ့များကိုယ်စား အဖွဲ့ခေါင်းဆောင်များအား ဂုဏ်ပြုငွေများ ချီးမြှင့်သည်။

အဆိုပါ (၁၃)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)၊ တိုင်းစစ်ဌာနချုပ်များ၊ ခြေမြန်တပ်မဌာနချုပ်များနှင့် စစ်ကျောင်းကြီးများမှ ပြိုင်ပွဲဝင်အသင်း ၅၁ သင်း ပါဝင်ယှဉ်ပြိုင်ကြသည်။ **(သတင်းစဉ်)**

အနောက်ဒီမိုကရေစီ (သို့မဟုတ်) သူခိုးက "လူ-လူ" ဟစ်ခြင်း

☆ သူ့မျက်စေ့ သူမမြင်
သူ့ရုပ်သွင် ဘယ်ပုံရှိ
မကြည့် တမင်။

☆ သူ့အမှား သူ မပြင်၊
သူ့ဖြစ်စဉ် သူ မရှင်း။

☆ မဟုတ်မမှန် ဖရုသသတွေနဲ့
လုပ်ကြံကာ အပုပ်ချဖို့
လုပ်သမျှ နှစ်စဉ်မအားပါဘု
တိုင်းတစ်ပါး ပြည်တွင်းရေးကိုလ
အတင်းအဖျင်း သတင်းလှိုင်းနဲ့ရိုက်တယ်
ကွယ်- ရိုင်းလိုက်လေခြင်း။ ။

ဗလမင်းထင်

✲ အိမ်ရှင်မှ

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် အသက် (၁၄)နှစ်နှင့်အောက် အာရှဇုန်(၂) ပြိုင်ပွဲ ဖြစ်ပေသည်။

ယနေ့ကာလတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်ပြီး တည်ငြိမ်အေးချမ်းသာယာလျက်ရှိရာ နိုင်ငံတကာ အားကစားပြိုင်ပွဲများကို အိမ်ရှင်အဖြစ် စဉ်ဆက်မပြတ် လက်ခံကျင်းပလျက်ရှိသည်။

ယခု မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အသက် (၁၄)နှစ်နှင့်အောက် အာရှဇုန်(၂) ပြိုင်ပွဲတွင် အိမ်ရှင်မြန်မာ၊မလေးရှား၊ နီပေါ၊ သီရိလင်္ကာ၊ ဘူတန်၊ မော်လဒိုက်၊ မွန်ဂိုလီးယား၊ ပါကစ္စတန်နှင့် လာအိုတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ မြန်မာတင်းနစ်အားကစားဝါသနာအိုးများနှင့် မြန်မာအားကစားပရိသတ်များအတွက် စိတ်ဝင်စားဖွယ်ရာ နိုင်ငံတကာ ပြိုင်ပွဲတစ်ရပ်ပင်။

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်၏ ရှေ့အနာဂတ်အတွက် ကြိုတင်ပြင်ဆင်သည့် ခြေလှမ်းတစ်ရပ်လည်း ဖြစ်ပေသည်။ အမှန်စင်စစ် ရွှေခေတ်ကာလ မြန်မာ့အားကစားအောင်ပွဲများကို ပြန်ပြောင်းကြည့်လျှင် အားကစားနည်းများအလိုက် သူ့အဆင်းနှင့် သူ့အချင်းဖြင့် အောင်မြင်မှုအသီးသီး သမိုင်းမှတ်တိုင် စိုက်ထူနိုင်ခဲ့ကြရာ တင်းနစ်အားကစားနည်းသည်လည်း အပါအဝင်ဖြစ်ခဲ့ပေသည်။

ဆွတ်ခူးနိုင်ခဲ့

အရှေ့တောင်အာရှတင်းနစ်ပြိုင်ပွဲတွင် မြန်မာ့တင်းနစ် သမိုင်းကြောင်းကို ပြန်ပြောင်းကြည့်ပါလျှင် ၁၉၆၁ ခုနှစ် ပြိုင်ပွဲတွင် ကြေး(၄)၊ ၁၉၆၇ ခုနှစ် ပြိုင်ပွဲတွင် ကြေး(၂)၊ ၁၉၆၉ ခုနှစ် ပြိုင်ပွဲတွင် ရွှေ(၁)၊ ငွေ(၁)၊ ကြေး(၇)၊ ၁၉၇၁ ခုနှစ် ပြိုင်ပွဲတွင် ကြေး(၅)၊ ၁၉၇၃ ခုနှစ် ပြိုင်ပွဲတွင် ကြေး(၁)၊ ၁၉၇၅ ခုနှစ် ပြိုင်ပွဲတွင် ရွှေ(၃)၊ ငွေ(၁)၊ ကြေး(၁)၊ ၁၉၇၇ ခုနှစ် ပြိုင်ပွဲတွင် ငွေ(၁)၊ ကြေး(၁)၊ ၁၉၇၉ ခုနှစ် ပြိုင်ပွဲတွင် ငွေ(၁)ဖြင့် ရယူ ဆွတ်ခူးနိုင်ခဲ့ပေသည်။

ထို့နောက်ပိုင်းတွင်မူ မြန်မာတင်းနစ်အားကစားသည် ကာလအတန်ကြာ ခါးဆက်ပြတ်သွားခဲ့ရသည်။ ၁၉၉၉ ခုနှစ် ပြိုင်ပွဲအထိ ဆုတံဆိပ်များဖြင့် အလှမ်းဝေးခဲ့ရာမှ ၂၀၀၁ ခုနှစ် ပြိုင်ပွဲတွင် နှစ်ပေါင်း ၂၂နှစ်ကြာလွန်ပြီးမှ ကြေးတံဆိပ် ပြန်လည်ဆွတ်ခူးနိုင်ခဲ့သည်။

ထိုသို့ ခါးဆက်ပြတ်သွားရခြင်း၏ မူလဘူတအကြောင်းဇာစ်မြစ်တို့ကို ပြန်လည်သုံးသပ်ကြည့်လျှင်အကြောင်းတရားများစွာရှိသည့်အနက် အခြေခံအကျဆုံးအကြောင်းတစ်ရပ်မှာ မျိုးဆက်သစ်အရန်အင်အားစု နည်းပါးလာခြင်းကြောင့် ဖြစ်ပေသည်။

စဉ်ဆက်မပြတ်ကျင်းပ

သို့မို့ကြောင့် လက်ရှိမြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်သည် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရ အေးမြင့်၏ လမ်းညွှန်မှု၊ မြန်မာနိုင်ငံ တင်းနစ် အဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ကျော်ဝင်း၏ ဦးဆောင်မှုတို့ဖြင့် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် (Max Myanmar Co., Ltd.)နှင့် ဗိုလ်မှူးတင်စောနိုင် (ကာကွယ်ရေးဝန်ကြီးဌာန)၊ အတွင်းရေးမှူး ဒေါက်တာတင်အောင်လင်း (Aung Mingalar Co., Ltd.)နှင့် အမှုဆောင်အဖွဲ့ဝင်များသည် အပြည်ပြည်ဆိုင်ရာ တင်းနစ်အဖွဲ့ချုပ် (ITF)၏ ပံ့ပိုးမှုကိုရယူကာ ၁၉၉၆ ခုနှစ် အောက်တိုဘာလမှစ၍ ကျောင်းတွင်းတင်းနစ်ဖွံ့ဖြိုးမှုအစီအစဉ် (STI)များကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြပြီး ပြည်နယ်နှင့်တိုင်း အခြေခံပညာကျောင်းပေါင်းစုံမိနီ တင်းနစ်ပြိုင်ပွဲများကို စဉ်ဆက်မပြတ် နှစ်စဉ်ကျင်းပပေးခဲ့သည်။

မျိုးဆက်သစ် တင်းနစ်ကစားသမားလေးများ စဉ်ဆက်မပြတ် ပေါ်ထွက်လာစေရန်အတွက် (STI) အစီအစဉ်မှ ပေါ်ထွက်လာသော ထူးချွန်ထက်မြက်သည့် အသက်(၁၀)နှစ်နှင့် (၁၄)နှစ်ကြား မျိုးဆက်သစ်လူငယ်များကို အပြည်ပြည်ဆိုင်ရာ တင်းနစ်အဖွဲ့ချုပ် (ITF)၏ ပူးပေါင်းပံ့ပိုးမှုဖြင့် Performance Tennis Initiative (PTI)အစီအစဉ်ချမှတ်ကာ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်နာယက၏ လမ်းညွှန်မှုဖြင့် ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ စခန်းသွင်းလေ့ကျင့်စေခဲ့သည်။

တစ်ခေတ်ဆန်းသစ်

ထိုမှတစ်ဆင့် ပြည်တွင်းပြည်ပ ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်စေခဲ့သည်။ရည်ရွယ်ချက်မှာ အနာဂတ်တွင် မြန်မာ့တင်းနစ်အားကစား တစ်ခေတ်ဆန်းသစ်လာစေရန်ဖြစ်သည်။

တစ်ဆက်တည်းမှာပင် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်သည် နိုင်ငံတကာပြိုင်ပွဲများလက်ခံကျင်းပနိုင်ရန် အပြည်ပြည်ဆိုင်ရာ တင်းနစ်အဖွဲ့ချုပ် (ITF)နှင့် ညှိနှိုင်းကာ ၁၉၉၉ခုနှစ်မှစ၍ ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်းအတွင်းရှိ တင်းနစ်ကွင်းများကို အဆင့်မီ တင်းနစ်ကစားကွင်းများအဖြစ် မွမ်းမံဖော်ထုတ်ပြင်ဆင်ခဲ့ကြ၍ ယခု နိုင်ငံတကာပြိုင်ပွဲတစ်ရပ်ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ခဲ့ခြင်း ဖြစ်ပေသည်။

တိုက်ရိုက်ယှဉ်ပြိုင်ခွင့်

ယခုအိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အသက်(၁၄)နှစ်နှင့်အောက် အာရှဇုန်(၂)ပြိုင်ပွဲတွင်အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲတို့ဖြစ်ပြီး ပြိုင်ပွဲအမျိုးအစားတစ်ခုစီမှ အဆင့် (၁)မှ(၄)အထိ ရရှိသူများသည် ITF Team အဖြစ်ရွေးချယ်ကာ ဆုများ ချီးမြှင့်မည်ဖြစ်ပြီး ဆုရရှိသူများသည် ဖေဖော်ဝါရီလတွင် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည့် Asian Championships Zone (2) ပြိုင်ပွဲသို့ တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရရှိကြမည်ဖြစ်ပေသည်။ ထိုမှတစ်ဆင့် တက်ရောက်နိုင်သူများသည် ဥရောပခရီးစဉ်ပြိုင်ပွဲများအဖြစ် ပြင်သစ်၊ နယ်သာလန်၊ ဘယ်လ်ဂျီယံနှင့် ဂျာမနီနိုင်ငံတို့တွင် ရက်သတ္တပတ်ငါးပတ်ကြာ ကျင်းပမည့်ပြိုင်ပွဲသို့ ITF ၏ ပံ့ပိုးမှုဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြရမည် ဖြစ်ပေသည်။

မွေးထုတ်ပေါ်ထွက်

ယခုပြိုင်ပွဲဝင်မည့် မြန်မာလူငယ်တင်းနစ်ကစားသမားများမှာ ကျောင်းတွင်းလူငယ်တင်းနစ်ဖွံ့ဖြိုးရေး (STI) အစီအစဉ်မှ မွေးထုတ်ပေါ်ထွက်လာခဲ့သူများဖြစ်ပေသည်။

အသက်(၁၄)နှစ်အောက် မြန်မာတင်းနစ်အဖွဲ့တွင် အမျိုးသားလက်ရွေးစင်များအဖြစ် ဖြိုးမင်းသာ၊ ဝင်းထက်ပိုင်၊ ဇင်ဘို၊ အိုက်ကျောက်၊ အောင်ကျော်နိုင်နှင့် အောင်ကိုကို၊ အမျိုးသမီးလက်ရွေးစင်များအဖြစ် မိုးချစ်သဲ၊ ခိုင်ငြိမ်း၊ သက်မာထွန်း၊ နှင်းလပြည့်၊ သန္တာအောင်နှင့် သင်းထွဋ်မွန်တို့ ပါဝင်ကြရာ မြန်မာတင်းနစ် တစ်ခေတ်ဆန်းသစ်လာစေမည့် မျိုးဆက်သစ်တို့၏ တိုးတက်ဖြစ်ထွန်းမှုများကို အကဲဖြတ်ကြည့်ရှု အားပေးကြရန် ဖြစ်ပါကြောင်း။ ။ **(မြန်မာ့အလင်း)**

မြန်မာ့ရုပ်မြင်သံကြား

၁၁-၁-၂၀၀၄ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော် မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၆။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈:၁၀ ၇။ အဆိုပြိုင်ပွဲ
၈:၂၀ ၈။ ရွှေလောင်းတံတား
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ Say It In English

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၅ ၃။ တံငါတံတား
၁၁:၄၀ ၄။ တစ်ပတ်အတွင်း နိုင်ငံတကာ သတင်းစဉ်
၁၁:၅၅ ၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **"နက်ရှိုင်းမေတ္တာ"**(အပိုင်း-၆)
၁၂:၂၅ ၆။ Milo Success in Soccer
၁၂:၄၀ ၇။ မြန်မာဗီဒီယိုဇာတ်လမ်း **"ရင်ခွင်မှာအသောလိပ်ပြာ"** (ဝေဠုကျော်၊ ညွှန့်ဝင်း၊ မြတ်ကေသီအောင်၊ မိုးစန္ဒီကျော်) (ဒါရိုက်တာ-ဟိန်းထက်နိုင်)
၁၄:၃၀ ၈။ လေ့လာမှတ်သား ပဟေဠိရုပ်မြင်သံကြား (တပ်မတော်နေ့)
၁၄:၄၅ ၉။ International News

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English For Everyday Use
၁၆:၄၅ ၄။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (ရုက္ခဗေဒ၊ သတ္တဗေဒ အထူးပြုများ) [ရုက္ခဗေဒ]
၁၇:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇:၃၀ ၇။ တေးဂီတအစီအစဉ်
၁၇:၄၅ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
၁၈:၃၀ ၉။ ညနေခင်းသတင်း
၁၉:၀၀ ၁၀။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၁။ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား
၁၉:၂၀ ၁၂။ တေးဂီတအစီအစဉ်
၁၉:၃၅ ၁၃။ ကော်ဖီ(အပိုင်း-၂)
၂၀:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ Calcio Serie A ဘောလုံးပွဲ ထုတ်လွှင့်မှုအစီအစဉ်

ECC မှ ကွန်ပျူတာ သင်တန်းများဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၁၀

Excellent Computer Centre (ECC) က ကွန်ပျူတာသင်တန်းများကို ဖွင့်လှစ်လျက်ရှိရာ ကွန်ပျူတာကိုအခြေခံသင်တန်းဖြစ်သော Windows Basic, DTP, Graphic Design Course, Multimedia Creation Course, Java, C++ (Programming Concept), C++(Data Structure&OOP), Introduction to Visual Basic 6.0, Visual Basic 6.0, Auto CAD 2004, Hardware Basic, E-mail&Internet, ACCPAC Plus စသည့်သင်တန်းများကို တတ်ကျွမ်းသည်အထိ စနစ်တကျသင်ကြားပေးမည့်အပြင် သင်တန်းတက်ရောက်နေသော သင်တန်းသားများအား E-mail&Internet ကို အခမဲ့သုံးခွင့်ပြုသည်။ ကွန်ပျူတာသင်တန်းသားများနှင့် အင်္ဂလိပ်၊ ဂျပန်၊ တရုတ် ဘာသာစကားများကို လေ့လာလိုက်စားသူများအတွက် အခြေခံမှစ၍ Advenced အထိသင်ကြားလိုသော သဒ္ဒါ၊ စကား ပြော၊ အရေး၊ အဖတ် သင်တန်းများကိုလည်း ဖွင့်လှစ်ထားသည်။ အသေးစိတ် အချက်အလက်များကို ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အောင်သပြေလမ်း (ယုဇနပလာဇာအနောက်လမ်း) အမှတ် ၇ အခန်း ၁ ဖုန်း-၂၀၀၇၄၇ လိုင်းခွဲ-၇၄၂၅၊ ၂၅၁၅၁၁ e-mail:ecc@myanmar. com. mm သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ **(က-ပ)**

ကြည့်မြင်တိုင် အေဘီအမ်အာစရိယပူဇော်ပွဲ (၂၈)ကြိမ်မြောက် ဖေဖော်ဝါရီ၁၄ရက်၌ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၀

(၂၈)ကြိမ်မြောက် ကြည့်မြင်တိုင်အေဘီအမ်(ABM)ကျောင်း အာစရိယပူဇော်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ၁၄ရက်(စနေနေ့)မွန်းတည့်၁၂နာရီတွင် အေဘီအမ်ကျောင်းဝင်း ဆရာမကြီးဒေါ်လှရှိန်၏ နေအိမ်၌ နှစ်စဉ်ကျင်းပမြဲအတိုင်း ကျင်းပရန်စီစဉ်ထားသည်။

ကျောင်းသား၊ ကျောင်းသူဟောင်းများသည် အလှူငွေနှင့်ပစ္စည်းများကို ဒေါ်ရီရီမေ ဖုန်း-၂၂၀၃၇၀၊ ဒေါ်ရင်မေ ဖုန်း-၅၂၆၂၄၈၊ ဒေါ်ညွန့်ညွန့်အေး ဖုန်း-၅၃၅၅၄၆၊ ဒေါ်ကြည်ကြည်စိန် ဖုန်း-၃၈၀၁၀၁၊ ဒေါ်စွမ်(ရှမ်းမ) ဖုန်း- ၂၂၃၂၂၅နှင့် ဒေါ်လွင်လွင်ကျော် ဖုန်း-၅၇၈၉၂၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

ကျေးဇူးဆပ်ပါမည်

၈-၁-၂၀၀၄ (ကြာသပတေးနေ့) နေ့လယ်အချိန်တွင် ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းအနီးမှ ငှားစီးလာသော ကားနံပါတ်မသိ၏ ကားဒက်ရှ်ဘုတ်ပေါ်တွင် ဘုရားတစ်ဆူနှင့် ရှင်ဥပဂုတ္တရဟန္တာပုံတော် မေ့ကျန်ခဲ့ပါသည်။ တွေ့ရှိရထားသူများ ပြန်လည်ပေးပို့ပါရန်။ ကျေးဇူးဆပ်ပါမည်။

ကိုထွန်းထွန်းဝင်း
ဖုန်း-၅၄၄၅၁၄။

အမည်ပြောင်း

ဦးတင်လှ၏သမီး အထက(၁)သံတွဲ နဝမတန်း(ဂ)မှ မလင်းလင်းစံ(ခ) မသဇင်ဝင့်မွန် ၁၁/သတန(နိုင်) ၀၆၅၅၉၅ အား ယနေ့မှစ၍ မနှင်းအိဖြူဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မနှင်းအိဖြူ။**

ကူ့ဆ္ဓာသယမဟာမုနိ ရုပ်ရှင်တော်မြတ်အပူဇော်ခံမည်

ရန်ကုန် ဇန်နဝါရီ ၁၀

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအနီး ပြန်လည်မွမ်းမံတည်ဆောက်မည့် နန်းဦးစေတီတော်တွင် ဌာပနာမည့် ကူ့ဆ္ဓာသယမဟာမုနိရုပ်ရှင်တော်မြတ်အား အများပြည်သူပူဇော်နိုင်ရန်အတွက် တာမွေ၊ ပုဇွန်တောင်၊ ပန်းဘဲတန်း၊ လသာ၊ သန်လျင်၊ ဒလ၊ အင်းစိန်နှင့် ရွှေပြည်သာမြို့နယ်များအတွင်း ဇန်နဝါရီ၁၃ရက်မှ ၂၉ ရက်အထိ လှည့်လည်အပူဇော်ခံမည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

အကယ်ဒမီဆုရ ဆန်ရေ ပြသမည်

ရန်ကုန် ဇန်နဝါရီ ၁၀

၂၀၀၂ခုနှစ်အတွက် အကယ်ဒမီဇာတ်ကားဆုရရှိခဲ့သည့် စိမ်းဝါနီရုပ်ရှင်မှ ဒါရိုက်တာကြည်စိုးထွန်းရိုက်ကူးသော "ဆန်ရေ" ဇာတ်ကားလာမည့်သောကြာ ဇန်နဝါရီ၁၆ရက်တွင် ဝဇီရာနှင့် ပဒေသာရုံများ၌ပြသမည်ဟုသိရသည်။

ထိုဇာတ်ကားတွင် ညွန့်ဝင်း၊ မြင့်မြင့်ခိုင်၊ လွင်မိုး၊ ခိုင်နှင်းဝေတို့ပါဝင်သရုပ်ဆောင်ကြသည်။ **(က-ပ)**

Tiger EPL NITE!

Manchester United Vs Newcastle United

LIVE

ရင်ဂို ၊ ဂရေဟမ် ၊ The Ants ၊ ဖြိုးကြီး ၊ TooBig ၊ ဟဲလေး ၊ မျိုးမျိုး ၊ ဇော်နီ ၊ တင်ကောင် ၊ ခွက်ပျော်ကြောင် ၊ DJ အေးအေးခိုင်

ယုဇနဂါးဒင်းဟိုတယ်
၁၁-၁-၂၀၀၄ (တနင်္လာနေ့)
ညနေ ၅ နာရီ မှ ညအထိ
ဝင်ကြေး ၃၅၀၀ ကျပ်

အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲ စီးပွား/ကူးသန်းနှင့်စွမ်းအင် သရေကျ

ရန်ကုန် ဇန်နဝါရီ ၁၀

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၃-၂၀၀၄ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်းအမှတ်ပေး ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက်ကျင်းပရာ စီးပွား/ကူးသန်းအသင်းနှင့် စွမ်းအင်အသင်းတို့ တဖက်တစ်ဂိုးစီ သရေပွဲဖြစ်သွားသည်။

အဆင့်မြင့်တန်းမှ အသင်းကြီးနှစ်သင်းဆုံတွေ့သည့်အားလျော်စွာ ခြေကုန်ထုတ်ကစား၍ အကြိတ်အနယ်ရှိခဲ့သည်။

စွမ်းအင်အသင်းက ဦးဆောင်ဂိုးရရှိခဲ့ရာ ၂၅ မိနစ်တွင် တံခွန်မှပြောင်းလာသူ ကျော်ခိုင်ဝင်းက သွင်းယူပေးခြင်းဖြစ်သည်။ ပထမပိုင်းအပြီးတွင် စွမ်းအင်အသင်းက တစ်ဂိုးအသာဖြင့် ဦးဆောင်ကစားနေသည်။ စီးပွား/ကူးသန်းအသင်းအတွက် ချေပဂိုးကို ၆၃ မိနစ်တွင် ရရှိသော ပယ်နယ်တီ ပြစ်ဒဏ်ဘောမှတစ်ဆင့် လူစားဝင်လာသူ ဝင်းသိန်းဦးက ကန်သွင်းယူသည်။ ပွဲအပြီးတွင် တစ်ဖက် တစ်ဂိုးစီ သရေကျသွားရာ စီးပွား/ကူးသန်းအသင်း အမှတ်ပေးချန်ပီယံဆု ရရှိရေး မျှော်လင့်ချက်နည်းသွားရသည်။ ပွဲစဉ်အလိုက် အကောင်းဆုံးဆုကို စွမ်းအင်အသင်းမှ နောက်တန်းလူ ဇော်ထက်အောင်က ရရှိသည်။

ယနေ့ပွဲမရှိ

ဇန်နဝါရီ ၁၁ ရက်တွင် ပွဲမရှိဘဲ ဇန်နဝါရီ ၁၂ ရက် ညနေ ၃ နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ မြို့တော်စည်ပင်အသင်းနှင့် တံခွန်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

အပတ်စဉ် ထုတ်ဝေလျက်ရှိသော ဂီတကမ္ဘာဂျာနယ် အမှတ် (၅၇)ကို အမှတ် ၁၂၀၊ ၃၄ လမ်း ချမ်းသာစာပေက ဖြန့်ချိသည့် မျက်နှာဖုံး။ (က-ပ)

ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

(သမီးတော်အလှပြင်ခန်းမ)

၁။	အလှဖန်တီးရှင်	-		၂ ဦး
၂။	မိတ်ကပ်၊ ဆံထုံးကျွမ်းကျင်သူ	-	မ	၁ ဦး
၃။	ဆံပင်ညှပ်၊ ကောက်၊ ဖြောင့်ကျွမ်းကျင်သူ	-	မ	၂ ဦး
၄။	လျှော်၊ သစ်ကျွမ်းကျင်သူ	-	မ	၃ ဦး

စိတ်ဝင်စားသူများသည် မိမိတို့၏ CV နှင့်အတူ ပတ်စပို့အရွယ် ဓာတ်ပုံနှစ်ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ရဲစခန်းထောက်ခံစာ၊ ပညာအရည်အချင်း အောင်လက်မှတ်မိတ္တူတို့ကိုယူဆောင်၍ အမှတ် ၄၃၀၊ သိမ်ဖြူလမ်းနှင့် ကုန်သည်လမ်းထောင့်ရှိ (သမီးတော်အလှပြင်ခန်းမ)သို့ကြော်ငြာပါသည့်နေ့မှ ခုနစ်ရက်အတွင်း လာရောက်လျှောက်ထားနိုင်သည်။ **ဖုန်း-၂၉၂၅၀၀**

မှတ်ချက်။ ။ အလုပ်သင်များလည်းလျှောက်ထားနိုင်သည်။

ကုန်အမှတ်တံဆိပ် အများသိစေရန် ကြေငြာခြင်း

[illegible] TIGER HEAD INDUSTRY COMPANY LIMITED [illegible]

TIGER EXPORT KING QUALITY

GOLDEN EXPORT TIGER QUALITY

[illegible]

ဦးနေလ
[illegible]
MAC Tower (1)
အမှတ် [illegible] ကုန်သည်လမ်း၊ ရန်ကုန်မြို့
ဖုန်း - [illegible]

ဝန်ထမ်းအလိုရှိသည်။

1. Secretary ကျား (၂) ဦး
2. Accountant မ (၂) ဦး
   ဘွဲ့ရ LCCI ဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံ ရှိရမည်။
3. Import / Export မ/ကျား (၂) ဦး
4. Factory Supervisor ကျား (၁) ဦး
5. Production Supervisor ကျား (၁) ဦး
6. Site Supervisor မ/ကျား (၂) ဦး
7. Store keeper ကျား (၂) ဦး
8. Driver ကျား (၂) ဦး
   Licence [illegible]
9. [illegible] ကျား (၂) ဦး

[illegible]

T WJ S Co., Ltd.

မူးယစ်ဆေးဝါးဖမ်းဆီးရမိ

ရန်ကုန် ဇန်နဝါရီ ၁၀

နယ်မြေခံထောက်လှမ်းရေးတပ်မှ တပ်ဖွဲ့ဝင်များနှင့် တာချီလိတ်မူးယစ်အထူးအဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၀၃ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် သတင်းအရ တာချီလိတ်မြို့ ဆန်ဆိုင်း(က)ရပ်ကွက် အမှတ်၄/၆၂နေ ဦးယာပါလုံ၏နေအိမ်ကို စစ်ဆေးရှာဖွေရာ နေအိမ် အိပ်ခန်းအတွင်းမှ ဘိန်းဖြူ ၄၁ ဂရမ် ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ

အလားတူ နယ်မြေခံတပ်၊ နယ်မြေခံထောက်လှမ်းရေးတပ်၊ တမူးမူးယစ်အထူးအဖွဲ့၊ တမူးရဲစခန်း၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနနှင့် သတင်းတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်တွင် သတင်းအရ တမူးမြို့ မြို့မ(အေ)ကွင်းရှိ ခင်မောင်ဌေး၏ နေအိမ်ကိုရှာဖွေရာ တဲပေါ်၌ရှိနေသူ ဆန်းလွင် ဝတ်ဆင်ထားသော ဂျာကင်အကျီ အတွင်းမှ ဘိန်းစိမ်း ၁၂၄ ဒသမ ၅၇၂ ဂရမ် ဖမ်းဆီးရမိခဲ့သည်။

အရေးယူ

အဆိုပါ ဖမ်းဆီးရမိမူးယစ်ဆေးဝါးများနှင့် တရားခံများအား သက်ဆိုင်ရာမြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းတို့က မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆရာတော်ပူဇော်ပွဲနှင့် ရှင် ၁၀၀ ရှင်ပြုပွဲကျင်းပ

ကျောက်ပန်းတောင်း ဇန်နဝါရီ ၅

မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံရသော မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့ ဘူတာရပ် တောင်တန်းသာသနာပြု သုဒ္ဓဝိပဿနာကျောင်းတိုက် ပဓာနနာယက ဘဒ္ဒန္တသြဘာသမထေရ်မြတ်ကြီးအား တပည့်ဒါယကာ၊ ဒါယိကာမများ၏ ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲနှင့် ရန်ကုန်မြို့နေ ဦးလှမြင့်-ဒေါ်အေးမြမှုတို့၏ ရဟန်းခံ၊ ရှင် ၁၀၀ ရှင်ပြုပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၈ ရက် (ပြာသိုလဆန်း ၆ ရက်)တွင် ယင်းကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် နယ်မြေခံ တပ်မတော်သားများ၊ အသင်းအဖွဲ့ဝင်များ၊ ရဟန်းရှင်လူ တပည့်ဒါယကာ၊ ဒါယိကာမများက လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် ဆက်ကပ်လှူဒါန်းပူဇော်ကြသည်။ (က-ပ)

အဘိုးအဘွားများအား ကျန်းမာရေးစစ်ဆေး

သီပေါ ဇန်နဝါရီ ၃

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကကြီးမှူး၍ အသက် (၈၅) နှစ်အထက် အဘိုးအဘွားများအား ကျန်းမာရေး စစ်ဆေးကုသခြင်းနှင့် သက်ကြီးပူဇော်ပွဲကို ဒီဇင်ဘာ ၁၇ ရက်က မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ခန်းမဆောင်၌ ကျင်းပသည်။

ပူဇော်ပွဲတွင် မြို့နယ်ကျန်းမာရေးဌာနမှ သွားဘက်ဆိုင်ရာ ဆရာဝန် ဒေါက်တာ ကျော်ရှိန်၊ အထက်တန်းသူနာပြုဆရာမကြီး ဒေါ်ခင်နွဲ့၊ မိခင်နှင့်ကလေး ကျန်းမာရေးဌာန အမျိုးသမီး ကျန်းမာရေးဆရာမ ဒေါ်ဒေါင်နောနှင့် တာဝန်ရှိသူများက အဘိုးအဘွားများ၏ ကျန်းမာရေးကို စစ်ဆေးကုသပေးပြီး သီပေါမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ငွေငွေရှိန်နှင့်အဖွဲ့ဝင်များက ဘိုးဘွားများအား လှူဖွယ်ပစ္စည်းများ ပေးအပ်လှူဒါန်းကြသည်။ (၃၀၆)

အမြို့မြို့ အနယ်နယ် သတင်းများ

ဖွင့်လှစ်ပေး

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကိုဂုဏ်ပြုသောအားဖြင့်ဇန်နဝါရီ ၃ ရက်က တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သော ဥက္ကံ အထကကျောင်းလမ်း ဂဝံလမ်းသစ်ဖွင့်ပွဲ၌ ဥက္ကံမြို့နယ် တာဝန်ခံဦးစီးအရာရှိ ဦးနေမန်းနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးတင်မြင့်တို့က ဖွင့်လှစ်ပေးကြစဉ်။ (က-ပ)

လွတ်လပ်ရေးနေ့ဂုဏ်ပြု ညောင်တုန်းမြို့၌ ကတ္တရာလမ်းသစ်ဖွင့်

ညောင်တုန်း ဇန်နဝါရီ ၆

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်ခဲ့သော စာတိုက်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ယင်းလမ်းတွင် ဇန်နဝါရီ ၃ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးနေထွန်းနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း (လုပ်မှုရေးအဖွဲ့အစည်း) အတွင်းရေးမှူး ဦးအောင်မြသန်းတို့က အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးသက်ပိုင်က စာတိုက်လမ်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးနေထွန်းနှင့် မြို့နယ်အသင်း (လုပ်မှုရေးအဖွဲ့အစည်း)အတွင်းရေးမှူး ဦးအောင်မြသန်းတို့က လမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

စာတိုက်လမ်းသည် အကျယ် ၁၂ ပေ၊ အရှည်ပေ ၁၂၂၀ ရှည်ပြီး မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေမှ ၁၈ ဒသမ ၅ သိန်း၊ ပြည်သူထည့်ဝင်ငွေ ၁၃ ဒသမ ၈ သိန်း အကုန်အကျခံ တည်ဆောက်ခဲ့သောလမ်းဖြစ်သည်။ (၀၉၈)

စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲနှင့် ဆုနှင်းပွဲ အခမ်းအနားကို တောင်ငူမြို့ကေတုမတီ မိုးလုံလေလုံ အားကစားရုံ၌ ဒီဇင်ဘာ ၂၇ ရက် ည ၇နာရီက ကျင်းပရာ ကဗျာပြိုင်ပွဲတွင် ပထမဆုရ ကိုမြင့်စိုးအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသန့်ဇင်က ဆုငွေနှင့်ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။ (က-ပ)

ရဲတပ်သားသစ် သင်တန်းဆင်းပွဲကျင်းပ

ရမည်းသင်း ဇန်နဝါရီ ၄

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲတပ်သားသစ် သင်တန်းအမှတ်စဉ် ၁၃၃၊ ၁၃၄ သင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၂၆ရက်က ရမည်းသင်းမြို့ အမှတ်(၁) ရဲလေ့ကျင့်ရေး သင်တန်းကျောင်း၌ ကျင်းပရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် ညွှန်ကြားရေးမှူး (စီမံရေးနှင့် လေ့ကျင့်ရေးဌာန) ရဲမှူးကြီး ဝင်းခေါင် တက်ရောက်အမှာစကားပြောကြားပြီး သင်တန်းအမှတ်စဉ် (၁၃၃/၂၀၀၃)နှင့် သင်တန်းအမှတ်စဉ် (၁၃၄/၂၀၀၃) တို့၌ ဆုရရှိသူများအား ဆုများချီးမြှင့်သည်။ (က-ပ)

နယ်လှည့်စာကြည့်တိုက်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကျင်းပ

ဟသ်ာတ ဇန်နဝါရီ ၄

ဟသ်ာတခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ပညာရေးဌာန ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်းစီစဉ်သည့် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၁၉ရက် နံနက်က ဟသ်ာတမြို့နယ် စည်တော်ကုန်းကျေးရွာအုပ်စု ညောင်ကုန်းရွာ မူလတန်းကျောင်း၌ ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစောမောင်၊ ကျေးရွာဥက္ကဋ္ဌ ဦးစိုးနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်နှင်းဥခိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဦးစီးအရာရှိ ဦးစောမောင်က နိုင်ငံဖွံ့ဖြိုးရေးနှင့် ဖွဲ့စိတ်အကြောင်း ဟောပြောသည်။အလားတူ အခမ်းအနားကို ဒီဇင်ဘာလအတွင်း ဆိပ်ကြီးရွာ၊ ဂန့်ဂေါ်တောရွာ၊ သာဒီကွင်းရွာ၊ စည်တော်ကုန်းရွာ၊ ပဲကြီးကျွန်းရွာများတွင်လည်း ကျင်းပခဲ့သည်။

(ခရိုင် ပြန်/ဆက်)

ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ပညာပေးဟောပြောပွဲကျင်းပ

မော်လိုက် ဒီဇင်ဘာ ၂၂

မော်လိုက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၂၁ ရက် နံနက်က မော်လိုက်မြို့နယ် လောင်းကောင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မော်လိုက်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သိန်းက ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာနေဝင်းက မိသားစုတိုင်း ကြက် ၁၀ ကောင်၊ ဝက်တစ်ကောင် မွေးမြူရေး၊ ကျွဲ၊ နွားများကာကွယ်ဆေးထိုးရေး၊ ခရိုင်မြေစာရင်းဦးစီးမှူး ဦးကျော်ငွေက မြေယာအသုံးချမှုနှင့်မြေယာဥပဒေများကို လိုက်နာရေး၊ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးတင်ဦးကြိုင်က စပါးနှင့်အခြားသီးနှံ ၁၀ မျိုး အထွက်တိုးရေးအတွက် ပန်းတိုင်အထွက်နှုန်းပြည့်မီအောင် ဆောင်ရွက်ရမည့် နည်းလမ်းငါးသွယ်နှင့်အညီ ဆောင်ရွက်ရေးတို့ကို ပညာပေးဟောပြောကြသည်။

(မြို့နယ် ပြန်/ဆက်)

ဇန်နဝါရီ ၂ ရက်က ပေါင်းတည်မြို့နယ် တာပွန်ကျောက်ချောလမ်း ဖွင့်ပွဲကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်သက်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးအောင်ကြိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၄၀၃)

ညောင်ဦးခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာလုပ်ငန်းကော်မတီက ကြီးမှူး၍ (၁/၂၀၀၃)စက်ချုပ်သင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၂၆ ရက်က မြို့နယ်သမဝါယမဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ညောင်ဦးမြို့ ဆုံဆည်းရာမိုတယ်နှင့် ရန်ကုန်မြို့ တို့ပြည်သားအင်တာ ပရိုက်စ်လီမိတက် ရန်ကုန်တိရစ္ဆာန်ဥယျာဉ် ဘက်စုံကစားကွင်းပိုင်ရှင် ဒေါ်ခင်လှက သင်တန်းသူများအတွက် အထည်ပိတ်စများ ပေးအပ်လှူဒါန်းစဉ်။ (၃၀၀)

11-1 (15).p65 1 3/25/05, 10:09 PM

ဝမ်းမြောက် ဂုဏ်ပြုခြင်း

နိုင်ငံတော်က သီဟသုဓမ္မသိင်္ဂီဘွဲ့တံဆိပ်ကို ထိုက်တန်စွာ ချီးမြှင့်ခြင်းခံရသော ဒေါ်သန်းမြင့် (သဒ္ဓတ်သျှို-မိုးကုတ်မြို့) Director (Myanmar Precious Jems & Jewellery Ltd.) အား ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် လုပ်ငန်းများအောင်မြင်၍ နိုင်ငံအကျိုး၊ သာသနာအကျိုးကို ဆက်လက်သယ်ပိုးနိုင်ပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါသည်။

၁။ **ဦးမောင်မောင်သိန်း (Sky Bow Trading Co.Ltd.)**
၂။ **ဦးစိန်ထွန်းမြင့် (Myanmar Precious Gold Mine Product Ltd.)**
၃။ ဒေါ်မွန်မွန်မြင့် **(Myanmar Wealth Banner General Trading Co.Ltd.)**
၄။ ဒေါ်ချောစုမြတ် **(Myanmar Precious Jems & Jewellery Ltd.)**

AKYINN & BROTHERS TYRES TRADING ENTERPRISE

အများသိစေရန်

ရန်ကုန်တိုင်း၊ လမ်းမတော်မြို့နယ်၊ လှည်းတန်းလမ်း၊ အမှတ် ၁၇/၁၉နေ ဦးမျိုးဦး ၁၂/လမတ(နိုင်)၀၂၅၉၀၂ ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်း၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၄ (စက်မှု)မြေကွက်အမှတ် ၁၀၃၊ လူနေရပ်ကွက်(စက်မှု) ဧရိယာ (အလျား ၂၇၂ ပေ/၂၆၉ ပေ X အနံ ၅၇၆ ပေ/၄၅၁ ပေ)၊ ၃ဒသမ ၃၇၃ ဧကနှင့် မြေကွက်အမှတ် ၁၀၆၊ ဧရိယာ(အလျား ၂၅၅ပေ/ ၃၀၁ ပေ X အနံ ၃၅၃ပေ/၄၅၁ပေ)၊ ၂ဒသမ ၄၇၁ ဧကရှိ နှစ် ၆၀ ဂရန်မြေကွက်များနှင့် ယင်းမြေကွက်များသည် အမှတ် ၁၀၃နှင့် ၁၀၆၊ (၆၄ စက်မှု)၊ ဖန်ချက်ဝန်ဦးရွှေအိုးလမ်း၊ စက်မှုဇုန်အပိုင်း(၃)၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် မြေကွက်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို အမည်ပေါက်ထံမှ ကျွန်ုပ်အမှုသည် ဦးမျိုးဦးသည် ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်သဖြင့် ကန့်ကွက်လိုသူများသည် ဤကြေညာသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏အမှုသည်ထံသို့ဖြစ်စေ ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းများ၊ အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်း မရှိပါက အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဒေါ်စန်းစန်းဝင်း (တရားရုံးချုပ်ရှေ့နေ)၂၁၇၂
B.A(Law), LL.B (Advocate),
D.B.L,D.M.L,D.A.P
အမှတ် ၂၀၉/ဃ၊ဘူတာရုံလမ်း၊ ကန်ဘဲ့၊
၁၂ ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ရန်ကုန်မြို့
ဖုန်း-၅၆၁၂၂၃၊ ၅၇၈၅၅၀၊ ၂၄၇၀၈၄



"ကား" ဝယ်လိုသည်
Atlus,Toyo Ace,Dyna
ဒီဇယ် (၁၀)ပေ
အက္ခရာ လ/သ/အ/... /၁က
ဖုန်း - ၀၉-၅၀၀၄၄၉၃

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၆က/ ၇၂၄၆ မော်တော်ယာဉ်လက်ဝယ်ရှိသူမှ မော်တော်ယာဉ် မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ၁၅ ရက်အတွင်း ကညန၊ တိုင်းရုံး (ရန်ကုန်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ တိုင်းရုံး (ရန်ကုန်)

စေ့စပ်ကြောင်းလမ်း ဖျက်သိမ်းခြင်း

မောင်စောလှိုင်ဝင်း(ခ)မင်းညီနှင့် မမေဖြိုးသူတို့၏ ၁-၅-၂၀၀၃ ရက်တွင် စေ့စပ်ကြောင်းလမ်းခဲ့ခြင်းကို ယခုအခါ စိတ်သဘောထားချင်း မည်သို့မျှတိုက်ဆိုင်ခြင်း မရှိတော့ပါ၍ ကျွန်မ၏ သဘောဆန္ဒအလျောက် ၅-၁-၂၀၀၄ ရက်မှစ၍ စေ့စပ်ကြောင်းလမ်းခြင်းကို ဖျက်သိမ်းလိုက်ပါသည်။

မမေဖြိုးသူ
၁၂/ဗတထ(နိုင်) ၀၃၄၉၂၇

ကားငှားမည်

ခရီးစဉ် မျိုးစုံအတွက် (Aircon၊ Mini Bus)နှင့် (Saloon)မျိုးစုံ နှစ်ချုပ်၊ လချုပ် ငှားရန်ရှိသည်။အကျိုးတူ ပူးပေါင်းလိုသော ယာဉ်ပိုင်ရှင်များ ဆက်သွယ်ပါရန်။ **ဖုန်း-၅၂၄၆၈၆**

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ မှတ်ပုံတင်ကတ် အမှတ် ၂၄၅၂၃၇၊ အိမ်ထောင်စုစာရင်း၊ ကားမှတ်ပုံတင် စာအုပ်၊ VPCကတ်၊ ပရိမီယံစာအုပ်၊ GPစာရွက်၊ အမြတ်ခွန် စာရွက်များ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါ။

အမှတ် ၂၁၊ ၂၆လမ်း၊ပန်းဘဲတန်းမြို့နယ်
အပ်ဒူရာမန်(ခ)ကိုကျော်မင်း
ဖုန်း-၅၁၃၂၃၁၊ ၂၅၀၉၄၄၊ ၀၉-၅၀-၁၈၁၆၇

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ဆ/၁၉၆၆ နှင့် ဧ/၈၅၅၁ လက်ဝယ်ရှိသူက (ကမ-၃)မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ၁၅ ရက်အတွင်း ကညန၊ ခရိုင်ရုံး(ပခုက္ကူ)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ ခရိုင်ရုံး(ပခုက္ကူ)

ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန် နိုင်ငံခြားဘာသာတက္ကသိုလ် ကိုရီးယားဘာသာဌာနမှ နည်းပြဒေါ်ချောချောသူ၏ မိခင်ဒေါ်ကြင်မေ (၆၉)နှစ်သည် ၁-၁-၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဌာနမှူး၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ
ကိုရီးယားဘာသာဌာန
မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်

THREE STAR

Air Con၊ ရေခဲသေတ္တာ တပ်ဆင်၊ ပြုပြင်ရောင်းဝယ်ရေး (Good Second Air con) များကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနေပါသည်။

ဖုန်း-၇၀၅၇၈၄

ကြော်ငြာစာ

အမွေဆက်ခံရန် သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း အကြောင်းကြားစာ
အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၃၇၃
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
၂၀၀၄ ခုနှစ် တရားမအထွေထွေမှု အမှတ် ၁
(ကွယ်လွန်သူခင်ပွန်း ဦးကံဆောင် ကျန်ရှိရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသောအမှု)

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ်၊ စမ်းချောင်း(တောင်)ရပ်ကွက်၊ အမှတ် ၂၄၊ ဆီဆုံလမ်းနေ ဒေါ်ခင်ရီရီ ၁၂/စခန(နိုင်) ၀၀၄၄၉၆ ကိုင်ဆောင်သူက ကွယ်လွန်သူ ဦးကံဆောင်၏ဇနီးဖြစ်သည်ဟူ၍ စမ်းချောင်းမြို့နယ်နေ ၎င်းကွယ်လွန်သူ ဦးကံဆောင် ကျန်ရှိရစ်သောပစ္စည်းနှင့် ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန် အတွက် အမွေဆက်ခံခွင့် သက်သေခံလက်မှတ်စာ ရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ၎င်းကွယ်လွန်သူ ဦးကံဆောင်ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူ မည်သူမဆို ဤရုံးသို့ ၂၀၀၄ခုနှစ် ဇန်နဝါရီလ ၁၄ရက် နံနက် ၁၀နာရီ (၁၃၆၅ခု ပြာသိုလပြည့်ကျော် ၈ ရက်)တွင် လာရောက်ကြရမည်။၎င်းရက်တွင် လျှောက်ထားသူ ဒေါ်ခင်ရီရီ၏ လျှောက်လွှာကို ကြားနာ၍ အမွေဆက်ခံခွင့်လက်မှတ် ရသင့် မရသင့် စစ်ဆေးကြားနာဆုံးဖြတ်လိမ့်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၇ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဝင်းဝင်းမော်
ဒုတိယခရိုင်တရားသူကြီး(၁)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

အလိုရှိသည်
(ကျပ်ငွေဖြင့် ပြည်တွင်း၌သာ ခန့်ထားရန်)

၁။ Engineer (Male) 3Post
B.E/ A.G.T.I (Electronics/ Electrical Power/ Mechanical)
၂။ Account Staff (Female) 1Post
CPA/ B.Com/LCCI (Level III) အောင်မြင်ပြီးသူ

အထက်ပါ ရာထူးများအတွက် လျှောက်ထားသူသည် အလုပ်သမားမှတ်ပုံတင်မိတ္တူနှင့် အခြားလိုအပ်သော အထောက်အထားများနှင့်အတူ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်သည်။ အမှတ် ၂၄၇၊၂၄၈ မူဆယ်လမ်း၊ ၂၃ ရပ်ကွက် စက်မှုဇုန် (၁) တောင်ဒဂုံ၊ ရန်ကုန်မြို့။

ဝမ်းနည်းကြေကွဲခြင်း
ဦးတင်သိန်း
အငြိမ်းစား၊ သစ်တောဦးစီးဌာန၊ ရေတာရှည်မြို့
အသက်(၈၂)နှစ်

သူငယ်ချင်း ကိုအောင်ဌေးမင်း၏ဖခင် ၇-၁-၂၀၀၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

သူငယ်ချင်းများ
သူရိန်-၁ (အကောက်ခွန်ဦးစီးဌာန)

အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၄၉၊ မြေကွက် အမှတ် ၉၃၉၊ ဧရိယာ ၀ ဒသမ ၀၅၆ ဧကရှိ နှစ် ၆၀ ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၉၃၉၊ ဒူးယား ၁၀ လမ်း၊ (၄၉) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဟုခေါ်တွင်သော အဆောက်အအုံတို့မှာ ဦးမြင့်ဖော်ဦး ၃/ဘအန(နိုင်) ၁၁၉၀၂၂ နှင့် ညီကိုမောင်နှမများ၏ အမွေဆိုင်ပစ္စည်းဖြစ်ပါသည်။

အဆိုပါမြေ၊ အဆောက်အအုံနှင့်ပတ်သက်၍ ဦးမြင့်ဖော်ဦးနှင့် ညီကိုမောင်နှမများသဘော တူညီချက်မရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်း၊ တခြားနည်း စီမံခန့်ခွဲခွင့်မရှိကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မြသီတာ(၂၂၃၂၇)	**ဦးကျား (၁၀၀၆)**
ဒေါ်မိမိအောင်(၂၂၃၉၃)	**ဒေါ်လှလှကျင် (၅၇၇၃)**
(အထက်တန်းရှေ့နေများ)	**(တရားရုံးချုပ်ရှေ့နေများ)**

အမှတ် ၅၅၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့ (ဖုန်း-၂၅၃၃၈၂)

ဝမ်းနည်းကြေကွဲခြင်း
ဦးသိန်းညိုလွင်
ကပ-၁၇၂၀၊ အကောက်ခွန်မှူး၊ အကောက်ခွန်ဦးစီးဌာန
အသက် (၄၁)နှစ်

သူငယ်ချင်း သိန်းညိုလွင်သည် ၆-၁-၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

သူရိန်(၁)မှ
အကောက်ခွန်အရာရှိများ

ကိုချစ်ထွေး(ခ)ဗန်ဒို
CDC - 23314
Final Year (Phy)
၄၉ လမ်း
အသက်(၃၇)နှစ်

ရန်ကုန်မြို့၊ ၄၉ လမ်း၊ အလယ် အမှတ် ၁၂၄၊ အခန်း ၅၊ ပထမထပ်၊ ပုဇွန်တောင်မြို့နယ်နေ ဦးတင်ဖေ-ဒေါ်တင်မေတို့၏သား၊ မသီတာခိုင် (B.Sc. Maths)၏ခင်ပွန်း၊ မချောချော၊ မတွယ်တာတို့၏ဖခင်၊ မောင်သန်းစင်အောင်(B.A Law)၊ မောင်မျိုးမြင့်အောင်(B.Sc Zoo) (ရန်မျိုးအောင်စာပေ)၊ မောင်တင်နိုင်လင်း-မပိုးဖြူ (B.A, မြန်မာစာ)၊ မောင်သူရအောင် (2nd Year Maths)၊ မောင်ပြည့်ဖြိုးအောင်(G.T.C)၊ မဥမ္မာသန်း(B.E)၊ မောင်အာကာကျော် (Hanseatic Shipping)၊ မောင်ကျော်ဇေယျာ(2nd Year Law)၊ မခင်မြတ်သူ(B.Tech)၊ မောင်မင်းစည်သူ(2nd Year Law)၊ မောင်ဇော်မင်း၊ (1st Year Maths)၊ မောင်အောင်သူ၊ မညိုညိုစမ်း(မင်္ဂလာဈေး)၊ မောင်စိုးပိုင်၊ မသီရိသက်နိုင်၊ မမေစိုးယု၊ မဇင်မာစိုးယုတို့၏ဦးလေး၊ မတိုမိုကို၊ မဂျူးဂျူးတို့၏ အဘိုးလေးသည် ၇-၁-၂၀၀၄ရက်တွင် ဗဟိုစည်ဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၉-၁-၂၀၀၄ရက် (သောကြာနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေး သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးပါကြောင်း။

ကျန်ရစ်သူတူ၊တူ မများ။

ဝမ်းနည်းကြေကွဲခြင်း
ဦးမောင်မောင်ကြီး
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ (အငြိမ်းစား)
လွှတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယဆင့်)
နိုင်ငံ့ဂုဏ်ရည်ဘွဲ့(ဒုတိယဆင့်)
အသက်(၈၅)နှစ်

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ (အငြိမ်းစား) လွှတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယဆင့်)၊ နိုင်ငံ့ဂုဏ်ရည်ဘွဲ့(ဒုတိယဆင့်) ဦးမောင်မောင်ကြီးသည် ၃-၁-၂၀၀၄ ရက် နံနက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပါမောက္ခချုပ်နှင့်ဝန်ထမ်းများ
ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)



ဦးအုန်းလွင်
(လေကြောင်းထိန်း)
A.T.P.O (1) ရန်ကုန်လေဆိပ်
အသက်(၅၉)နှစ်

ရန်ကုန်မြို့ အမှတ် ၃၄၈၊ ဗိုလ်မင်းရောင်လမ်း၊ (၃၄)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)နေ (ဦးကိုကိုကြီး)-ဒေါ်တင်စိန်တို့၏သား၊ (ဦးဆင့်-ဒေါ်အမာ)တို့၏သားသမက်၊ ဒေါ်ခင်ပြုံးဆင့်၏ ခင်ပွန်း၊ မောင်ဇင်ကိုလွင် (FP-II) (IM-2)၏ဖခင်၊ဦးအုန်းသွင်-ဒေါ်ခင်နု၊ ဦးနေဝင်း၊ ဦးဖေသိန်း-ဒေါ်ကြူကြူဝင်း၊ ဦးအောင်ဝင်း-ဒေါ်စမ်းစမ်းညွန့်၊ ဦးမြင့်ကျော်-ဒေါ်နီနီစိန်၊ ဦးစံဝင်း-ဒေါ်စမ်း၊ ဦးဝင်းထိန်-ဒေါ်ဖြူဖြူစိန်၊ ဦးခင်မောင်အေး-ဒေါ်စန်းစန်းမော်၊ ဦးခင်မောင်ထွေး၊ ဦးကျော်ထင်အောင်-ဒေါ်ဝါဝါစိန်တို့၏အစ်ကိုကြီးသည် ၆-၁-၂၀၀၄ရက် (အင်္ဂါနေ့) ညနေ ၆:၁၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၇-၁-၂၀၀၄ရက် မွန်းလွဲ ၁:၃၀ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်စိန်ဝင်းမေ (မြင်းခြံ)
အသက် (၄၈) နှစ်

မန္တလေးတိုင်း မြင်းခြံမြို့ အမှတ် ၅၅၊ ၅ ရပ်ကွက်နေ ဆေးကုန်သည်ကြီး ဦးတိုင်းကျော်-ဒေါ်သိန်းညွန့်တို့၏ တစ်ဦးတည်းသောသမီး၊ ကြက်သွန်တန်းနေ ဦးကျော်-(ဒေါ်ချစ်မုန်း)တို့၏ သမီးချွေးမ၊ ဦးခင်ချို (စိန်ကံကော်ကုန်မျိုးစုံရောင်းဝယ်ရေး)၏ ဇနီး၊ မချိုမိုမိုဝင်း (စီးပွားရေး တက္ကသိုလ် တတိယနှစ် မိတ္တီလာ)၊ မျိုးစုယမင်းချို (အဋ္ဌမတန်း-က၊ အထက-၁)မြင်းခြံ၏ မိခင် ဒေါ်စိန်ဝင်းမေသည် ၂-၁-၂၀၀၄ ရက် နံနက် ၀၉:၀၀ နာရီတွင် YMC (Yangon Medical Centre တွင် ကွယ်လွန်သွားပါ၍ ၃-၁-၂၀၀၄ ရက်တွင် မြင်းခြံမြို့နယ် ခေါင်းကွဲကျေးရွာ သုသာန်တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျစ်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ
ကျောက်မျက်ရတနာသတ်မှတ်နှင့် ဖော်ထုတ်လုပ်ကွက် အဆိုပြုလွှာများ တင်သွင်းရန်
ကြေညာချက် (၁/၂၀၀၄)
ရန်ကုန်မြို့၊ ၁၃၆၅ ခုနှစ် ပြာသိုလပြည့်ကျော် ၂ ရက် (၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၈ ရက်)

၁။ ကျောက်မျက်ရတနာနယ်မြေများတွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်များရယူ၍ တူးဖော်ထုတ်လုပ်နေသည့် ကျောက်စိမ်း၊ ကျောက်မျက်လုပ်ကွက်များအနက်မှ ၂၀၀၄ ခုနှစ် (ဧပြီ၊ မေ၊ ဇွန်လ)များအတွင်း သက်တမ်းကုန်ဆုံးမည့် သတ်မှတ်လုပ်ကွက်များနှင့် ဖော် ထုတ်လုပ်ကွက်များ၊ လစ်လပ်သတ်မှတ်လုပ်ကွက်များနှင့် လစ်လပ်ဖော်ထုတ်လုပ်ကွက်များကို မြန်မာ့ကျောက်မျက်ရတနာဥပဒေ ပုဒ်မ–၁၂၊ ပုဒ်မ–၁၃၊ ပုဒ်မ–၁၅ တို့နှင့်အညီ နိုင်ငံသားပုဂ္ဂလိက၊ ကုမ္ပဏီ၊ အသင်းများအား ဈေးပြိုင်စနစ်ဖြင့် တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်များ ထုတ်ပေးရေး ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ ကျောက်မျက်ရတနာလုပ်ကွက်များအား ဈေးပြိုင်စနစ်ဖြင့် ချိပ်ပိတ်အဆိုပြုလွှာများ တင်သွင်းရာတွင် အဆိုပြုလွှာတစ်စောင် (လုပ်ကွက်တစ်ကွက်)အတွက် အာမခံစပေါ်ငွေ (Deposit) ကျပ်တစ်သိန်း ပေးသွင်းရပါမည်။ အာမခံစပေါ်ငွေများအား ခွင့်ပြုမိန့်ထုတ်ပေးမည့် လုပ်ကွက်အတွက် အဆိုပြုငွေများ ပေးသွင်းရာတွင် အဆိုပြုငွေမှ ခုနှိမ်ပေးသွင်းခြင်း၊ ခွင့်ပြုမိန့်မရသူများအား ပြန်လည်ထုတ်ပေးခြင်းစသည်တို့အား ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေး လုပ်ငန်းကော်မတီမှ သတ်မှတ်ချက်များ နှင့်အညီ သက်ဆိုင်ရာလုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆောင်ရွက်မည် ဖြစ်ပါသည်။

၃။ ကျောက်မျက်ရတနာတူးဖော်လုပ်ကိုင်လိုသည့် ကုမ္ပဏီများသည် သင်းဖွဲ့မှတ်တမ်းအရလည်းကောင်း၊ သမဝါယမအသင်းများသည် အသင်းစည်းကမ်းအရလည်းကောင်း၊ ကျောက်မျက်ရတနာတူးဖော်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိမည့်အပြင် ကုမ္ပဏီ၊ အသင်းသည် ရန်ကုန်မြို့၌ ရှိရပါမည်။ ကျောက်မျက်ရတနာထုတ်လုပ်ခြင်း လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိရန် လျှောက်ထားဆဲဖြစ်ပါက သက်ဆိုင်ရာအထောက်အထား စာရွက်စာတမ်းများ တင်ပြလျှောက်ထားနိုင်ပါသည်။ ၎င်းအပြင် ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိသည့် ကုမ္ပဏီ၊အသင်းများအနေဖြင့် ခွင့်ပြုမိန့်ရရှိထားသည့် ကျောက်မျက်ရတနာလုပ်ကွက်များကို တရားမဝင်လွှဲပြောင်းခြင်း မပြုရန်နှင့် သတ္တုတွင်းဝန်ကြီးဌာနမှ ၁၉၉၉ ခုနှစ် အောက်တိုဘာလ ၁ ရက်တွင် ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာအမှတ်(၁၂၃/၉၉)အတိုင်း လိုက်နာ ဆောင်ရွက်ရမည် ဖြစ်ပါသည်။

၄။ သတ်မှတ်နှင့် ဖော်ထုတ်လုပ်ကွက်တစ်ကွက်အတွက် မြေအကျယ်အဝန်းမှာ တစ်ဧကဖြစ်သည်။ သို့ရာတွင် တူးဖော်ထုတ်လုပ်ပြီး သတ်မှတ်နှင့် ဖော်ထုတ်လုပ်ကွက်များ၊တူးဖော်ထုတ်လုပ်ဆဲ သတ်မှတ်နှင့် ဖော်ထုတ်လုပ်ကွက်များအနေဖြင့် တူးဖော်မှုနှင့် ရာသီဥတုကြောင့် လုပ်ကွက်နယ်မြေအကျယ်အဝန်းနှင့်ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်ပါက သတ္တုတွင်းဝန်ကြီးဌာန ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီက ညှိနှိုင်းဆုံးဖြတ်ခြင်းကို လိုက်နာဆောင်ရွက် ရမည်ဖြစ်ပါသည်။ သတ်မှတ်နှင့် ဖော်ထုတ်လုပ်ကွက်များအတွက် ခွင့်ပြုသက်တမ်းကာလမှာ သုံးနှစ်ဖြစ်ပြီး အနည်းဆုံးပေးသွင်းရမည့် အဆိုပြုငွေမှာ ကျပ် ၁၀ သိန်းဖြစ်ပါသည်။ ဈေးပြိုင်စနစ်ဖြင့် ခွင့်ပြုမိန့်ထုတ်ပေးမည်ဖြစ်၍ အဆိုပြုလွှာတင်သွင်းရာတွင် ပေးသွင်းမည့် အဆိုပြုငွေကို ဂဏန်းဖြင့်သာမကဘဲ စာသားဖြင့်ပါ တိတိကျကျဖော်ပြရမည်ဖြစ်ပါသည်။

၅။ မိမိတို့ တူးဖော်လိုသည့် သတ်မှတ်နှင့် ဖော်ထုတ်လုပ်ကွက်များကို လုပ်ကိုင်မည့်ပုဂ္ဂိုလ်များကိုယ်တိုင် ကွင်းဆင်းစစ်ဆေးကြည့်ရှုပြီးမှသာ လုပ်ကိုင်မည့်သူကိုယ်တိုင် လက်မှတ်ရေးထိုး၍ အဆိုပြုလွှာများ တင်သွင်းရန်ဖြစ်ပါသည်။ တူးဖော်ထုတ်လုပ်ရန် ခွင့်ပြုမိန့်ရရှိပြီးနောက်မှ ကျောက်မျက်တူးဖော်ထုတ်လုပ်ရန် မြေမှန်မရှိခြင်းနှင့် အခြားအကြောင်းအမျိုးမျိုးဖော်ပြ၍ ကြိုတင်ပေးသွင်းထားသည့် အာမခံစပေါ်ငွေများနှင့် နိုင်ငံတော်သို့ပေးသွင်းပြီးသော အဆိုပြုငွေများကို ပြန်လည်ထုတ်ပေးရန်၊ လုပ်ကွက်နေရာပြောင်းလဲပေးရန် တင်ပြခြင်းများကို ခွင့်ပြုမည်မဟုတ်ပါ။ ၎င်းအပြင် အဆိုပြုလွှာများ တင်သွင်းရာတွင် လုပ်ငန်းမှတ်ပုံတင်ခြင်းမရှိသည့် အဆိုပြုလွှာများနှင့် ပြည့်ပြည့်စုံစုံဖော်ပြခြင်း မပြုသည့် အဆိုပြုလွှာများကို လက်ခံစဉ်းစားမည် မဟုတ်ပါ။

၆။ လုပ်ငန်းမှတ်ပုံတင်ခြင်း၊ အဆိုပြုလွှာထုတ်ယူခြင်းနှင့် အဆိုပြုလွှာ ပြန်လည် တင်သွင်းခြင်းများကို မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နှင့်ဆက်သွယ်၍ အောက်ပါအတိုင်း ဆောင်ရွက်ရန် ဖြစ်ပါသည်–

(က) **လုပ်ငန်းမှတ်ပုံတင်ခြင်းနှင့် အဆိုပြုလွှာများထုတ်ယူခြင်း။** အဆိုပြုလွှာတင်သွင်းလိုသူများသည်၂၀၀၄ခုနှစ် ဇန်နဝါရီလ ၁၂ရက်မှစ၍ အမှတ်(၆၆) ကမ္ဘာအေးစေတီလမ်း၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)တွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ မှတ်ပုံတင်ကြေးငွေများပေးသွင်း၍ မှတ်ပုံတင်ပြီး အဆိုပြုလွှာများ ထုတ်ယူခြင်း၊ လုပ်ကွက်မြေပုံများကို ကြည့်ရှုလေ့လာခြင်းများ ဆောင်ရွက်နိုင်ပါသည်။

(ခ) **အဆိုပြုလွှာများတင်သွင်းခြင်း။** အဆိုပြုလွှာ တင်သွင်းလိုသူများသည် သတ်မှတ်လုပ်ကွက်များအတွက် သတ်မှတ်အဆိုပြုလွှာ (မကလ–၂)နှင့် ပုံစံ (သမ–၁)တို့ တွင်လည်းကောင်း၊ ဖော်ထုတ်လုပ်ကွက်များအတွက် ဖော်ထုတ်လုပ်ကွက်အဆိုပြုလွှာ (မကလ–၅)နှင့် ပူးတွဲပုံစံ (ဖထ–၁)တို့တွင်လည်းကောင်း လိုအပ်သည်များကို ပြည့်ပြည့်စုံစုံ ရေးသွင်းရပါမည်။ ၎င်းအဆိုပြုလွှာများကို တစ်စောင်စီခွဲ၍ စာအိတ် နှစ်ထပ်တွင် အတွင်းအပြင်ချိပ်ထိုးပြီး ၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၁၂ရက်မှ ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်) အမှတ် (၆၆) ကမ္ဘာအေးစေတီလမ်း၊ ရန်ကုန်မြို့တွင် သတ်မှတ်ချက်များနှင့်အညီ တင်သွင်းရပါမည်။

၇။ အသေးစိတ်သိလိုသည်များကို မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်) ရန်ကုန်မြို့တွင်လည်းကောင်း၊ မိုးကုတ်နှင့် လုံးခင်းတွင် အခြေပြုသည့် ကျောက်မျက်၊ ကျောက်စိမ်းတူးဖော်ရေးဌာနများ၊ မန္တလေး၊ မြစ်ကြီးနား၊ ခန္တီးနှင့် မိုင်းရှူး/လွိုင်ဆောင်ထောက်တွင် အခြေပြုသည့် ကျောက်မျက်ကျောက်စိမ်းစခန်းရုံးများတွင်လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ

အမည်ပြောင်း

အဖ ဦးသန်းစိန်၏သမီး မခင်မာဝင်းအား မအံ့ငယ်ဇင်ဟုလည်းကောင်း၊ မနီနီဝင်းအား နှိုင်းဟု ပြောင်းလဲခေါ်ပါရန်။

ဖခင်အမည်မှန်

အင်းစိန် အထက–၁ ဆဋ္ဌမတန်း (အိုင်)မှ မောင်အောင်ကိုကိုမြင့်ဦး၏ ဖခင် အမည်မှန်မှာ မှတ်ပုံတင်အရ ဦးသိန်းအုန်း ဖြစ်ပါသည်။

ဖခင် ဦးသိန်းအုန်း

ဝမ်းနည်းကြေကွဲခြင်း

အကောက်ခွန်မှူး ဦးသိန်းညိုလွင်သည် ၆–၁–၂၀၀၄ရက် ၁၁း၂၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အကောက်ခွန်မိသားစု၊မန္တလေးမြို့။

ဝမ်းနည်းကြေကွဲခြင်း
ဦးမောင်မောင်ကြီး
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ(အငြိမ်းစား)
လွှတ်လပ်ရေးမော်ကွန်းဝင်(ဒုတိယဆင့်)
နိုင်ငံ့ဂုဏ်ရည်ဘွဲ့(ဒုတိယဆင့်)
အသက်(၈၅)နှစ်

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ (အငြိမ်းစား) လွှတ်လပ်ရေးမော်ကွန်းဝင်(ဒုတိယဆင့်)၊ နိုင်ငံ့ဂုဏ်ရည်ဘွဲ့(ဒုတိယဆင့်) ဦးမောင်မောင်ကြီးသည် ၃–၁–၂၀၀၄ရက် နံနက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပညာရေးဝန်ကြီးဌာန။

ဝမ်းနည်းကြေကွဲခြင်း
ဦးမောင်မောင်ကြီး
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ(အငြိမ်းစား)
လွှတ်လပ်ရေးမော်ကွန်းဝင်(ဒုတိယဆင့်)
နိုင်ငံ့ဂုဏ်ရည်ဘွဲ့(ဒုတိယဆင့်)
အသက်(၈၅)နှစ်

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ (အငြိမ်းစား) လွှတ်လပ်ရေးမော်ကွန်းဝင်(ဒုတိယဆင့်)၊ နိုင်ငံ့ဂုဏ်ရည်ဘွဲ့(ဒုတိယဆင့်)ဦးမောင်မောင်ကြီးသည် ၃–၁–၂၀၀၄ရက် နံနက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပါမောက္ခချုပ်နှင့်ဝန်ထမ်းများ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)။

ဝမ်းနည်းကြေကွဲခြင်း
ဦးမောင်မောင်ကြီး
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ (အငြိမ်းစား)
လွှတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယဆင့်)
နိုင်ငံ့ဂုဏ်ရည်ဘွဲ့(ဒုတိယဆင့်)
(၈၅)နှစ်

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ (အငြိမ်းစား) လွှတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယဆင့်)၊ နိုင်ငံ့ဂုဏ်ရည်ဘွဲ့(ဒုတိယဆင့်) ဦးမောင်မောင်ကြီးသည် ၃–၁–၂၀၀၄ ရက် နံနက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပါမောက္ခချုပ်နှင့်ဝန်ထမ်းများ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်။

ဝန်ထမ်းအမြန်အလိုရှိသည်
(ပြည်တွင်း၌ ကျပ်ငွေဖြင့်သာ ခန့်ထားရန်)

၁။	Receptionist	မ (၁)ဦး
၂။	Marketing Coordinator	ကျား/မ (၁)ဦး
၃။	A.G.T.I (E.P)	ကျား/မ (၅)ဦး
၄။	A.G.T.I (M.P)	ကျား/မ (၅)ဦး

အမှတ်စဉ်(၁)အတွက် လျှောက်ထားသူသည် အသက် ၂၀မှ ၂၅နှစ်အတွင်းရှိပြီး ရုပ်ရည် သန့်ပြန့်ရမည်။ မည်သည့်ဘွဲ့ရမဆို လျှောက်ထားနိုင်သည်။ လုပ်ငန်းအတွေ့အကြုံ တစ်နှစ် ရှိရမည်။ ကွန်ပျူတာအသုံးပြုနိုင်၍ အင်္ဂလိပ်နှင့်တရုတ်စကားပြောဆိုနိုင်သူ ဦးစားပေးမည်။

အမှတ်စဉ် (၂)အတွက် မည်သည့်ဘွဲ့ရမဆို လျှောက်ထားနိုင်သည်။ လုပ်ငန်းအတွေ့အကြုံ သုံးနှစ်ရှိရမည်။ ကွန်ပျူတာကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။

အမှတ်စဉ် (၃)နှင့်(၄) လျှောက်ထားသူများသည် လုပ်ငန်းအတွေ့အကြုံရှိရန်မလို။

အထက်ပါရာထူးအတွက် ကိုက်ညီသင့်တော်သူများကို ထိုက်တန်သောလစာနှင့် ခံစားခွင့်များ ပေးအပ်ခန့်ထားမည်။ လျှောက်ထားလိုသူများသည် ကြော်ငြာပါသည့်နေ့မှ ၁၀ရက်အတွင်း အောက်ပါအချက်အလက်များကိုဖော်ပြ၍ အမှတ် ၁၁၅/၁၁၇၊(မြေညီထပ်)၊ လသာလမ်းသို့ ပေးပို့လျှောက်ထားနိုင်ပါသည်။

- အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံစာ
- ပညာအရည်အချင်းဆိုင်ရာနှင့် လုပ်ငန်းအတွေ့အကြုံဆိုင်ရာ ဖော်ပြချက်အသေးစိတ်
- မျှော်မှန်းလစာ
- ဆက်သွယ်ရန်ဖုန်းနံပါတ်နှင့် လိပ်စာအပြည့်အစုံ
- လတ်တလောရိုက်ကူးထားသော ဓာတ်ပုံတစ်ပုံ
- အလုပ်သမားမှတ်ပုံတင်မိတ္တူပါရှိရမည်။

မော်တော်ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားခြင်း

ယာဉ်အမှတ် ၁ခ/၆၅၄၉ မော်တော်ယာဉ်လက်ဝယ်ရှိသူ ဦးသီဟကိုကို ၁၂/ပဘတ(နိုင်)၀၁၅၇၄၈က မော်တော်ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ရက်၃၀အတွင်း ကညန (ရုံးချုပ်) ဗဟိုမော်တော်ယာဉ်မှတ်ပုံတင်ဌာနသို့လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန (ရုံးချုပ်)**

ရဟန်းအမ
ဒေါ်အေးကြည် (Edna)
B.A.,B.L., Advocate
ဥပဒေပညာရှင်(ငြိမ်း)ရှေ့နေချုပ်ရုံး
ဗိုဝိတဒါနသံဃာ့ဆေးရုံကြီး(ဗဟန်း) အုပ်ချုပ်ရေးအဖွဲ့ဝင်
သီလရှင်ဆေးရုံ၊နာယက
အသက်(၈၄)နှစ်

ရန်ကုန်တိုင်း၊ဗဟန်းမြို့နယ်၊အမှတ် ၁၆၈၊ ရွှေဂုံတိုင်လမ်းနေ (သရေစည်သူ ဦးချွန်ဖောင်၊ တရားလွှတ်တော်တရားဝန်ကြီးနှင့် ရှေ့နေချုပ်၊ငြိမ်း–ဒေါ်ဒေါ်မာ)တို့၏သမီးကြီး၊ (ဝဏ္ဏကျော်ထင် ဦးဝိန် သိပ္ပံပညာဝန်)၏ဇနီး၊ (ဦးကံညွန့်–ဒေါ်မြမြ ကထိက၊ အင်္ဂလိပ်စာဌာန၊ ပညာရေးတက္ကသိုလ်)၊ (ဦးကျော်တင့် တိုင်းပညာရေးမှူး၊ရန်ကုန်တိုင်း)–ဒေါ်ရီရီခင်(လ/ထညွှန်ကြားရေးမှူး၊ အခြေခံပညာဦးစီးဌာန၊ ငြိမ်း)တို့၏အစ်မ၊ ဦးရဲမြင့်(ဒုညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး)–ဒေါ်ခင်မာမင်း(လ/ထညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး)တို့၏ကြီးတော်၊မြင့်မောင်တင့်၊ မြင့်မောင်ဆင့်၊ မမြင့်သူဇာမင်းတို့၏ အဘွားသည် ၇–၁–၂၀၀၄ရက် ည ၁၀း၀၅နာရီတွင် ကွယ်လွန်သွားပါ၍ ၈–၁–၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ **ကျန်ရစ်သူမိသားစု။**

ခရစ်တော်၌အိပ်ပျော်ခြင်း
Gun Htang La Roi
ဗန်းမော်၊ ဂျခန်းဒပ်
အသက် (၈၃)နှစ်

ကချင်ပြည်နယ် ဗန်းမော်မြို့နယ် ဂျခန်းဒပ် (၁၅မိုင်)ကျေးရွာနေ ဒါ့ရှီခေါန်၏ခင်ပွန်း၊ ကလေးမြို့ အမှတ် (၁၆၁) ဘူတာလမ်း၊ပင်လုံ (၈)ရပ်ကွက် ဆာလံ (၁၂၁)နေ Khan Do Lian- Gun Htang Lu Maiတို့၏ ဖခင်သည် ၃–၁–၂၀၀၄ရက် ည၇နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပြီဖြစ်ကြောင်းနှင့် ၅–၁–၂၀၀၄ ရက်တွင် ဆာလံ (၁၂၁) နေအိမ်တွင်ပြုလုပ်သော ဝတ်ပြုဆုတောင်းပွဲနှင့်အတူ အဘက်ဘက်မှ ကူညီအားပေး နှစ်သိမ့်ပေးကြသော ကလေးနယ် နှစ်ခြင်းအဖွဲ့ချုပ်G/Sနှင့် လိပ္ပီး နှစ်ခြင်းအသင်းတော်မှ ဆရာဆရာမများ၊ အသင်းတော်လူကြီးများ၊ အသင်းသူ အသင်းသား၊ ဆွေမျိုးမိတ်သင်္ဂဟများအား ကျေးဇူးတင်ရှိပါသည်။ **ကျန်ရစ်သူမိသားစု။**

ဦးအောင်မြင့်
(သိမ်ချောင်း)
ပြည်သူ့ကုန်တိုက်(ငြိမ်း)
အသက် (၆၃)နှစ်

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ်၂၊ (၂)လမ်း၊ ပုသိမ်ညွန့်ရပ်ကွက်နေ (ဦးထွန်းတင်–ဒေါ်အေးရှင်)တို့၏သား၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) ၄၁ ရပ်ကွက်၊ ယုဇနလမ်း၊ အမှတ် ၅၆ နေ ဒေါ်ခင်မူ (ဥက္ကဋ္ဌ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲ၊ မြောက်ဒဂုံ)၏ခင်ပွန်း၊ ကိုရဲမြင့်နိုင်(3/E Eastwind Shipping Co.,Ltd.) – မမိုးသီတာကျန်းမာရေးဦးစီးဌာန(ငြိမ်း)၊ ကိုဝဏ္ဏထွန်း (Prime Boss Co., Ltd)- မနွယ်နီမြင့် (B.A Hist:)၊ မချိုအေးမြင့် (Assit: Manager, F.O Dept Yuzana Hotels and Resorts)၊ မောင်ညီညီအောင် တို့၏ ဖခင်၊ မအေးမိုမိုနိုင်၊ မောင်သင့်မြတ်အောင်တို့၏ အဘိုး၊ ဦးအောင်မြင့် ပြည်သူ့ကုန်တိုက် (ငြိမ်း) သည် ၁၄–၁၂–၂၀၀၃ ရက် တနင်္ဂနွေနေ့တွင် ကွယ်လွန်သွားပါ၍ ဈာပနကိစ္စအဝဝတွင် ဝိုင်းဝန်းကူညီပေးကြသော ရပ်ဝေး၊ ရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းများအား ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု။

ကြို့ပင်ကောက်မြို့နယ်အသင်း(ရန်ကုန်)
ဒုတိယဗိုလ်မှူးကြီး
တင်လှ (ငြိမ်း)
အသက်(၆၅)နှစ်

ကြို့ပင်ကောက်မြို့ (ဦးအောင်ညွန့်–ဒေါ်သိန်းခင်)တို့၏သား၊ ထန်းတပင်မြို့ (ဦးဟိန်–ဒေါ်လှိုင်)တို့၏ သားသမက်၊ ရွှေပြည်သာမြို့နယ်၊ အမှတ် ၂၉/၂၇၄၊ မင်းလမ်း၊ အမှတ်(၂)ရပ်ကွက်နေ ဒေါ်တင်မိမိလှိုင်၏ခင်ပွန်း၊ ဗိုလ်ကြီးတင်မိုးလှိုင်၊ဒုတိယဗိုလ်မှူးကြီးသန်းကျော်ထူး–ဒေါ်သက်ထားတင်၊ ကိုတင်မိုးကျော်၊ ဗိုလ်ကြီးတင်ဇော်နိုင်တို့၏ဖခင် ဒုတိယဗိုလ်မှူးကြီးတင်လှ(ငြိမ်း)သည် ၇–၁–၂၀၀၄ရက် ညနေ ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉–၁–၂၀၀၄ ရက် ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များအား အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့။

ကျေးဇူးတင်ရှိခြင်း

ဦးသိန်းစိုး (အမှုဆောင်အရာရှိ ချောင်းဆုံမြို့နယ်စည်ပင်သာယာရေးရုံး)၏ ၈–၁–၂၀၀၄ရက် ဈာပနအခမ်းအနားကိစ္စအဝဝတွင် ဝိုင်းဝန်းကူညီပေးကြသော နယ်စပ်စည်ပင်သာယာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ နယ်စည်ပင်သာယာရေး ဦးစီးဌာန ဝန်ထမ်းများ၊ မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ ၊ချောင်းဆုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများနှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြသော ရပ်ဝေး ရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း
ဦးတင်အောင်
(အငြိမ်းစား၊ စာကြည့်တိုက်မှူး၊ ဗဟိုဝန်ထမ်းတက္ကသိုလ်)

၂၆–၁၂–၂၀၀၃ ရက်တွင် ကွယ်လွန်ခဲ့ပြီး ၂၈–၁၂–၂၀၀၃ ရက်တွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးခဲ့သော ဦးတင်အောင် (၆၈)နှစ်၏ ဈာပနကို အဘက်ဘက်မှ အင်တိုက်အားတိုက် ပို့ဆောင်ကူညီကြသော လွမ်းသူ့ပန်းခွေ၊ ပန်းခြင်းများ ပို့ပေးခဲ့ကြသော မြန်မာ့သင်္ဘောကျင်းလုပ်ငန်း၊ MS Woodwork Co.,Ltd, UDH CO., Ltd,IBS & MSC Co.,Ltd.တို့မှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ကုမ္ပဏီအကြီးအကဲများ၊ ရပ်မိရပ်ဖများ၊ ဖေဖေကြီး၏ ချစ်တပည့်များ အားလုံးတို့ကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း
ဟာဂျီမိုဟာမက်အဗ္ဗဒူလာ(ခ) မားဝေရှင်း(ခ)ဦးဝင်းစိန်
အသက်(၅၂)နှစ်

တောင်ကြီးမြို့၊ ညောင်ရွှေဟော်ကုန်းရပ်၊ သီတာလမ်း၊ အမှတ် ၁၃၁/ခ နေ ဒေါ်ဝေဝေခင်(အထပြ၊ ငြိမ်း၊ Rose ကွန်ပျူတာစင်တာ)၏ခင်ပွန်း၊ မောင်ဝင်းဝေဖြိုး၊မဝေဝင်းခိုင်(စာကြည့်တိုက်–၂၊ သုတပညာ၊ ပထမနှစ်၊ ဂုဏ်ထူးတန်း၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၊ မောင်ဝင်းဝေကျော်(ပထမနှစ်၊ ပထဝီ အဝေးသင်တက္ကသိုလ်၊ တောင်ကြီး)တို့၏ဖခင်သည် ၁–၁–၂၀၀၄ရက်တွင် အလ္လာရှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ၂–၁–၂၀၀၄ရက်တွင် တောင်ကြီး ကဘာရ်စတန်၌ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရေးမြို့နယ် မော့ကနင်ရွာနှင့်
ရန်ကုန်မြို့ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ မလွကုန်းလမ်းနေ
ဦးသိန်းလှိုင်-ဒေါ်ကြည်ဝင်းတို့၏ တစ်ဦးတည်းသောသား
မောင်ရာဇာဝင်းလှိုင် 2[nd] Year (Eco) နှင့်
ရန်ကုန်မြို့ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ ပုညဝနလမ်းနေ
ဦးမောင်မောင်သန်း (အထွေထွေကန်ထရိုက်လုပ်ငန်း)-ဒေါ်မြင့်မြင့်ဌေး
တို့၏သမီးငယ်
မသန္တာအိအိမွန် 3[rd] Year (Eco,UDE) , D.A (LCCI, UK), CAT, ACCA (Part-II,UK)
တို့သည် ၈-၁-၂၀၀၄ရက် (ကြာသပတေးနေ့)တွင် Grand Plaza Park Royal (Ball Room) ၌ နှစ်ဖက်သော မိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိ လူကြီးများ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်ရာဇာဝင်းလှိုင်-မသန္တာအိအိမွန်။

အမှားပြင်ဆင်ချက်

၈-၁-၂၀၀၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၇)၊ ကော်လံ(၄-၅)၌ကျောက်တန်းကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော် သတင်းပါ ကျောက်မော်ဝန်း ခန်းမအစား ရွှေမော်ဝန်း ခန်းမဟု ပြင်ဆင်ဖတ်ရှုပါရန်။

လေလှိုင်း

T.V, Videoနှင့် Satellite များကို သင့်စိတ်တိုင်းကျ အိမ်အရောက် လာပြုပြင် တပ်ဆင်ပေးသည်။ **ဦးသက်နောင်ဝင်း**
Electronic Technician
ဖုန်း-၅၄၅၃၆၁၊၅၅၇၀၀၅

ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံး ကိုဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀
ဧရာဝတီတိုင်းတရားရုံး
ပုသိမ်မြို့
၂၀၀၃ ခုနှစ် တရားမကြီးမှုအမှတ် ၆၄

မန်နေဂျာ **နှင့်** ဦးသန်းဝင်း
မြန်မာ့စီးပွားရေးဘဏ်
ဟင်္သာတမြို့

တရားလို **တရားပြိုင်**

တရားပြိုင်ဦးသန်းဝင်း(ယခင် အမှတ် ၃၅၈၊ ဆပ္ပကုန်းကျောင်းလမ်း) ယခုနေရပ်လိပ်စာမသိ သိစေရမည်။

သင့်အပေါ် မြန်မာ့စီးပွားရေးဘဏ် ဟင်္သာတမြို့က ဘဏ်ချေးငွေအရင်းအတိုး စုစုပေါင်း ငွေ ၄၇၀၀၀၄၂ ကျပ် ၂၇ ပြားအတွက် အပေါင်ပစ္စည်းများကို ရောင်းချပေးစေလိုမှုကို ဧရာဝတီတိုင်း တရားရုံး ပုသိမ်မြို့၌ လျှောက်ထားစွဲဆိုချက်ရှိသည် ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၁၆ ရက် (၁၃၆၅ ခုနှစ် ပြာသိုလဆုတ် ၁၀ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။

၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။

သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

တင်မွေး
တွဲဖက်တိုင်းတရားသူကြီး(၂)
ဧရာဝတီတိုင်းတရားရုံး၊ ပုသိမ်မြို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၉၇(ပဲမိုကုန်း)၊ မြေကွက်အမှတ် ၆၈ ၏တစ်စိတ်တစ်ဒေသ ဧရိယာ ၀ ဒသမ ၁၈၃ ဧကရှိ (အစိုးရမြေ)၊ အမှတ် ၁၅/၁၀(ခ)၊ နတ်စင်လမ်း၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်ဟုခေါ်တွင်သော မြေကွက်ကို ဒေါ်ယဉ်ယဉ်အား မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ နှစ် ၆၀ မြေငှားစာချုပ်ထုတ်ပေးမည်ဖြစ်ပါ၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာသည့်နေ့မှစ၍ (နှစ်ပတ်အတွင်း) ဤဌာနသို့ လာရောက်၍ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ရန်ကုန်မြို့

TOP ☎ 243363 705877

အမွေဆက်ခံခွင့်လက်မှတ်လျှောက်ထားခြင်းနှင့်စပ်လျဉ်းသည့်

အကြောင်းကြားစာ

အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၃၇၃
ရန်ကုန်တိုင်းတရားရုံး
တွဲဖက်တိုင်းတရားသူကြီး(၁၄)ရုံး၌
၂၀၀၄ ခုနှစ် တရားမအထွေထွေမှုအမှတ် ၃
(ကွယ်လွန်သူ ဦးစိုးအောင် ကျန်ရှိရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု)

ရန်ကုန်တိုင်း၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏမြို့၊ ၂၄ ရပ်ကွက်၊ ပုလဲလမ်း၊ အခန်း ၈၊ တိုက် ၁၀၈ နေ ဒေါ်သီတာက ကွယ်လွန်သူ ဦးစိုးအောင်၏ ဇနီးဖြစ်သည်ဟူ၍ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏမြို့၊ ၂၄ ရပ်ကွက်၊ ပုလဲလမ်း၊ အခန်း ၈၊ တိုက် ၁၀၈ တွင် နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးစိုးအောင်၏ ကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံခြင်း အက်ဥပဒေအရ အမွေဆက်ခံခွင့်လက်မှတ်ရလိုကြောင်း၊ ဤတရားရုံး၌ လျှောက်ထားလာသည် ဖြစ်၍ ကွယ်လွန်သူဦးစိုးအောင်၏ ကျန်ရှိရစ်သော ပစ္စည်းများအပေါ် ရရန်ရှိသူ မည်သူမဆို ဤတရားရုံးသို့ ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၂၆ ရက်(၁၃၆၅ ခုနှစ် တပို့တွဲလဆန်း ၅ ရက်) နံနက် ၉ နာရီတွင် လာရောက်၍ အမှုဆိုင်နိုင်ကြောင်း ကြော်ငြာလိုက်သည်။ ယင်းနေ့ရက်တွင် လျှောက်ထားသူ ဒေါ်သီတာ၏ လျှောက်လွှာကို ကြားနာ၍ အမွေဆက်ခံခွင့်လက်မှတ် ရသင့်မရသင့် စစ်ဆေးကြားနာဆုံးဖြတ်လိမ့်မည် ဖြစ်ကြောင်း သိရသည်။

၂၀၀၄ ခုနှစ် ဇန်နဝါရီ ၆ ရက်တွင် ဤတရားရုံးတံဆိပ် ရိုက်နှိပ်၍ လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အေးအေးမင်း
တွဲဖက်တိုင်းတရားသူကြီး(၁၄)
ရန်ကုန်တိုင်းတရားရုံး၊ ရန်ကုန်မြို့

အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မတို့၏သမီး အေးဖြူဖြူ ၁၂/မဂတ (နိုင်) ၀၈၄၄၀၃ သည် ဆန္ဒအလျောက် အိမ်မှဆင်းသွားပါ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါသည်။ ကိစ္စအဝဝအား တာဝန်မယူပါ။

ဦးအောင်ထက်
၁၂/မဂတ(နိုင်)၀၅၁၅၇၈
ဒေါ်စန္ဒာ
၁၂/မဂတ(နိုင်)၀၁၆၆၃၄

အမည်ပြောင်း

ပြည်မြို့ အထက(၁) ပဥ္စမတန်း (က)မှ ဦးဝင်းနိုင်၏သား မောင်ငြိမ်းချမ်းသာအား မောင်ငြိမ်းချမ်းကိုဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ငြိမ်းချမ်းကို။

ကန့်ကွက်ရန်ကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ် ၎-စက်မှု မြေကွက်အမှတ် ၉ ဦးကောင်းအမည်ပေါက် ဂရန်ပျောက်ဆုံးသွားပါ၍ ဂရန်မိတ္တူ ထုတ်ပေးပါရန် ဤဦးစီးဌာနသို့ လျှောက်ထားခြင်းအပေါ် ကန့်ကွက်ရန် ရှိပါက ကြော်ငြာပါသည့်နေ့မှစ၍ ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

အမည်ပြောင်း

အဖ ဦးသိန်းဝင်း၏သမီး ဒေးဒရဲမြို့ အထက(၁) သတ္တမတန်း (က)မှ မနှင်းနုနုနိုင် အား ယနေ့မှစ၍ မနဒီပွင့်ဦးဟု ပြောင်းလဲခေါ်ပါရန်။

မနဒီပွင့်ဦး

ဖခင်အမည်မှန် အထက (၁) အင်းစိန်၊ ဆဋ္ဌမတန်း(I)မှ မောင်စည်သူထွန်း(၂)၏ ဖခင်အမည်မှန်မှာ ဦးဖိုးနီအေးဖြစ်ပါသည်။ **ဦးဖိုးနီအေး [၁၂/အစန (နိုင်)၁၀၂၇၉၃]**

ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၀၄ ခုနှစ် သာသနာတော်ဆိုင်ရာ ဂုဏ်ထူးဆောင် ဘွဲ့တံဆိပ်ချီးမြှင့်အပ်နှင်းပွဲတွင် ဓမ္မာစရိယ ... အမှတ် ၃၂ ဦးဘချိုလမ်း မြောင်းမြမြို့အား ... ဘွဲ့တံဆိပ်ချီးမြှင့်ခံရခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

ကိုဝင်းမြင့် - မဒေသ် မိသားစု
"စိန်မွှေး" ပါတီတ် - "ဘိုမ" ပါတီတ်

အနန္တဂိုဏ်းဝင် ကျေးဇူးရှင်ဖခင်ကြီး ဒူးရင်းသီးဦးစိုးမြင့်အား သားသမီးများက ဂုဏ်ယူဝမ်းမြောက်ခြင်း

အနန္တဂိုဏ်းဝင် ကျေးဇူးရှင်မွေးသဖခင်ကြီး ဒူးရင်းသီးဦးစိုးမြင့် (၄-၁-၂၀၀၄) လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၄ ဖြင့် အမြင့်ဆုံး သာသနာ့နဂ္ဂဟဘွဲ့ဖြစ်သော အဂ္ဂမဟာသီရိသုဓမ္မဇောတဓရဘွဲ့ ချီးမြှင့်ခံရသည်ကို သားသမီးများက အတိုင်းမသိ ဂုဏ်ယူဝမ်းမြောက်မဆုံးဖြစ်မိပါသည်။ နောင်ကိုလည်း ကျေးဇူးရှင်ဖခင်ကြီး ဒူးရင်းသီးဦးစိုးမြင့် အသက်ရာကျော်ရှည်၍ ကျန်းမာပျော်ရွှင်စွာဖြင့် အမျိုး၊ဘာသာ၊ သာသနာအကျိုးကို ဆတက်ထမ်းပိုး တိုး၍တိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း သားသမီးများက ရိုသေစွာ ဆုမွန်ကောင်းတောင်း၍ ဂုဏ်ယူမဆုံးဖြစ်ရပါသည်။

ဇနီး: – ဒေါ်ခင်မာရီနှင့်သားသမီးများ
သား: – ဦးဝင်းနိုင်-ဒေါ်သီသီဦး
၇၄/၇၆၊အခန်း ၆၊ မြေညီထပ်၊ အနော်ရထာလမ်း
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။
သား: – ဦးသန့်နိုင် B.E(Civil) – ဒေါ်ချိုချိုပြုံး B.Com
အမှတ် ၉၉၊မြေညီထပ်၊ ၅၁လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။
သား: – ဦးအေးနိုင် B.Sc (Bot)
အမှတ် ၂၅၊ မင်းကျောင်းလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။
သား: – ကိုကျော်ထွေးနိုင် B.Sc(Phy)(Q)
အမှတ် ၂၅၊ မင်းကျောင်းလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။
သမီး: – ဒေါ်ရီရီမြင့်-ဒေါက်တာဌေးလွင် M.B.,B.S(Ygn)
၇၄/၇၆၊ အခန်း ၂၇၊ ပထမထပ်၊ အနော်ရထာလမ်း
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။
သမီး: – ဒေါ်ထွေးသီတာ LL.B(Law)
အမှတ် ၂၅၊ မင်းကျောင်းလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။
သမီး: – ဒေါ်မျိုးမျိုးကြိုင် B.Sc(Math) – ဦးသန်းဇော် B.Sc(Chem)
တိုက် ၇၊ အခန်း ၄၀၆၊ လိပ်ကန်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။
သမီး: – ဒေါက်တာမျိုးမျိုးစမ်း B.V.Sc
အမှတ် ၂၅၊ မင်းကျောင်းလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။
မြေးများ: – အိစုသင်းဟန်၊ နှင်းရီဝင်း၊ အောင်ကျော်မျိုးသက်၊ မြတ်ဖြိုးစု၊ ဉာဏ်မိုးအောင်၊ အေးသီရိခိုင်၊ မေသန့်ဇင်မောင်၊ အောင်မြတ်ဟိန်း

MAY KHA HOME PLACE

May Kha Home Place

မြေကွက်နှင့်အဆောက်အအုံများအပ်နှံပေးလျက်ရှိကြောင်းသတင်းကောင်းပါးလိုက်ပါရစေ။

ကျွန်တော်များ အိုလံပစ်ကုမ္ပဏီလီမိတက်မှ တာဝန်ယူဆောင်ရွက်လျက်ရှိသော သဃ်န်းကျွန်းမြို့နယ်၊ ... ကိုဝယ်ယူထားသော မြေကွက်များနှင့်အဆောက်အအုံများကို (၁.၉.၂၀၀၃) နေ့မှစ၍ အပ်နှံပေးလျက်ရှိကြောင်း သတင်းကောင်း ပါးအပ်ပါသည်။

မြေကွက်များ စတင်အပ်နှံပြီး ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို အိုလံပစ်ကုမ္ပဏီလီမိတက်မှ တစ်နှစ်တိတိ တာဝန်ယူဆောင်ရွက်ပေးပြီးနောက် စဉ်ပေးသောပင်အဖြစ် ငွေကျပ် – ၁၀၀,၀၀၀,၀၀၀/– (ကျပ်သိန်းတစ်ထောင်တိတိ)ကို မတည်ပေးသွားမည်ဖြစ်ပါသည်။

အိုလံပစ်ကုမ္ပဏီလီမိတက်၊ အိုလံပစ်တာဝါ – ၂ ခုတိယထပ်၊ ကမ်းနားလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ ☎ : ၂၁၁၄၃၂၊ ၂၁၁၄၂၉

ဘုရား၊တန်ဆောင်း၊သိမ်၊ကျောင်း၊ရဟန်းဒါယကာ

ဦးထင် (လမုတန်းကြီး)

မူလတန်းကျောင်းအုပ်ဆရာကြီး(အငြိမ်းစား)
မော်ကွန်းဝင် တတိယဆင့်
အသက်(၉၈)နှစ်

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ အမှတ် (၂)ရပ်ကွက်၊ ကျောက်ပြားစက်လမ်း၊ အမှတ် ၃၅၂ နေ(ဦးသာဖေ–ဒေါ်ဖွားညွန့်) တို့၏သား၊ ဗိုလ်မှူးကြီးအောင်နိုင်(ငြိမ်း)–ဒေါ်လှိုင်မြင့်အေး၊ (ဦးတင်လှိုင်–ဒေါ်အမာ)၊ဦးမြစိုး–ဒေါ်သိန်းရွှေ၊ ဦးလှသိန်း–(ဒေါ်သိန်းငွေ)၊ဦးမြင့်စိုး–ဒေါ်မြမြ၊ ဦးသိန်းထွန်း–ဒေါ်အုန်းသန်း၊ ဦးအောင်သောင်း–ဒေါ်တင်ကြည်၊ ဒေါ်အေးမြင့်၊ ဦးကျင်စိုး–ဒေါ်သန်းစု(မြတ်လေးမူကြို)၊ ဗိုလ်မှူးစိုးမြင့်(ငြိမ်း) မြို့တော်စည်ပင်–ဒေါ်ညွန့်ညွန့်သန်းတို့၏ ဖခင်၊ မြေး ၃၃ယောက်၊ မြစ် ၂၂ယောက်၊ တီ တစ်ယောက်တို့၏အဘိုးသည် ၁၀–၁–၂၀၀၄ရက် ညနေ ၄း၂၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၂–၁–၂၀၀၄ ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက် မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှကားများနံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ဒုတိယဗိုလ်မှူးကြီးအေးသိန်း (ငြိမ်း)

စာပေညွှန်ကြားရေးမှူး (ငြိမ်း)၊ စစ်တက္ကသိုလ်

ဒုတိယဗိုလ်မှူးကြီးအေးသိန်း (ငြိမ်း)၊ စာပေညွှန်ကြားရေးမှူး(ငြိမ်း)၊ စစ်တက္ကသိုလ်သည် ၈–၁–၂၀၀၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ကြေကွဲရပါကြောင်း။

ပါမောက္ခချုပ်နှင့် အရာရှိ၊ အရာခံ၊
အကြပ်၊ တပ်သား၊ ဗိုလ်လောင်းများ
စစ်တက္ကသိုလ်။

ကျေးဇူးတင်ရှိခြင်း

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်တထောင်လမ်းသွယ် ၂၊ အမှတ် ၂၂/၂၄နေ မိခင်ကြီးဒေါ်ကြီးကြီး အသက် (၉၁)နှစ်အား မနာမကျန်းစဉ် အိမ်တိုင်ရာရောက်ကုသပေးသော အထူးကုသမားတော်ကြီးများ၊ နေ့ည မပြတ်စောင့်ရှောက်ပြုစုပေးသော အထူးသူနာပြုဆရာမများ၊ ဈာပနကိစ္စအဝဝတွင် မေတ္တာရှေ့ထား၍ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသောဆွေမျိုးမိတ်သင်္ဂဟများ၊ ရပ်ကလာပ်နှင့် ဈာပနအခမ်းအနားကို ပြင်ဆင်ပေးသူများ၊ ကိုယ်တိုင်ကိုယ်ကျစိတ်ရောကိုယ်ပါ လိုက်ပါပို့ဆောင်ပေးကြသော ရပ်ဝေးရပ်နီးရပ်ဆွေ ရပ်မျိုးများ၊ မဟာမြိုင်ဆေးခန်း၊ ကန်သာယာဆေးရုံ၊ “ဝင်း”အထူးကုဆေးခန်း၊ ရွှေဗဟိုအထူးကုဆေးခန်း၊ “အေးရိပ်သာ”ဆေးကုခန်း၊ ဗဟိုစည်အထူးကုဆေးခန်း၊ Y.N.C ဆေးရုံတို့မှ M.D များ၊ ဆရာဝန်များ၊ သူနာပြုဆရာမများနှင့် ဝန်ထမ်းများ၊ ကိုယ်တိုင်လာရောက်ပြီး နှစ်သိမ့်အားပေးသော Thaiလေကြောင်းရုံးမှ GM၊ ပန်းခြင်းပေးပို့ကြသော Thai လေကြောင်းရုံးလေဆိပ် Amtra Travelမှဝန်ထမ်းများ၊ ရပ်ဝေးမှဖုန်းဖြင့်နှစ်သိမ့်သူများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ၁၂–၁–၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအတွင်း အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ဘုရင့်နောင်အိမ်ရာစခန်း၊ တိုက်၆၃၊ အခန်း၇၊ ၃ လမ်းနေ ဗိုလ်မှူးဌေးအောင် (ဆသရ၊ ငြိမ်း) Director Laser World°-°City FM (တက်သစ်လွင်ပြင်)–ဒေါ်အင်ကြူ(အထက–၁၊ လှိုင်၊ ငြိမ်း)၊ ဦးသန်းညွန့်(အုပ်ချုပ်ရေးမှူး၊ စည်ပင်၊ လမ်းမတော်)–မမြင့်မြင့် ကျော်တို့၏မိခင် ဒေါ်ဖော် (တန့်ဆည်မြို့နယ်၊ ခရမ်းခြံ)သည် ၉–၁–၂၀၀၄ ရက်တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးဘင်ချွမ်း–ဒေါ်ကင်ရီ
မိသားစု (မြိတ်)။

ဦးမြင့်နိုင်–ဒေါ်မြင့်ကြူ
(ရွှေယမင်းသူ ဖိနပ်စတိုး)။

ဝမ်းနည်းကြေကွဲခြင်း

ဦးထင်ကျော်

ဘူမိဗေဒအရာရှိ(ငြိမ်း)၊ဘခရ
Project Manager, GEO-BCS Myanmar Co.,Ltd.
အသက် (၇၁)နှစ်

ဦးထင်ကျော်သည် ၉–၁–၂၀၀၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်တကွ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

MD နှင့် ဝန်ထမ်းများ
GEO-BCS Myanmar Co.,Ltd.
MIT Pte.Ltd.

ရဟန်း၊ကျောင်းအမကြီး

ဒေါ်ခင်မြရီ(ခ)လျှန်ငန်ဖောင်း

အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ဘိုကလေးဈေးလမ်း၊ အမှတ် ၁၃၂၊ အပေါ်ဆုံးထပ်(ယာ)နေ (ဦးလျှံကီး–ဒေါ်ခင်မေစု)တို့၏သမီး၊ (ဦးစိန်ဝင်း)၏ ဇနီး၊ ဦးညွန့်စိန်–ဒေါ်လှလှရီ၊ (ဒေါ်အေးကျင်)–ဦးလှဌေး၊ ဦးစိန်ထွန်း–ဒေါ်စိန်မြ၊ ဦးစိန်မင်း–ဒေါ်ဝင်းဝင်း၊ (ဦးစိန်မောင်)၊ ဒေါ်အေးလှ–ဦးမြတ်ကိုကိုဦး၊ ဒေါ်အေးသန်းတို့၏မိခင်၊ မခင်အေးဝင်း၊ မောင်သန်းဝင်း၊ မခင်မြဝင်း (HTET & Right Computer)၊ မခင်ထွေးဝင်း၊ မမီမီဝင်း၊ မသဇင်လှဌေး၊မောင်ချမ်းမြေ့အောင် (2^{nd} Year-Eng-EYU)၊ မဖွန်ဖြူထွန်း(ထ–၅၊ ဗိုလ်တထောင်)၊ မသီတာမင်း၊ မောင်နိုင်မင်းလွင်၊ မဝါဝါမင်း၊ မောင်ကျော်ကိုကိုအောင်၊ မောင်ထူးမြတ်လွင် (ထ–၂၊ ဗိုလ်တထောင်)၊ မခင်မြတ်လွင်(ထ–၂၊ ဗိုလ်တထောင်)၊ သမီးလေးတို့၏အဘွားသည် ၇–၁–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)ည ၉း၃၅ နာရီတွင် သျှင်ပါကူ အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁၁–၁–၂၀၀၄ ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးကွမ်းတုံတရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ရွှေပန်းထိမ်ဆရာကြီး

ဦးကျော်ဝင်း

ဟင်္သာတမြို့
သက္ကယ်ပြင်ကျေးရွာ
အသက်(၇၁)နှစ်

ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြ ဖဆပလရပ်ကွက်နေ ရွှေပန်းထိမ်ဆရာကြီး (ဦးထွန်းစိန်–ဒေါ်ချစ်ပု)တို့၏ သားကြီး၊ ရွှေပန်းထိမ်ဆရာကြီး (ဦးတင်လှိုင်)–ဒေါ်ညွန့်ရီ၊ (ဦးကိုကိုကြီး) – ဒေါ်လှလှသွယ်၊ ဦးသန်းဦး–ဒေါ်မြင့်ရီ၊ (ဦးခင်မောင်ညွန့်)–ဒေါ်အေးရီ၊ ဦးသန်းနိုင်တို့၏ အစ်ကိုကြီး၊ ရွှေပန်းထိမ်ဆရာ ဦးဝင်းနိုင်–ဒေါ်စန်းတင့်တို့၏ဦးလေး၊ စံပြ ဖဆပလ၊ တိုက် ၆၀၊ အခန်း ၂၂ နေ ဒေါ်ကြင်ရှိန်၏ ခင်ပွန်း၊ (ဦးအန့်ကူ)–ဒေါ်တင်မေဝင်း၊ ဦးသက်ဝင်း–ဒေါ်အေးအေးသန်း၊ ဒေါ်ဌေးဌေးဝင်း၊ ဦးသက်မင်း–ဒေါ်ခင်ခင်ဖြူတို့၏ ဖခင်၊ မြေး ငါးယောက်တို့၏ အဘိုးသည် ၉–၁–၂၀၀၄ ရက် (သောကြာနေ့) ည ၇း၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၁–၁–၂၀၀၄ ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်တင်အုန်း

(ကျိုက်လတ်)
အသက်(၈၃)နှစ်

ကျိုက်လတ်မြို့၊ ဖလမ်းနေ (ဦးတင်ဦး–ဒေါ်အေး)တို့၏ သမီး၊ (ဦးစိန်)၏ ဇနီး၊ ရန်ကုန်မြို့၊ အမှတ်၂၀၃၊မဉ္ဇူလမ်း၊အောင်သိဒ္ဓိနေ ဦးမြင့်–ဒေါ်စန်းတင်၊ ဦးလှမြင့်–ဒေါ်ရီတင်၊ ဦးသိန်းဇော်–ဒေါ်ညွန့်ညွန့်ရီ၊ ဦးသောင်းထွန်း–ဒေါ်မွန်မွန်ဦး၊ ဦးခင်ဝင်း(Eastwind,S'Pore)–ဒေါ်စန်းစန်း၊ ဦးဝင်းညွန့်–ဒေါ်ခင်မြင့်၊ (ဦးထွန်းအောင်ကျော်)–ဒေါ်ခင်ခင်အေးတို့၏ မိခင်၊ မြေး ၂၁ ယောက်၊ မြစ် သုံးယောက်တို့ ၏ ဘွားဘွားကြီးသည် ၈–၁–၂၀၀၄ ရက် (ကြာသပတေးနေ့) ည ၁၀း၁၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၂–၁–၂၀၀၄ ရက် (တနင်္လာနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၄၅ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

သုံးလပြည့်လွမ်းဆွတ်သတိရခြင်း

ဗိုလ်မှူး ချိုထွေးဝင်း (မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်)

အသက်(၄၅)နှစ်

ကိုကို မိသားစုနဲ့ရတ်တရက်ခွဲသွားတာ ဒီနေ့ ၁၁–၁–၂၀၀၄ဆိုရင် သုံးလပြည့်ခဲ့ပါပြီ။ တစ်နေ့တစ်နာရီမှ မေ့မရခဲ့ပါ။ကိုကိုရဲ့မေတ္တာရိပ်ကို မိသားစုများက အမြဲတန်းဖိုးထား သတိရနေကြပါတယ်။ မိသားစုရဲ့ရင်ထဲမှာ ကိုကို ထာဝရရှိနေပါတယ်။ အတူတူပြုလုပ်ခဲ့ကြတဲ့ ဒါန သီလ ဘာဝနာ အကျိုးများကို ရရှိခံစားနိုင်ပါစေ။ ရည်စူးပြီး အလှူဒါနများကိုလည်း အမြဲမပြတ်ပြုလုပ်လျက်ရှိပါတယ်။ ကိုကို ကောင်းရာသုဂတိဘုံဘဝသို့ ရောက်ရှိနေပါစေ။

လွမ်းဆွတ်သတိရစွာဖြင့်
ချစ်ဇနီး–ဒေါ်လှလှဝေ
ချစ်သားကြီး– မောင်စည်သူခန့် (ပထမနှစ် ဆေးတက္ကသိုလ်–၁၊ ရန်ကုန်)
ချစ်သားငယ်– မောင်ထွန်းတောက် (သတ္တမတန်း အထက–၁၊ ဒဂုံ)။

ဘုရား၊သိမ်၊ကျောင်း၊ရဟန်း
ဒါယိကာမကြီး

ဒေါ်စိန်ကျင်(ရွှေတောင်)

အသက်(၈၁)နှစ်

ရွှေတောင်မြို့၊ ဘုရားကြီးလမ်းနေ (ဦးပင်–ဒေါ်ရှင်)တို့၏သမီးထွေး၊ ဦးခွေးလေး–(ဒေါ်ကြင်ဖွမ်)၊ (ဦးစိန်မောင်–ဒေါ်မြညွန့်)၊ ဦးကြူကူး–ဒေါ်အေးကြင်တို့၏ညီမ၊ တူ၊တူမ ၁၀ ယောက်တို့၏ ဒေါ်လေး၊ မြေး ၁၂ ယောက်တို့၏ ဘွားဘွားလေးသည် ၉–၁–၂၀၀၄ရက်တွင်ကွယ်လွန်သွားပါ၍ ၁၁–၁–၂၀၀၄ ရက်တွင် ရွှေတောင်မြို့၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

ဒေါ်ဂေါ်ဇွမ်ဆိုင်းတောင်

အသက်(၇၆)နှစ်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ကွတ်ခိုင်မြို့ နယ်၊ နမ့်ဖတ်ကာကျေးရွာ ယခင်နေ (ဦးဂေါ်ဇွမ်ဇော်တောင်–ဒေါ်လရှီးတောမ်)တို့၏ သမီးကြီး၊ မြစ်ကြီးနားမြို့၊ မြေမြင့်ရပ်ကွက်၊ အမှတ် ၃၃၃ နေ (သင်းထောက်ဆရာ ဦးဖုန်ဂန်ဇော်လီ)၏ ဇနီး၊ ဒေါ်ဂေါ်ဇွမ်နန်ဘောက်–(ဦးလမိုင်တူး)၊ ဒေါ်ဂေါ်ဇွမ်နန်ဒွဲ–ဦးဇော်ယော်၊ (ဒေါ်ဂေါ်ဇွမ်နန်ထု – ဦးကရိန်လလိုင်း) ဒေါ်ဂေါ်ဇွမ်နန်ထန်–(ဦးခွန်ထွန်း)၊ ဒေါ်ဂေါ်ဇွမ်နန်တောမ် – ဦးဆွမ်လွတ်ဆန်းဒေး၊ ဦးဂေါ်ဇွမ်ဇော်ဖန်–ဒေါ်ရွယ်ထွယ်၊ ဒေါ်ဂေါ်ဇွမ်နန်ပရီ–ဦးဇော်အောင်၊ ဦးဂေါ်ဇွမ်ဇော်နော်–ဒေါ်နန်းမူ၊ (ဦးဂေါ်ဇွမ်ဇော်အောင်)–ဒေါ်နန်စင်တို့၏အစ်မ၊ (ဦးဖုန်ဂန်ဇော်ဆိုင်း) – ဒေါ်ဖော်ကျန်ကောမိုင်၊ (ဦးဖုန်းဂန်အူရားနော်– ဒေါ်ဂေါ်ဇမ်နန်ဘောက်)၊ (ဦးဖုန်ဂန်ဇော်လ)၊ ဦးဖုန်ဂန်ဇော်ရန်–ဒေါ်စန်းစန်းဝင်း၊ (ဦးဖုန်ဂန်ဇော်ဂွန်း)၊ ဒေါ်ဖုန်ဂန်ဂျာခေါန်–ဦးအင်ခွမ်တူးလွမ်၊ ဒေါ်ဖုန်းဂန်နန်ဘောက်–(ဦးမရန်ဇော်အောင်)–ဦးဖော်နခါးအောင်၊ (မဖုန်းဂန်ဒွဲရော်)၊ ဒေါ်ဖုန်ဂန်နန်ဆန်–ဗိုလ်မှူးဝဖိုင်ဂမ်အောင်တို့၏မိခင်၊ မြေး ၂၀၊ မြစ်လေးယောက်တို့၏အဘွားသည် ၇–၁–၂၀၀၄ရက် ညနေ ၅း၃၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၂–၁–၂၀၀၄ရက် နံနက် ၁၀ နာရီတွင် ရေဝေးခရစ်ယာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (လသာမြို့နယ်၊ ၁၇လမ်းနေအိမ်နှင့်ရန်ကုန်ကချင်နှစ်ခြင်းခရစ်ယာန်အသင်းတော် စမ်းချောင်းမှကားများ နံနက် ၈ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးထင်ကျော်(ဦးဖြိုး)မိတ္ထီလာ

ဘူမိဗေဒအရာရှိ(ငြိမ်း)ဘခရ
Project Manager GEO-
အသက်(၇၁)နှစ်

မိတ္ထီလာမြို့၊လင်းဇင်းရပ်၊အမှတ် ၂၄ နေ ဦးထွန်းအောင်–ဒေါ်စိန်ညွန့်တို့၏သား၊ ဒေါ်ခင်ပု–ဒေါက်တာ ကျော်ဇင် (ပါမောက္ခချုပ်(ငြိမ်း)ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်)၊ဒေါ်တင်တင်ခင် (အထက–၈၊ မန္တလေး)–ဦးမြဇင် (လဝက–ငြိမ်း)၊ ဒေါ်စောလှ–(ဦးထွန်းခိုင်)၊ ဒေါ်မြသောင်း (အထက–၁၊ မိတ္ထီလာ)တို့၏ ညီမောင်သည် ၉–၁–၂၀၀၄ ရက် ညနေ ၆ နာရီတွင် မိတ္ထီလာမြို့၌ ကွယ်လွန်သွားပါ၍ ၁၀–၁–၂၀၀၄ ရက် ညနေ ၃ နာရီတွင် မိတ္ထီလာမြို့ မြင်တော်ကန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဗိုလ်ကြီးခင်စော(ငြိမ်း)

(ပုသိမ်)
အသက်(၇၄)နှစ်

ပုသိမ်မြို့ မဟာစေတီလမ်း၊ အမှတ် ၆၃၊ ဒေါ်မြစိန်ခြံဝင်းနေ (ဦးထွန်းတင်–ဒေါ်တေး) တို့၏သား၊ (ဒေါ်တင်တင်ထွေး)၏ခင်ပွန်း၊ (ဦးမြင့်ဦးတင်)–ဒေါ်ကြည်ကြည်စော(အလက–၁၊ ပုသိမ်)၊ဦးသော်ဇင်ညွန့်(အိုလံပစ်ဟိုတယ်၊ ငွေဆောင်) –ဒေါ်စီစီစော(အမက–၉)၊ ဦးဝင်းသိန်း–ဒေါ်နီနီစော(အမက–၁၆)၊ ဗိုလ်ကြီးအောင်ထွန်းခိုင်(လ/ထ ညွှန်မှူး၊ နတလ၊တောင်ကြီး)– ဒေါ်နီလာခင်စော၊ ဦးမင်းထူး(စိုက်ဘဏ်၊ကန်ကြီးထောင့်)–ဒေါ်ခင်သီတာစော(စိုက်ဘဏ်၊ကန်ကြီးထောင့်)တို့၏ဖခင်၊ မြေး မဟေမာန်ဦး (တိုင်းထွေ/အုပ်ဦးစီးဌာန)၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၉–၁–၂၀၀၄ရက်(သောကြာနေ့)နံနက် ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁–၁–၂၀၀၄ (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် သရောင်းချောင်း မီးသင်္ဂြိုဟ်စက်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးစိုးဝင်းဦး (ဗိုလ်မှတ်ဆိတ်)

(ရန်ကင်း)
အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ် (၆)ရပ်ကွက်၊ တိုက် ၂၃၆၊ အခန်း ၆ နေ (ဦးကျော်စိန်)–ဒေါ်တင်ညွန့်တို့၏ သားကြီး၊ ဦးစိုးမင်းထွန်း–ဒေါ်နန်းလေး၊ ဦးနိုင်လင်း(လ/ထ ညွှန်မှူး၊ ဆညန)–ဒေါ်ခင်နှင်းဦး(အာမခံ၊ ငြိမ်း)၊ ဒေါ်ခင်စမ်းယု (တွဲဖက်ပါမောက္ခ၊ သတ္တဗေဒဌာန၊ ဘားအံတက္ကသိုလ်)၊ ဦးစိုးလင်း–ဒေါ်အေးအေးဝင်းတို့၏ အစ်ကိုကြီး၊ မောင်နိုင်ကိုထွန်း၊ မသက်သက်ထွန်း၊ မနှင်းသီရိနိုင်၊ မောင်ဇင်မိုးနိုင်၊ မကြည်မွန်၊ မရည်မွန်တို့၏ဘကြီးသည် ၉–၁–၂၀၀၄ရက်(သောကြာနေ့) နံနက် ၁၀း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁–၁–၂၀၀၄ရက်(တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ရန်ကင်းနေအိမ်မှကားများ နံနက် ၉း၄၅ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါက်တာခင်မောင်ဝင်း(ခ)
ဒေါက်တာဝင်းမြတ်ဦး

M.B.B.S (Ygn),
M.R.C.P Past 1 (U.K)
(မော်လမြိုင်မြို့)
အသက်(၅၇)နှစ်

ကျိုက်မရောမြို့နယ်၊ တပ်ကေးရွာ၊ ဓာတ်ကေသာ ဘုရားဒါယကာကြီး (ဦးဖိုးပန်းခင်–ဒေါ်လှမြိုင်)တို့၏ မြေး၊ မော်လမြိုင်မြို့နေ (ဦးငွေစိုး)–ဒေါ်စန်းကြည်တို့၏သား၊ဒေါ်ဘောဘီစန်း(တွဲဖက်ပါမောက္ခ၊ ဒဿနိကဌာန၊ မုံရွာ)၊ ဒေါ်ခင်စန်းဝေ(မြို့နယ်ဦးစီးမှူး၊ဝေါ)၊ (ဦးအောင်မြတ်သိန်း)၊ ဒေါ်ခင်နှင်းရီ၊ ဦးသိန်းဝင်း၊ ဦးမြင့်သန်းဦး၊ ဦးခင်ဇော်ဦး၊ (ဦးဝင်းချို)တို့၏အစ်ကိုကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း၊ အမှတ် ၅၊ စေတနာလမ်းနေ ဒေါ်တင်မာကြည်၏ခင်ပွန်း၊ မနော်ဆေးဟဲ၊ မောင်သိန်းထိုက်ဝင်း၊ မအေးမြတ်မွန် (B.Sc; Chemis) တို့၏ဖခင်၊ မမေဖူးပွင့်မောင်၊ မောင်ကောင်းစည်သူတို့၏အဘိုးသည် ၈–၁–၂၀၀၄ရက် နံနက်တွင်ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာ

ဦးသိန်းဖေ

လ/ထမြို့နယ်ပညာရေးမှူး
(အငြိမ်းစား)
(ပုသိမ်မြို့)
အသက်(၈၄)နှစ်

ပုသိမ်မြို့၊ အမှတ်၅၇၊ ရွှေနှင်းဆီ ၄လမ်းနေ(ဦးဖိုးသော်–ဒေါ်စိန်ခင်)တို့၏ သား၊ ဒေါ်ညွန့်၏ ခင်ပွန်း၊ ဦးခင်စိုး (အလပြ၊ အထက–၂၊ ပုသိမ်မြို့)–ဒေါ်တင်တင်ဌေး(သူနာပြုအုပ်၊ ပြည်သူ့ဆေးရုံ၊ ပုသိမ်မြို့)၊ ဦးအောင်သွင်–ဒေါ်အေးအေးသန်း(လ/ထကထိက၊ ဗဟိုသမဝါယမကောလိပ်၊ ရန်ကုန်)၊ ဦးဌေးမြင့်အောင် (တိုင်း ပို့ဆောင်ရေး မန်နေဂျာ၊မြန်မာ့မီးရထား၊ ရွာထောင်)–ဒေါ်မိမိလေး၊ ဒေါက်တာမြင့်ဦး (ကံမပြည်သူ့ဆေးရုံ) – ဒေါ်သင်းသင်းအေး၊ ရဲအုပ်မြင့်အောင်(မှုးယစ်အထူး၊မကွေးတိုင်း)–ဒေါ်သူသူမေ (မြို့နယ် ဥပဒေအရာရှိ၊ ငပုတောမြို့)၊ ဒေါ်ခိုင်မာဖေ (အလပြ၊ အထက–၅၊ ပုသိမ်) တို့၏ ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် မန္တလေးမြို့တွင် ၉–၁–၂၀၀၄ ရက် (သောကြာနေ့) ည ၇း၃၀ နာရီတွင် ကွယ်လွန်ပါ၍ ၁၁–၁–၂၀၀၄ ရက် (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် မန္တလေးမြို့ အလုပ်သမားဆေးရုံကြီးမှ ကြာနီကန်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးစောဝီလျှံဖျော(အားညီ)

သမဝါယမ၊သုတေသန၊ဒုလ/ထ
ညွှန်ကြားရေးမှူး(ငြိမ်း)
(တောင်ငူ)
အသက်(၈၄)နှစ်

တောင်ငူမြို့၊ ၁၅/၁၈၁၊ ဈေးကြီးလမ်းနေ[တန်ပိုဘိန်း(ခ)ဦးခွေး–အံ့ရင်က(ခ)ဒေါ်ရင်] တို့၏သားသမက်၊ လက်ပံတန်းမြို့နေ(ဦးသာဖျော–ဒေါ်ကြာဖေ)တို့၏ သားကြီး၊ [ဒေါ်စွမ်တီ(ခ)ဒေါ်ရယ်လီ]၏ ခင်ပွန်း၊ [ဗိုလ်မှူးဘု(သ်)၊ ငြိမ်း]–ဒေါ်ဟယ်လင်ဖျော၊ ဆရာမဒေါ်သန်းချို၊ [မစ္စတာ X.Mဘု(သ်)]–ဒေါ်အဲလစ်ဦး၊ (ဦးကြည်ထွန်းဖျော၊ သ/မ ဒုညွှန်မှူး၊ငြိမ်း)– ဒေါ်မေမေရင်၊ ဦးအောင်–ဒေါ်မြမြသန်းတို့၏ အစ်ကိုကြီး၊ မသင်းသင်းလှိုင်(I.W.T)၊ မောင်ကိုကိုမောင်–မမင်းမင်းမြတ်၊မသင်းသင်းမော် (ခ) မပို့ပို့၊ မောင်ကိုကိုနိုင် (ဒုအကောက်ခွန်မှူး)တို့၏ဖခင်သည်၉–၁–၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၁–၁–၂၀၀၄ ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၁ နာရီတွင် တောင်ငူမြို့ အနောက်တရုတ်သုသာန်သို့ ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးစံလှိုင်

အသက်(၆၄)နှစ်

ပဲခူးတိုင်း၊ ပဲခူးမြို့၊ ပေပင်ချောင်းကျေးရွာနေ (ဦးစုရ–ဒေါ်မြနှစ်) တို့၏သား၊ (ဦးလှဝ) – ဒေါ်ခွေးမတို့၏ သားသမက်၊ခြံအမှတ်(၁/၁၂)၊ ဘူတာရုံလမ်း၊ ဘောက်ထော်နေ (ဒေါ်တီ)၏ ခင်ပွန်း၊ (ဦးမြမောင်–ဒေါ်အေးအေးလှိုင်)၊ ဦးသာအောင်–(ဒေါ်သန်းရီ)၊ (ဦးမောင်မြိုင်) – ဒေါ်သို၊ ဦးသိန်းမြင့်–ဒေါ်စိန်မြ၊ ဦးမောင်မောင်အေး– ဒေါ်ဌေးဌေး၊ဒေါ်ခင်မာဝင်းတို့၏ အစ်ကို/မောင်၊ ဦးတင့်နိုင်–ဒေါ်ကေတီ၊ ဦးတင်မျိုး–ဒေါ်စန်းရင်၊ ဦးတင်လှိုင်– ဒေါ်ဌေးဌေးအောင်၊ ဦးဝင်းမြင့်–ဒေါ်အေးအေးစံတို့၏ ဖခင်၊ မြေးသုံးယောက်တို့၏ အဘိုးသည်၁၀–၁–၂၀၀၄ ရက် (စနေနေ့) မွန်းလွဲ(၁း၀၅)နာရီတွင် ကွယ်လွန်သွားပါသဖြင့်၁၄–၁–၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

မောင်ရဲမင်းအောင်(အင်းစိန်)

အသက်(၁)နှစ်

အင်းစိန်မြို့နယ်နေ (ဦးတင်ရွှေ)–ဆရာမကြီး ဒေါ်ရွှေစိန်၊ ဦးမြတ်စိုး–ဒေါ်ခင်ထားကြည်တို့၏မြေး၊ အင်းစိန်မြို့၊ အောင်ဇေယျအိမ်ရာ၊ တိုက် ၂၊ အခန်း ၅၀၂ နေ ဦးအောင်မြသိန်း(မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်း၊ ရုံးချုပ်)–ဒေါ်သီတာစိုးတို့၏သားသည် ၈–၁–၂၀၀၄ ရက်(ကြာသပတေးနေ့)နံနက် ၁၁း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့ ညနေ ၄ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘြနက်ထံပျံလွန်တော်မူခြင်း

ဆရာတော်ဦးစန္ဒိမာ

သက်တော်(၇၅)နှစ်၊ သိက္ခာတော်(၃၄)ဝါ

ပဲခူးတိုင်း(အနောက်ပိုင်း)၊ သာယာဝတီခရိုင်၊ သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့၊ စံရွှေတန်းလမ်း၊ ဘောလုံးကွင်းကျောင်းတိုက်၏ ဦးစီးပဓာနနာယက မဂ္ဂင်ဓမ္မရိပ်သာကြီး၏ ကမ္ဘဋ္ဌာနာစရိယ ဆရာတော် ဦးစန္ဒိမာသည် ၁၃၆၅ခုနှစ် ပြာသိုလပြည့်ကျော် ၄ရက်(၁၀–၁–၂၀၀၄)ရက် စနေနေ့ မွန်းလွဲ ၁း၁၅နာရီတွင် ဘြနက်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၃၆၅ခုနှစ် ပြာသိုလပြည့်ကျော် ၁၀ ရက်(၁၆–၁–၂၀၀၄)ရက် သောကြာနေ့ မွန်းလွဲ ၁ နာရီတွင် အန္တိမဈာပနသာဓုကီဠနပူဇာသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ တပည့်ဒါယကာ ဒါယိကာမများအား အကြောင်းကြားသိစေအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ
ဘောလုံးကွင်းကျောင်းတိုက်၊(သုံးဆယ်မြို့)။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊
ရေတွင်း၊ရေကန်ဒါယိကာမကြီး

ဒေါ်ချစ်ချစ်

အသက်(၉၆)နှစ်

အမရပူရမြို့၊မှန်တန်းရပ်၊ ဝိဇရပ်ရပ်ကွက်၊ ခြံအမှတ်၁၀နေ (ဦးထွန်းအေး)၏ ဇနီး၊ မန္တလေး မြို့၊ လမ်း၃၀နေ (ဦးမောင်ကို)–ဒေါ်အေးတင်၊ ဦးသောင်းတင်–(ဒေါ်သန်းနွဲ့)၊ ဒေါ်မြရီ (အောင်စက္ကူစက်၊အမရပူရမြို့)တို့၏မိခင်ကြီး၊ ကိုချိုတူး (မင်းသားဂျင်လုပ်ငန်း)၏ အဘွား၊ မြေးကိုးယောက်၊ မြစ် ၂၀ယောက်၊တီသုံးယောက်တို့၏ဘွားဘွားကြီးသည် ၁၀–၁–၂၀၀၄ ရက်(စနေနေ့) နံနက် ၄ နာရီတွင် ကွယ်လွန်ပါ၍ ၁၂–၁–၂၀၀၄ရက်(တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် အမရပူရမြို့နေအိမ်မှ အမရပူရမြို့လင်းဇင်းကုန်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေး ရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဒေါ်မြမြကြည်

ဒု–ဦးစီးမှူး(ငြိမ်း)၊အခွန်ဦးစီးဌာန
အသက်(၆၀)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက် ၃၆၂၊ အခန်း ၂၆ နေ (ဦးစိုးမောင်–ဒေါ်မြမေ)တို့၏တတိယသမီး၊(ဦးအောင်ညွန့်ဝေ)–ဒေါ်ခင်ကြည်၊ ဦးစိုး–ဒေါ်ညွန့်ညွန့်တို့၏ ညီမ၊ (ဦးအောင်ဆန်းမြင့်)–ဒေါ်ကြည်ကြည်စိုး (ရွှေမန်းမေ)၊ ဒေါ်ခင်အုန်းမြင့် (ယဉ်ကျေးမှု ဦးစီးဌာန)တို့၏ အစ်မ၊ တူ/တူမ ၁၁ ယောက် တို့၏ ဒေါ်ကြီး၊ မြေး ၁၇ယောက်တို့၏ အဘွားသည် ၁၀–၁–၂၀၀၄ ရက် (စနေနေ့) နံနက် ၁၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၂–၁–၂၀၀၄ ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ် မည်ဖြစ်ပါကြောင်း။ (ရန်ကင်း နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးတင်ကြည် (အောင်လံ)

(ပုလဲကုမ္ပဏီ၊မန်နေဂျာ)
အသက်(၅၆)နှစ်

သရက်မြို့နေ(ဦးမိုးသီး–ဒေါ်ရွှေအုံ) တို့၏ သား၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းမြောက်ရပ်ကွက်၊ သရက်တောလမ်း၊ အမှတ် ၁၉ နေ ဦးခန့်စိန် (စစစ၊ ငြိမ်း)၊ (ဦးကိုကြီး၊ ဘဏ်၊ ငြိမ်း)၊ သရက်မြို့နေ ဦးမြင့်–ဒေါ်မြင့်မြင့်(ဘီလပ်မြေစက်ရုံ၊ ငြိမ်း) တို့၏ညီ/မောင်သည် ၉–၁–၂၀၀၄ ရက် (သောကြာနေ့) ည ၁၁း၂၀ နာရီတွင် ကွယ်လွန်ပါသဖြင့် ၁၁–၁–၂၀၀၄ ရက် မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအားအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

နော်ဒိုရင်းဖုန်း

(ပ–ဓာတ်ခွဲမှူး၊ရောဂါဗေဒဌာန)
အထွေထွေရောဂါကုဆေးရုံကြီး(ရန်ကုန်)
အသက်(၅၆)နှစ်

အမှတ်၁၉၆၀၊ ဦးဖိုးရှိန်၂လမ်း၊ တောင်သူကုန်း၊ အင်းစိန်နေ (ဦးအာသာဖုန်း)–ဒေါ်အုန်းမြတို့၏ တစ်ဦးတည်းသော သမီးသည် ၁၀–၁–၂၀၀၄ရက် ၁၁း၄၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၂–၁–၂၀၀၄ရက် နံနက်၈နာရီတွင် ကနဲမီးခရစ်ယာန်ဘုရားရှိခိုးကျောင်းတွင် ဝတ်ပြုကိုးကွယ်ပြီးရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး

ဒေါ်ထွားစိန်

အသက်(၉၀)

ရန်ကုန်မြို့၊လှိုင်မြို့နယ်၊(၇)ရပ်ကွက်၊ သံလမ်း၊ အမှတ် ၁၅ နေ (ဦးဘိုးသိန်း–ဒေါ်ကောက်)တို့၏ သမီးရွှေးမ၊ (ဦးကျော်ရ–ဒေါ်မို) တို့၏ သမီး၊ (ဦးဘိုးထား)၏ ဇနီး၊ ဦးမြလွင်–ဒေါ်ခင်ရီ၊ ဦးလှသိန်း(M.P.P.E သာကေတ)–ဒေါ်ခင်ထွေး၊ (ဦးလှိုင်ကြည်)–ဒေါ်ဝင်းရီတို့၏ မိခင်၊ မြေး ၁၅ ယောက်၊ မြစ်ကိုးယောက်တို့၏အဘွားသည်၁၀–၁–၂၀၀၄ ရက် (စနေနေ့)ညနေ ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂–၁–၂၀၀၄ ရက်(တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါ မည်။) (နေအိမ်မှကားများနံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ပုလောမြို့နယ်အသင်း(ရန်ကုန်)

ဦးဘရီ

အသင်းဝင်အမှတ်(၉၉၆)
အသက်(၇၅)နှစ်

ပလောက်မြို့၊(၁)ရပ်ကွက်၊ဘုရားကြီးလမ်းနေ(ဦးအမ္ဗိုင်–ဒေါ်ရုံးမေ) တို့၏ သား၊ ဒေါ်သန်း၏ ခင်ပွန်းသည် ၉–၁–၂၀၀၄ ရက်တွင် ကွယ်လွန်ပါ၍ ၁၁–၁–၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ပလောက်မြို့နေအိမ်မှ ပလောက်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

အမှုဆောင်အဖွဲ့။

မသိန်းသိန်းအောင်

(လျှပ်စစ်စွမ်းအား၊ရန်ကုန်တိုင်း)
အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ဒဂုံမြို့နယ်၊ယောမင်းကြီးရပ်ကွက်၊ အမှတ် ၆၀၊ ရွှေတိဂုံဘုရားလမ်း(ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)၊ အခန်းအမှတ် ၉ နေ (ဦးဖေအောင် ဒုအတွင်းဝန်၊ကာကွယ်ရေး–ဒေါ်မမကြီး ရန်ကင်းမြို့နယ် သတင်းစာကိုယ်စားလှယ်)တို့၏သမီး၊ဦးသန်းထွန်းအောင် (မှုးယစ်ဆေးဝါး တိုက်ဖျက်ရေး)–ဒေါ်ခင်သက်အေး(ငါးလုပ်ငန်း)၊ ဦးသိန်းမြင့်–ဒေါ်တင်တင် အောင် (အငြိမ်းစား၊ ဘဏ္ဍာရေးနှင့်အခွန်)၊ဦးသာထွန်းအောင် (ကက–ငွေ၊လှိုင်ကော်)–မစနီ၊ ဦးညိုထွန်း–(ဒေါ်မြင့်မြင့်အောင်)တို့၏ညီမ၊ (ဦးသိန်းကျော်)–ဒေါ်စန္ဒာအောင်(သံလွင်တံတား မော်လမြိုင်၊မုတ္တမဘက်ကမ်း)၊ မသီရိအောင်(ဆားလုပ်ငန်း)၊ ဦးဆန်နီအောင်(ဆောက်လုပ်ရေး)–ဒေါ်စုစုတင် (ဆောက်လုပ်ရေး)တို့၏ အစ်မသည် ၈–၁–၂၀၀၄ရက် ညနေ ၄ နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါ၍ ၁၂–၁–၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၄၅ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်းအမ

ဒေါ်သန်းကျင်

အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့် ရပ်ကွက်၊ သမာဓိလမ်း၊ အမှတ်၈၅၀နေ (ဦးကျင်–ဒေါ်လှရင်) တို့၏သမီး၊ ဦးတင်မြင့်၏ဇနီး၊ ဒေါ်လှကျင် (စံပြဈေး)၊ ဒေါ်မြကျင် (M.F.T.B)၊ ဒေါ်စောကျင် (M.F.T.B)၊ ဒေါ်ခင်ခင်တို့၏ အစ်မ၊ မမေဇွန်ဦး(Final Eco)၊ မခိုင်ပြည့်စုံ (အထက–၃၊တာမွေ)တို့၏ မိခင်သည် ၉–၁–၂၀၀၄ရက်(သောကြာနေ့) ညနေ ၆း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃–၁–၂၀၀၄ ရက် (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။

R. 488

ကျိုင်းတုံလေယာဉ်ကွင်းကို လေယာဉ်ကြီးများဆင်းတက်နိုင်ရေးတိုးချဲ့ပြုပြင်နေ
အတွင်းရေးမှူး(၂) ကျိုင်းတုံခရိုင်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၀

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ဇန်နဝါရီ ၈ ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထွက်ခွာကြရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့သို့ နံနက်၁၁နာရီခွဲတွင် ရောက်ရှိကြသည်။

အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များအား ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)

စာမျက်နှာ ၁၁ ကော်လံ ၁ ❁



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံဒီဂရီကောလိပ်အတွင်း ကျောင်းသားကျောင်းသူများ လေ့ကျင့်သင်ကြားနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အိမ်ရှင်နိုင်ငံအဖြစ်စည်ကားသိုက်မြိုက်စွာလက်ခံကျင်းပမည့်
အသက်(၁၄)နှစ်နှင့်အောက်အာရှဇုန်(၂)တင်းနစ်ပြိုင်ပွဲ

ရန်ကုန် ဇန်နဝါရီ ၁၀

၂၀၀၄ခုနှစ် နှစ်သစ်ကူးကာလတွင် မြန်မာအားကစားပရိသတ်များအတွက် စိတ်ဝင်စားဖွယ်ရာ စောင့်ကြိုလျက်ရှိသည့် နိုင်ငံတကာ ပြိုင်ပွဲကြီးတစ်ပွဲကား အပြည်ပြည်ဆိုင်ရာတင်းနစ်အဖွဲ့ချုပ်(ITF)နှင့် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်(TFM)တို့ ကြီးမှူး၍ ဇန်နဝါရီ ၁၂ ရက်မှ ၂၀ ရက်အထိ

စာမျက်နှာ ၁၃ ကော်လံ ၁ ☼

သတင်းဆောင်းပါး-မောင်မောင်ထွေး
ဓာတ်ပုံ-တင်ထွဋ်(TFM)နှင့်
သိန်းဝင်းလေး(မြန်မာ့အလင်း)

ယနေ့ထုတ်စောင်ရေ
၂၀၂၂၅၆

အသက်(၁၄)နှစ်နှင့်အောက် အာရှဇုန်(၂) တင်းနစ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် လာအိုမှပြိုင်ပွဲဝင်တစ်ဦး လေ့ကျင့်နေစဉ်။
ဓာတ်ပုံ-တင်ထွဋ် (TFM)

အသက်(၁၄)နှစ်နှင့်အောက် အာရှဇုန်(၂) တင်းနစ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာနိုင်ငံမှ မိုးချစ်သဲ လေ့ကျင့်စဉ်။
ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

အသက်(၁၄)နှစ်နှင့်အောက် အာရှဇုန်(၂) တင်းနစ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် မလေးရှားကစားသမားများ အကြောလျှော့ လေ့ကျင့်ခန်း ပြုလုပ်နေကြစဉ်။
ဓာတ်ပုံ-တင်ထွဋ် (TFM)

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ထူးကဲသည့်ကြယ်တာရာစုများ

ဇန်နဝါရီ ၈ရက်က ဟူဘယ်လ်အာကာသအဝေးကြည့်မှန်ပြောင်းကတစ်ဆင့် မကြုံစဖူးထူးကဲသည့် ကြယ်စု ၁၀၀၀၀ ထက်မနည်း ပါဝင်သော ကောင်းကင်ပြင်၏ ကြီးမားသည့် ဂြိုဟ်စိုင်ခဲကြီးများကို အောက်ပုံတွင်ပါသည့်အတိုင်း ဖန်တီးထားသည်ကို တွေ့ရစဉ်။ **(ဓာတ်ပုံ-ရိုက်တာ)**



ကြောက်စရာငါးမန်းကြီးများ

တောင်အာဖရိကနိုင်ငံမြို့တော် ကိပ်တောင်းမြို့ရှိ သမုဒ္ဒရာရေသတ္တဝါများပြခန်းတွင် လာရောက်ကြည့်ရှုသူတစ်ဦး ဖန်သားပြင်ကန်ကြီးအတွင်း၌ ကူးခတ်သွားနေသော ကြောက်စရာ ငါးမန်းကြီးနှစ်ကောင်ကို ဖန်သားပြင် ကန်ကြီးအောက်ခြေမှနေ၍ အပေါ်ပုံပါအတိုင်း တအံ့တသြငေးမောကြည့်ရှုခဲ့ရသည်။ **(ဓာတ်ပုံ-ရိုက်တာ)**

မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲစတင်
ဝမ်ချိုင်းနှင့်ချန်ပီယံရွှေဆိုင်းယနေ့ပြိုင်မည်

ရန်ကုန် ဇန်နဝါရီ ၁၀

မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသည့် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးကို ယနေ့မွန်းလွဲ ၂ နာရီက သုဝဏ္ဏပိုက်ကျော်ခြင်းရုံ၌ စတင်ကျင်းပသည်။

သုံးချီ ကြားပွဲ

သုံးချီ ကြားပွဲတွင် စကြာငယ်(ဒိုက်ဦး)နှင့် လျှပ်စီး(KLN)တို့ပွဲမှ စတင်ရာ သရေပွဲကျသည်။ခေါင်ဆိုင်(မကွေး)နှင့်နေနိုင်(ပျော်ဘွယ်)တို့ပွဲမှာ သရေပွဲပင်ဖြစ်သွားသည်။ အောင်ကျော်မြတ်(မြောက်ဒဂုံ)နှင့် မြတ်သူ(ရန်ကုန်)တို့ယှဉ်ပြိုင်ကြရာ ဒုတိယအချီတွင် အောင်ကျော်မြတ် လဲကျအရှုံးပေးသွားရသည်။

လေးချီ အထူးပွဲ

လေးချီအထူးပွဲတွင် ကိုဦးလေး(စည်/ပင်)နှင့်မင်းမိုးဇက်(လှိုင်သာယာ)၊ ရွှေမျိုးဝင်း(မ/ဥက္ကလာ)နှင့် သမိန်ရာဇာ(မလှိုင်)တို့ပွဲများတွင် မင်းမိုးဇက်(လှိုင်သာယာ)နှင့် သမိန်ရာဇာ(မလှိုင်)တို့ ရှုံးနိမ့်သွားကြသည်။ စောမျိုးသန်း(ဘားအံ)နှင့် မုန်တိုင်း(တွံတေး)တို့ ယှဉ်ပြိုင်ကြရာ ပူးတွဲသရေကျသွားသည်။

ငါးချီ စိန်ခေါ်ပွဲကို ရွှေကြယ်ဖြူ (ရွှေရိုးရာ)နှင့် ရာဇာ(ဒိုက်ဦး)တို့ ယှဉ်ပြိုင်ကြရာ၌ အစပိုင်းတွင် အထိုးအကန်အကျောက်ကောင်းကြသော်လည်း ရွှေကြယ်ဖြူ၏ အထိုးအကန်အကျောက်များကြောင့်

စာမျက်နှာ ၉ ကော်လံ ၃ ✾

11-1 (20).p65 1 3/25/05, 10:09 PM